# လောကပါလ

## ဥပဒေရေးရာစာစောင်



အမှတ်စဉ် – ၃၈

ဒီဇင်ဘာလ ၂၀၁၀



jrermEiia& aersm;aumip

# လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် [၃၈]

၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ

## မြန်မာနိုင်ငံရှေ့နေများကောင်စီ


ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

ထုတ်ဝေဖြန့်ချိ – မြန်မာနိုင်ငံရှေ့နေများကောင်စီ

မူပိုင် – မြန်မာနိုင်ငံရှေ့နေများကောင်စီ

မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပြူတာစာစီ – သူရိန်၊ သန်းနိုင်ထွေး



ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။


ဥပဒေ ပညာဖြင့် လူ့အဖွဲ့အစည်း၏ ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

# မြန်မာနိုင်ငံရွှေ့နေများကောင်စီ
P.O. Box 144, Mae Sot, Tak- 63110, Thailand
E-mail : blcsan@ksc.th.com, Website: www.blc-burma.org

**လောကပါလဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၃၈)၊**
**၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ**

## မာတိကာ

**စာမျက်နှာ**

(၁) ရွေးကောက်ပွဲဆိုင်ရာ

❖ မြန်မာနိုင်ငံရွှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာများ ဆွေးနွေးခြင်း ၄

❖ ရွေးကောက်ပွဲ မဲပေးသည့်နေ့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရွှေ့နေများ ကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး နှင့် ဆွေးနွေးမေး မြန်းခြင်း ၁၄

❖ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီးရင် စစ်အစိုးရနဲ့ စစ်အာဏာရှင် စနစ် ချုပ်ငြိမ်းသွားမှာလား ၁၉

❖ ရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး အသံစုံ ရှု့ဒေါင့်စုံ ထွက်လာအောင် ဖန်တည်းပေးတဲ့ အစည်းအဝေးမျိုးတွေ ပြည်တွင်းမှာ လွတ်လပ်စွာကျင်းပ ခွင့်ပေးဘို့ ဘာကြောင့် လိုအပ်သလဲ ၂၃

❖ နအဖ စစ်အစိုးရ၏ ရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၉၇/၂၀၁၀) သည်ပါတီစုံစနစ်ကို ဖျက်သိမ်းခြင်းဖြစ်ကြောင်း ဥပဒေရေးရာ ဝေဖန်သုံးသပ်ချက်။ ၂၇

❖ ရွေးကောက်ပွဲအပေါ် ပြိုင်ဘက်ပါတီတွေရဲ့အမြင် ၂၉

တရားဥပဒေစိုးမိုးရေး

❖ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်ပေါက်ရေးဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရေးအပြောင်းအလဲအတွက် အထောက်အပံ့ ရစေဖို့ ဘာကြောင့် အရေးကြီးသလဲ။ ၃၂

❖ စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်ပေါက်လာစေရေးတောင်းဆိုမှုနှင့် စပ်လျဉ်းသည့် နောက်ခံအခြေအနေများ ၃၆

# မာတိကာ

စာမျက်နှာ

❖ နိုင်ငံရေးပါတီများ မတရားမှုပြုခံရခြင်း နှင့် လွှတ်လပ်တဲ့ တရားစီရင်ရေး ၄၀

❖ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် လွှတ်တော်တွေကနေ လူထု အတွက် အကျိုးရှိမယ့်ဥပဒေတွေရေးဆွဲနိုင်ပါ မည်လား ၄၄

❖ ၂၀၁၀ ရွေးကောက်ပွဲနဲ့ဆက်စပ်ပြီး နိုင်ငံရေးပါတီစနစ်၊ တွေ့ဆုံဆွေးနွေး ရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဘယ်လိုချည်းကပ်သင့်သလဲ ၄၈

❖ ပြည်ထောင်စု ကြံ့ခိုင်ရေး နဲ့ ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းခြင်းအပေါ် ဥပဒေစိုးမိုးရေး အခြေခံမှသုံးသပ်တင်ပြခြင်း ၅၂

❖ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အာဏာအလွဲသုံးစား ပြုလုပ်နေသည့် ကြံ့ဖွံ့ပါတီအား အရေးယူပြီး ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ် ထုတ်ပြန်ချက် ၅၆

❖ လွှတ်လပ်မှုကို အရယူကြပါ ၅၈

❖ ပင်လုံ ပြီး ပင်လုံ (သို့မဟုတ်) ပြည်ထောင်စုသဘောတရားမှ လက်တွေ့သို့ ၆၃

## ရွေးကောက်ပွဲဆိုင်ရာ

# မြန်မာနိုင်ငံရှေ့ နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေရေးရာများ ဆွေးနွေးခြင်း

### အပိုင်း (၁)
### ရွေးကောက်ပွဲမိတ်ဆက်

ရွေးကောက်ပွဲဆိုင်ရာတွေကို လေ့လာဖို့၊ ၂၀၁၀ ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်ဖို့ ဘာကြောင့်အရေးကြီးသလဲ။

၂၀၁၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဆက်စပ်မှုရှိတဲ့ ဥပဒေတွေကို အကြမ်းဖျဉ်း သုံးသပ်ဆွေးနွေးခြင်း

- ၁၉၀၈ မတရားအသင်း ဥပဒေ
- ၁၉၇၅ နိုင်ငံတော်အားနှောက်ယှက် ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေ
- ၁၉၆၂ ပုံနှိပ်ထုတ်ဝေရေး ဥပဒေ၊
- ၂၀၀၄ ခုနှစ် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ၊ ဥပဒေစိုးမိုးရေး အခြေခံနှင့် ဥပဒေ၏ အနှစ်သာရများ ရှုဒေါင့်မှ မိတ်ဆက်ဆွေးနွေးခြင်း။

ဥပမာ – ချူကလီးယားကိစ္စ အီးမေးလ်နဲ့ စာပေးစာယူတွေ လုပ်ကြမယ်ဆိုရင် စတင်ဖေါ်ဆောင်ကထဲက နိုင်ငံတော်လုံခြုံရေး အခြေခံတခုတည်းသက်သက်ကနေ ချည်းကပ်လို့ မရ။

တိုင်းပြည်နဲ့ လူထုတွေ ဒီလောက်အထိ ဆင်းရဲတွင်းနက်နေချိန်မှာ ချူကလီးယား စီမံချက်ကို ဖေါ်ဆောင်သင့်မသင့် တပြည်လုံးကို ချပြဆွေးနွေးမှုတွေ လုပ်ရမယ်။

ရွေးချယ်တင်မြှောက်ခံမယ့်သူတွေ ကျုပ်တို့သာ ရွေးချယ်တင်မြှောက်မယ်ဆိုရင် အဲဒီကိစ္စကို ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲ၊ စစ်မှန်တဲ့ ရွေးကောက်ပွဲသာ ကျင်းပမယ်ဆိုရင် ဒါဟာ လူထုအတွင်းမှာ ဆွေးနွေးဖို့ အင်မတန်ကောင်းမွန်တဲ့ အကြောင်းရပ်ဖြစ်တယ်။

ဖွဲ့စည်းပုံ ပုဒ်မ ၄၄၅ ပထမစာကြောင်းအရ တိုင်းပြည်ဟာ နဝတ၊ နအဖ ရဲ့ဆောင်ရွက်ချက်တွေ တာဝန်တွေကို ဆက်ခံရမယ်။

ဖွဲ့စည်းပုံ ပုဒ်မ ၄၄၅ ဒုတိယ စာကြောင်းအရ နဝတ၊ နအဖ ဟာ ကိုယ့်ဖာသာကိုယ် လွတ်ငြိမ်းခွင့်ပေးထားတယ်။ ဒါဟာ နိုင်ငံတကာ ဥပဒေနဲ့ မညီဘူး။ ရွေးကောက်ခံမယ့် ပုဂ္ဂိုလ်တွေ ခင်ဗျားတို့ကိုသာ ရွေးချယ်တင်မြှောက်မယ်ဆိုရင် ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲ။ ရွေးကောက်ပွဲပြီးရင် ချူကလီးယားစီမံချက်ကို ဆက်လုပ်မလား။

ဖွဲ့စည်းပုံ ပုဒ်မ ၄၄၅ ဒုတိယ စာကြောင်းအရ လွှတ်ငြိမ်းခွင့် ပေးထားတာဟာ နဝတ၊ နအဖ အဖွဲ့ဝင်တွေအတွက်သာ ဖြစ်တယ်။ နိုင်ငံတကာ အဆင့်ရှိတဲ့ ပြစ်မှုကြီးတွေကို ကွင်းထဲမှာ လက်တွေ့ဆင်းပြီး ကျူးလွန်ကြတဲ့ အခြား စစ်ဗိုလ်၊ အကြီးအငယ်တွေကို လွှတ်ငြိမ်းခွင့်ပေး မထားဘူး။

## အပိုင်း (၂)
## ရွေးကောက်ပွဲကော်မရှင်အကြောင်း ဆွေးနွေးချက်

*(ဘာကြောင့် ရွေးကော်ပွဲကော်မရှင် လွတ်လပ် သမာသမတ်ကျဖို့လိုကြောင်း၊ လက်ရှိရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တွေ အီးယူနာမည်ပျက်စာရင်းဝင်နေ၊ ရွေးကောက်ပွဲ ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်၊ ဒီမိုကရေစီစနစ်မှာ သူတို့ကဘယ်သူ့ကို တာဝန်ခံရတာလဲ၊ ၁၉၉၀ ရွေးကောက်ပွဲကော်မရှင်နဲ့ နှိုင်းယှဉ်ချက်၊)*

- ❖ ပုဂ္ဂိုလ်တဦးတည်း၏ အခွင့်အာဏာဖြင့် ဖွဲ့စည်းခွင့် ပြုထားခြင်း — ဖွဲ့စည်းပုံ ပုဒ်မ ၃၉၈ (က)

- ❖ ရွေးကောက်ပွဲ ဆိုင်ရာ အငြင်းပွားမှုများကို အပြီးသတ် ဆုံးဖြတ်ခွင့် ပြုထားခြင်း — ဖွဲ့စည်းပုံ ပုဒ်မ ၃၉၉ (ဆ)

ရွေးကောက်ပွဲမသမာမှုများအပေါ် အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားစီရင်ရေး၏ အခန်းကဏ္ဍကို လုံးဝပယ်ရှားထားခြင်း

နအဖ က ရွေးကောက်ပွဲ မသမာမှု ကျူးလွန်ခြင်းများအပေါ် ပြည်တွင်းတွင် အရေးယူဆောင်ရွက်နိုင်မည့် အနေအထား၊ အခွင့်အာဏာနှင့် အာဏာပိုင်အဖွဲ့အစည်း လုံးဝကင်းမဲ့လျက်ရှိခြင်း

## အပိုင်း (၃)
## ဒီမိုကရေစီရွေးကောက်ပွဲနဲ့ နိုင်ငံရေးပါတီတွေရဲ့ အရေးတကြီး ဆက်စပ်နေပုံ

(နိုင်ငံရေးပါတီတွေအားကောင်းမှ ပါတီစုံဒီမိုကရေစီစနစ် အားကောင်းနိုင်ပုံကို နိုင်ငံတကာအတွေ့အကြုံတွေအရ ရှင်းပြသင့်၊ မြန်မာနိုင်ငံက အခြေအနေတွေနဲ့ နှိုင်းယှဉ်ပြ)

## အပိုင်း (၄)
## Level playing field ခေါ် ရွေးကောက်ပွဲဝင်မဲ့ နိုင်ငံရေးပါတီတွေနဲ့ ကိုယ်စားလှယ်တွေ တန်းတူအခွင့်အရေး ရှိရမဲ့အကြောင်း ဆွေးနွေးချက်

(တန်းတူအခွင့်အရေးနဲ့ ပတ်သက်လို့ နိုင်ငံတကာစံတွေကို ထောက်ပြသင့်၊ မြန်မာနိုင်ငံမှာ တန်းတူအခွင့်အရေး ဘယ်လောက်ကင်းမဲ့နေသလဲဆိုတာတွေ ဆွေးနွေးသင့်၊ USDP က နအဖ ကျောထောက်နောက်ခံ ရထားပုံ၊ တခြားပါတီတွေ ကန့်သတ်ခံထားရပုံတွေအကြောင်း ဆွေးနွေးသင့်)

- ❑ တန်းတူညီမျှမှုအခွင့်အရေး ရရှိဖို့ ဘာကြောင့်အရေးကြီးသလဲ။

- ❑ တန်းတူညီမျှမှုကို အာမခံတဲ့နေရာမှာ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေ၊တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေရဲ့ ခနအင်အား၊ တိုင်းပြည်ရဲ့ ထောက်ပံ့မှု တိုင်းပြည်က ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အသုံးချပိုင်ခွင့် စတာတွေမှာ အခြေခံအားဖြင့် တူညီတဲ့ အခွင့်အလမ်းတွေ ရဖို့လိုတယ်။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုဆိုင်ရာ ရံပုံငွေကို ရှင်းရှင်းလင်းလင်းထားရှိသုံးစွဲဖို့၊ စနစ်တကျ စာရင်းစစ်ဆေးဘို့၊ စာရင်းစစ်ရဲ့ အစီရင်ခံစာ တင်သွင်းဖို့ လိုအပ်တယ်။

၂၀၁၀ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၂) မှာ ရွေးကောက်ပွဲ ကုန်ကျစရိတ်များဆိုပြီး ဖော်ပြပါရှိ။

**အဲဒီ ဥပဒေရဲ့ အပုဒ် ၅၅ မှာ**
*ရွေးကောက်ပွဲ ကိုယ်စားလှယ်သည် သက်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ကုန်ကျစရိတ်များကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စနစ်တကျ ထိမ်းသိမ်းထားရှိရမည်။ သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ကော်မရှင်သို့ တင်ပြရမည်။*

သတ်မှတ်ထားသည့် နည်းလမ်း ဆိုတာဘာလဲ။
ရွေးကောက်ပွဲ ဥပဒေမှာလည်း မပါရှိ။ နည်းဥပဒေမှာလဲ မပါရှိ။

နည်းဥပဒေ အပုဒ် (၇၃) အရ ရွေးကောက်ပွဲ ကုန်ကျစရိတ်တွေကို
- မိမိကိုယ်ပိုင်ငွေနဲ့ ဖြစ်ဖြစ်
- ပြည်တွင်းရှိ နိုင်ငံသား တဦးချင်းစီက လှူဒါန်းငွေနဲ့ဘဲဖြစ်ဖြစ်
- ကုမ္ပဏီ ဒါမှမဟုတ် ကုမ္ပဏီ အစုအဖွဲ့တွေက ထည့်ဝင်လှူဒါန်းတဲ့ ငွေနဲ့ ဘဲဖြစ်ဖြစ်၊
- သက်ဆိုင်ရာ ပါတီ အဖွဲ့ အစည်းတွေက ထောက်ပံ့ငွေနဲ့ ဘဲဖြစ်ဖြစ် ကျခံနိုင်တယ် ဆိုတာကို ဖော်ပြထားတယ်။

**နည်းဥပဒေ အပုဒ် (၇၃) အရ** မိမိကိုယ်ပိုင်ငွေနဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ်တွေကို သုံးခွင့်ရှိတယ်၊ **အပုဒ် (၇၄) အရ** ငွေကျပ် သိန်းတရာအထိ သုံးစွဲခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားပေမယ့် အဲဒီ ငွေကျပ်သိန်းတရာက ဘယ်ကရလာတဲ့ ငွေလဲဆိုတာ ဖော်ပြစရာမလိုဘူး။ တရားဝင် ငွေ ဟုတ် မဟုတ်၊ အခွန်ဆောင်ထားပြီးသား ငွေ ဟုတ် မဟုတ် ရှင်းစရာမလိုဘူး။ ဒါကြောင့် မိမိကိုယ်ပိုင်ငွေနဲ့ ရွေးကောက်ပွဲ ကုန်ကျစရိတ်တွေကို သုံးခွင့်ရှိတယ်ဆိုတာဟာ လုံးဝကို ရှင်းရှင်းလင်းလင်း မရှိဘူး။

ရှင်းရှင်းလင်းလင်း မရှိတဲ့ပြဿနာက ရွေးကောက်ပွဲနဲ့ ရွေးကောက်ပွဲ ရံပုံငွေ တခုတည်း ကွက်ကွက်ကလေးကို ကြည့်လို့မရဘူး။ အစိုးရရဲ့ တိုင်းပြည်ဘဏ္ဍာငွေ လည်ပတ်သုံးစွဲပုံကို ကြည့်ဖို့လိုတယ်။ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီ တခုခြင်းစီအတွင်းမှာ ပါတီရံပုံငွေတွေကို ထိမ်းသိမ်း လည်ပတ်သုံးစွဲပုံစနစ်ကို လေ့လာဖို့လိုမယ်။ တိုင်းပြည်ရဲ့ အခြားနေရာတွေမှာ ငွေကြေးလည်ပတ် သုံးစွဲပုံကို ကြည့်ဖို့လိုတယ်။

နအဖ အစိုးရမှာ ငွေတွေဘယ်လောက်ရှိပြီး ဘာတွေကို လည်ပတ်သုံးစွဲနေတယ် ဆိုတာကို ဘယ်သူမှ မသိဘူး။ မေးခွင့်လည်း မရှိဘူး။

ကိုယ်စားလှယ်တဦးကို ကျပ်သိန်းတရာ သုံးစွဲခွင့်ရှိတယ်။ ဆယ်ဦးအတွက် ကျပ်သိန်းတထောင်၊ ကိုယ်စားလှယ်လောင်း ဦးရေ ၁၀၀ အတွက် ကျပ်သိန်းတသောင်း ကုန်ကျမယ်။

ဒီတော့ အခုရွေးကောက်ပွဲဝင်မယ့် ဦးသိန်းစိန်၊ နအဖ ဝန်ကြီးချုပ် ဦးသိန်းစိန်က တိုင်းပြည်ဘဏ္ဍာငွေထဲကနေ ကျပ်သိန်းတသောင်း ထုတ်ယူ၊ ကြံ့ဖွံ့ကိုယ်စားလှယ်လောင်းတဦးစီကို ခွဲဝေပေး၊ ကိုယ်ပိုင်ငွေအနေနဲ့ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေ လုပ်မယ်ဆိုရင် လူထုအနေနဲ့ တရားဝင် သိခွင့်ရှိမယ့် ဥပဒေပြဋ္ဌာန်းချက် တခုမှ မပါဘူး။

ကြံ့ဖွံ့အသင်းအတွင်းမှာ အသင်းဝင်တွေအနေနဲ့ အသင်းရဲ့ ရံပုံငွေလည်ပတ်သုံးစွဲပုံကို မေးမြန်းခွင့်၊ သိရှိခွင့်ကို ဖော်ဆောင်နိုင်မယ့် ပြဋ္ဌာန်းချက်မျိုး မရှိဘူး။

ထိုင်းနိုင်ငံမှာ သတင်းဆိုင်ရာ ဥပဒေ ဆိုတာရှိတယ်။ ထိုင်းလူထုတွေအနေနဲ့ မေးမြန်းခွင့်၊ သိရှိခွင့် ရှိတယ်။ ထိုင်း သတင်းဌာနတွေဟာ လွတ်လပ်ကြတယ်။ ထိုင်းနိုင်ငံမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဆိုတာ ရှိတယ်။ ဒါပေမယ့် ထိုင်းရဲ့ နိုင်ငံရေးပါတီတွေ တခုချင်း အတွင်းစီမှာ ပါတီရံပုံငွေတွေကို လက်ခံ၊ ထိမ်းသိမ်း၊ လည်ပတ်သုံးစွဲပုံ၊ ပါတီ ရံပုံငွေတွေကနေ ရွေးကောက်ပွဲ ရံပုံငွေအဖြစ်ကို ပြောင်းလဲသုံးစွဲပုံတွေနဲ့ ပတ်သက်လို့ ဥပဒေ အတိအကျ မရှိဘူး။ ဒီတော့ ပါတီရံပုံငွေတွေကို အဓိက စီမံခန့်ခွဲသူတွေက ထိပ်ပိုင်းက အလုပ်အမှုဆောင်အဖွဲ့သာဖြစ်တယ်။ ထိုင်းနိုင်ငံရဲ့ ပါတီနိုင်ငံရေးစနစ်ကို အကြီးအကျယ် ထိခိုက်နေတာဟာ ပါတီတွေ၊ အထူးသဖြင့် “ထပ်ကဆင်” ဦးဆောင်တည်ထောင်ခဲ့တဲ့ ထိုင်းရပ်ထိုင်း ပြည်သူ့စွမ်းအားပါတီ အစရှိတဲ့ ပါတီတွေဟာ ပါတီရံပုံငွေတွေကိုသုံးပြီး မဲဝယ်ကြတာကြောင့် အဓိက ဖြစ်တယ်။

ရွေးကောက်ပွဲ ဥပဒေတွေထဲမှာ ရွေးကောက်ပွဲရံပုံငွေကို ဘယ်သူတွေ ဘယ်အဖွဲ့အစည်းတွေဆီက ရယူခွင့်ရှိတယ်၊ ဘယ်သူတွေ ဘယ်အဖွဲ့အစည်းတွေဆီက ရယူခွင့်မရှိဘူး ဆိုတာတွေ ပါရှိရမယ်။

- နိုင်ငံရေးပါတီတွေဟာ သူတို့ရဲ့ ရံပုံငွေတွေ ဘယ်ကနေ ရရှိတယ်ဆိုတာကို စနစ်တကျ မှတ်တမ်းတင်ရမယ်။ တင်ပြရမယ်။ အဲသလို မလုပ်ဆောင်ရင် ပြစ်ဒဏ်စီရင်မယ် ဆိုတာကို ဥပဒေထဲမှာ ထည့်သွင်းပြဌာန်းရမယ်။

- တိုင်းပြည်ကနေ ရွေးကောက်ပွဲဝင်မယ့် နိုင်ငံရေးပါတီတွေ၊ တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေကို ငွေကြေးထောက်ပံ့ဖို့ လိုတယ်။ အမေရိကန်ပြည်ထောင်စု ဖက်ဒရယ် မဲဆွယ်စည်းရုံးမှု ၁၉၇၁ ခုနှစ် ဥပဒေအရ အရည်အချင်းပြည့်မှီတဲ့ သမတ လောင်းတွေကို ဒေါ်လာ ၅၀၀၀၀ စတင် ချီးမြှင့်ခဲ့တယ်။ နောက်ပိုင်းမှာ အဓိကကျတဲ့ နိုင်ငံရေးပါတီတွေကို ဒေါ်လာ နှစ်သန်း၊ ၂၀၀၄ ခုနှစ်ရောက်တော့ ဒေါ်လာ ၁၄ ဒသမ ၉ သန်း။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးတဲ့နေရာမှာ နိုင်ငံရေးပါတီ တခုနဲ့ အခြားတခုအကြား ကိုယ်စားလှယ်လောင်းတဦးနဲ့ အခြားတဦးအကြား တန်းတူအခွင့်အရေး ရရှိရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ၊ နိုင်ငံရေးပါတီတွေနဲ့ ကိုယ်စားလှယ်လောင်းတွေ ရွေးကောက်ပွဲရံပုံငွေတွေ ရယူလက်ခံတဲ့နေရာမှာ ရှင်းရှင်းလင်းလင်းရှိဖို့ စာရင်းစစ်က ဘယ်လိုစစ်ဆေးတင်ပြရမယ် ဆိုတာတွေ၊ အဲဒါတွေကို ချိုးဖောက်ရင် ဘယ်လိုပြစ်ဒဏ်စီရင်မယ် စတာတွေကို နအဖရဲ့ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေတွေမှာ ပြဋ္ဌာန်းချက် ဘာတခုမှ မတွေ့ရဘူး။

## အပိုင်း (၅)
## ကိုယ်စားလှယ်လောင်းသတ်မှတ်ချက်နဲ့ ကိုယ်စားလှယ်တွေအကြောင်း ဆွေးနွေးချက်၊

(လွှတ်တော်ကိုယ်စားလှယ်လောင်း၊ သမတလောင်းတွေနဲ့ ပတ်သက်လို့ နိုင်ငံတကာစံတွေနဲ့ မြန်မာနိုင်ငံက သတ်မှတ်ချက် ကွဟချက် ကြီးမားနေပုံကို ထောက်ပြရှင်းလင်းသင့်၊ နိုင်ငံရေး အကျဉ်းသား ၂၀၀၀ ကျော် မတရားကန့်သတ်ခံရပုံကို ထောက်ပြ၊)

❑ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၉၆ (က) အရ ရွေးကောက်ခံရပြီးနောက် အလွှယ်တကူ အဖြုတ်ခံရမယ့် အခြေအနေ။

❑ ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၅ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော် အမတ်တွေ –

(က) အစိုးရဌာန တခုခုမှာ ရာထူးနေရာ ယူတာ၊

(ခ) တိုင်းပြည်၊ အစိုးရဌာန၊ အစိုးရလုပ်ငန်းတခုခုကနေ ခံစားခွင့် ရယူတာ၊ စီးပွားရေး လုပ်ငန်းတခုခုမှာ အစုရှယ်ယာဝင် အနေနဲ့ ပါဝင်တာ၊

(ဂ) အစိုးရဌာန၊ အစိုးရလုပ်ငန်းတခုခုကနေ ငွေကြေးနဲ့ အခြားအကျိုးအမြတ်ကို အထူးတလည်ခံစားရယူတာ၊
(ဃ) သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားလွှင့်ရုံ တခုခုကို ပိုင်ဆိုင်တာ၊ အစုရှယ်ယာဝင်ရောက်ထားတာ၊

ပုဒ်မ (၂၇၀) ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ၊ အထက်နဲ့ အောက် လွှတ်တော်ကိုယ်စားလှယ်တွေ၊ တရားရုံးချုပ် သုံးရုံးရဲ့ ဥက္ကဋ္ဌ တွေဟာ လာဘ်စားပြီးတော့ဘဲ ဖြစ်ဖြစ်၊ သူ့ရဲ့ရာထူးတာဝန်ကို တလွဲအသုံးချပြီးတော့ဘဲဖြစ်ဖြစ် မတရားချမ်းသာလာတဲ့ အနေအထားတွေကို တွေ့လာရတယ်ဆိုရင်။

ပုဒ်မ (၂၇၁) အောက်လွှတ်တော် ကိုယ်စားလှယ်ဦးရေရဲ့ လေးပုံတပုံ (ဒါမှမဟုတ်) အထက်လွှတ်တော် ကိုယ်စားလှယ် ဦးရေရဲ့ လေးပုံတပုံ (ဒါမှမဟုတ်) မဲဆန္ဒရှင် နှစ်သောင်းက လက်မှတ်ရေးထိုးပြီး အထက်လွှတ်တော် ဥက္ကဋ္ဌ ဆီမှာ တင်သွင်းခွင့်ရှိတယ်။

ပုဒ်မ (၂၇၂) အထက်လွှတ်တော် ဥက္ကဋ္ဌက အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဆီကို ပြန်ပို့။

## အပိုင်း (၆)
## မဲဆွယ်စည်းရုံးခြင်းနဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်

(မဲဆွယ်စည်းရုံးခွင့်အရေးပါပုံနဲ့ နိုင်ငံတကာမှာ လုပ်ဆောင်နေပုံတွေအကြောင်း ရှင်းပြသင့်၊ မြန်မာနိုင်ငံက လက်ရှိဥပဒေတွေက ကန့်သတ်ချက်ဖြစ်နေပုံ၊ သတင်းမီဒီယာတွေရဲ့ အရေးပါပုံတွေ ဆွေးနွေးသင့်)

- ❑ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု အထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ရေး (လက်ကမ်းစာစောင်၊ ဆိုင်းဘုတ်၊ အလံတံခွန်၊ ရွေးကောက်ပွဲ စာစောင်)

- ❑ ရေဒီယိုမှ အသံလွှင့်ခွင့်

- ❑ ရုပ်မြင်သံကြားမှ ရှင်းလင်းပြောကြားခြင်း

- ❑ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း

- ❑ သတင်းမီဒီယာတွေရဲ့အရေးပါမှု၊ ဘက်မလိုက်ဘဲ သတင်းရေးပေးဖို့၊ အချိန်တွေကို ညီမျှစွာပေးဖို့၊ ဖောက်ဖျက်ရင် ပြစ်ဒဏ်ပေးတဲ့ ဥပဒေ ရှိဖို့လို။ ကြံ့ဖွံ့အသင်းနဲ့ တစည တို့ရဲ့မူဝါဒတွေ၊ မဲဆွယ်လှုပ်ရှားမှုတွေ အကြောင်းချည်းပဲ ဖော်ပြလို့မရဘူး။

❑ (ဖြိတိန်နိုင်ငံ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ၂၀၀၀ ခုနှစ် ဥပဒေ)

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုလုပ်ဖို့၊ လူထုနဲ့တွေ့ဆုံဆွေးနွေးပွဲ ကျင်းပဖို့ နေရာထိုင်ခင်း စီစဉ်ပေးခြင်း၊ စာသင်ကျောင်းလို နေရာမျိုးတွေမှာ ရွေးကောက်ပွဲ ကျင်းပမယ့် ရက်မတိုင်ခင် (၂၈) ရက်အလိုကာလအတွင်း

❑ (ထိုင်ဝမ် သမတ ရွေးကောက်ပွဲ ဥပဒေ ၁၉၉၅)

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုဌာနချုပ်တွေ တည်ထောင်ထားရှိခွင့်

နံနက် ၇ နာရီမှ ည ၁၀ နာရီအတွင်း မဲဆွယ်စည်းရုံးလုပ်ရှားခွင့်

❑ အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှု ဥပဒေ ၁၉၇၁ တူညီတဲ့အခွင့်အလမ်း လိုအပ်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်တွေ၊ ပုံနှိပ်ထုတ်ဝေရာမှာ ဆင်ဆာမလုပ်ဖို့ ပိတ်ပင်တာတွေ၊ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာမှာ နေရာထိုင်ခင်း အသုံးပြုမှု ခွင့်ပြုချက်တွေ အသံလွှင့်ဌာနတွေကို တူညီစွာ အသုံးပြုခွင့် ပြဋ္ဌာန်းချက်တွေ

## အပိုင်း (၇)
## မဲဆန္ဒရှင်များအကြောင်း ဆွေးနွေးချက်

(မဲပေးခွင့်ရှိသူ၊ မဲမပေးခွင့်ရှိသူများ သတ်မှတ်ပုံ၊ မဲဆန္ဒရှင်စာရင်းပြုစုပုံတွေကို နိုင်ငံတကာ အတွေ့အကြုံများအရ ဆွေးနွေးသင့်၊ မဲဆန္ဒရှင်တွေရဲ့ အခွင့်အရေးထဲမှာ မဲမပေးပဲနေခွင့် ပါမပါ၊ မကြာသေးခင်က ဒေါ်စုပြောခဲ့တာကို ဆွေးနွေး၊ ရွေးကောက်ပွဲ အထမြောက်အောင် မဲဆန္ဒရှင် ဘယ်လောက်ရာနှုန်း မဲပေးဖို့လို)

(က) မဲစာရင်း အတိအကျ မရှိခြင်း၊

(ခ) မဲပေးခွင့်မရသင့်သူများ ရနေခြင်း၊

ယာယီသက်သေခံလက်မှတ်ကိုင်ဆောင်ထားသူများ၊

၂၀၁၀ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၆) (က)

(ဂ) မဲပေးခွင့် ရသင့်သူများ ဆုံးရှုံးနေခြင်း၊

- ရွှေ့ပြောင်းအလုပ်သမားများ၊
- ပြည်တွင်းအခြေမဲ့ နေထိုင်ကြရသူများ၊
- ဒုက္ခသည်များ၊
- ထောင်ကျခံနေရသူ

၂၀၁၀ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၇)(ခ)

## အပိုင်း (၈)
## ဝန်ထမ်းများ၊ စစ်တပ်၊ လက်ရှိဝန်ကြီးများနဲ့ ရွေးကောက်ပွဲ

(ဝန်ထမ်းများ ပါတီနိုင်ငံရေးမှာ ပါဝင်ပတ်သက်ရေးနဲ့ ပတ်သက်လို့ နိုင်ငံတကာက စံနှုန်းတွေအကြောင်း၊ မြန်မာနိုင်ငံက စံနှုန်းအကြောင်း၊ လက်ရှိ နအဖ ဝန်ကြီးတွေ၊ စစ်ဗိုလ်ချုပ်တွေ လူလည်ကျပုံအကြောင်းတွေ ဆွေးနွေးသင့်)

## အပိုင်း (၉)
## မဲရေတွက်ပုံ၊ ထုတ်ပြန်ကြေညာခြင်းနှင့် ရွေးကောက်ပွဲကို စောင့်ကြည့်ခြင်း အရေးပါပုံ၊

(မဲရေးတွက်မှုနဲ့ ထုတ်ပြန်ကြေညာခြင်းကို လက်ဝါးကြီးအုပ်ခြင်းဖြင့် မသမာမှုများ ဘယ်လို လုပ်နိုင်သလဲဆိုတဲ့ ဆွေးနွေးချက်၊ နိုင်ငံတကာ အတွေ့အကြုံများအရ ဆွေးနွေးပြသင့်)

(က) ရှင်းရှင်းလင်းလင်းရှိမှု
(ခ) မဲများနှင့် မဲပုံးများ၏ လုံခြုံမှု
(ဂ) ကျွမ်းကျင်ပိုင်နိုင်မှု
(ဃ) လျှို့ဝှက်မှု
(င) အချိန်မီ ဖော်ဆောင်နိုင်မှု

- ရဲတွေကို သင်တန်းပေးခြင်း။
- ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်မည့် လူထုများ၊ အဖွဲ့အစည်းများကို လေ့ကျင့်သင်ကြားပေးခြင်း။
- မဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲပညာပေးရေး အစီအစဉ်များ ဖော်ဆောင်ခြင်း။ (မဲပေးပိုင်ခွင့်၊ မဲပေးသည့် လုပ်ငန်းစဉ်များ၊ မဲပေးပုံပေးနည်း၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းများအပေါ် တိုင်တန်းခြင်းစသည့်)
- မဲရုံတွင် တာဝန်ယူမည့် ပုဂ္ဂိုလ်များ၊ လုပ်အားပေးများကို လေ့ကျင့်သင်ကြားပေးခြင်း။
- နိုင်ငံတကာ အကူအညီကို ရှာဖွေခြင်း။
- နိုင်ငံတကာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ခြင်း။
- ပြည်တွင်း ရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့များ။

## အပိုင်း (၁၀)
## ရွေးကောက်ပွဲအမျိုးမျိုးအကြောင်း ဆွေးနွေးချက်

(၂၀၁၀ မှာ ကျင်းပမယ့် ရွေးကောက်ပွဲ အမျိုးအစားများလှ၊ လူထု နားရှုပ်နိုင်၊ ရှင်းပြဖို့လို အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်တိုင်းဒေသကြီး လွှတ်တော်၊ သမတ ရွေးကောက်ပွဲတွေအကြောင်း ရှင်းပြသင့်၊ အယင်ကဆို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ တမျိုးသာ ပြည်သူတွေသိခဲ့)

## အပိုင်း (၁၁)

ရွေးချယ်တင်မြှောက်ပုံစနစ်ရဲ့ အရေးပါပုံ၊ မဲများသူနိုင်စတမ်း (First Pass the Post)၊ မဲအများစုစနစ် (Majority System)၊ အချိုးကျ ကိုယ်စားပြုစနစ် (Proportional Representation) အမျိုးမျိုးအကြောင်း မိတ်ဆက်မှု ရှင်းပြသင့်၊ အမျိုးသားလွှတ်တော် ရွေးချယ်တင်မြှောက်ပုံစနစ်၊ ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပုံစနစ်၊ ပြည်နယ် တိုင်းဒေသကြီး လွှတ်တော် ရွေးချယ်ပုံစနစ်များအကြောင်း ဆွေးနွေးဖို့လို၊ မဲဆန္ဒနယ်များအကြောင်း ရှင်းပြဖို့လို)

## အပိုင်း (၁၂)
## သမတ ရွေးချယ်တင်မြှောက်ပွဲ အထူးဆွေးနွေးချက်

(သယ်အချိန်မှာ သမတ ရွေးမှာလဲ၊ သမတလောင်း ရွေးချယ်မှုမှာ ဖြစ်လာနိုင်တဲ့ ကစားကွက်တွေ၊ စစ်တပ်က ဒု သမတ တဦး အလိုအလျောက် ရွေးထားပြီးသားဖြစ်၊ မသိသေးတာတွေဖော်ထုတ် ဆွေးနွေးသင့်)

## အပိုင်း (၁၃)
## အစိုးရစနစ်နဲ့ အစိုးရဖွဲ့စည်းခြင်း၊

(အစိုးရ စနစ်အမျိုးမျိုးအကြောင်း ဆွေးနွေးသင့်၊ Parliamentary System၊ Presidential System၊ မြန်မာနိုင်ငံမှာ ကျင့်သုံးမယ့်စနစ်ကို တခြား ကမ္ဘာ့နိုင်ငံတွေနဲ့ တူတာ၊ မတူတာ နှိုင်းယှဉ်ချက်များ ဆွေးနွေးသင့်၊ မြန်မာနိုင်ငံက စနစ်ဟာ ဒီမိုကရေစီစနစ်နဲ့ ညီသလား၊ မညီသလား ဆွေးနွေးသင့်၊)

## ရွေးကောက်ပွဲများတွင် တရားစီရင်ရေး၏ အခန်းကဏ္ဍနှင့် ကြီးကြပ်မှု

Society may also advocate an expanded role for judges through judicial supervision of elections, as has occurred not only in the US but also in many countries in Europe. There, when the public has lost its confidence in other branches of government, judicial intervention in the political arena has proven acceptable to the public.[1] When elections are convened, judges can play a role by securing an equal platform for the candidates[2] and promoting the values of basic fairness and ethics[3] while exercising stricter supervision of electoral regularity,[4] campaign finance laws and regulations,[5] and the good standing of candidates. Robert Badinter, former President of the Constitutional Council of France, stated as follows:

> ....the more you open up the possibility of criminal prosecutions and the more powerful is the threat. In France as in Italy, indeed as in all Western nations, the opening of a criminal prosecution against a very important politician is itself sufficient to ruin his career. In the eyes of the public, no presumption of innocence prevails. The fact

> that a judge has decided to investigate what has happened, the fact that the judge has found that corruption is possible, that is enough to lead the public to conclude that corruption exists. The fellow is politically wounded, if not dead.[6]

နိဂုံးချုပ် ၂၀၁၀ ရွေးကောက်ပွဲဟာ လွတ်လပ်တရားမျှတမှု ရှိရလား၊ လွတ်လပ် တရားမျှတမှုရှိအောင် ဘာတွေ အနည်းဆုံး ပြုပြင်ဖို့လိုသလဲ...။

---

(Footnotes)

[1] "Judges in Contemporary Democracy: An International Conversation" Edited by Robert Badinter and Stephen Breyer, New York University Press, 2004, p.132

[2] Ibid. p. 126.

[3] Ibid. p. 131.

4 Ibid. p. 146.

5 Ibid. p. 147-149

6 Ibid. p. 160.

## ရွေးကောက်ပွဲ မဲပေးသည့်နေ့ နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး နှင့် ဆွေးနွေးမေးမြန်းခြင်း

- ❑ မဲပေးပိုင်ခွင့် ရှိသူများ စာရင်း၊ Voter turn-out ကို ဘယ်လို စစ်ဆေးမလဲ။
- ❑ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်တွေကို ဘယ်လို စောင့်ကြည့်မလဲ။
- ❑ တပြည်လုံး မဲပေးခွင့် ရှိသူဦးရေ ၂၉ သန်းလက်တွေ့လာရောက်မဲပေးသူဦးရေနဲ့ ရွေးကောက်ပွဲ အထမြောက်တဲ့ ကိစ္စ။
- ❑ မိမိတို့ မဲရုံတခုခြင်းစီမှာ မဲပေးခွင့်ရှိသူဦးရေ ဘယ်လောက်ဆိုတာ ဘယ်လိုသိအောင် လုပ်မလဲ။
  မဲစာရင်း မိတ္တူလိုချင်ရင် ငွေ ကျပ်နှစ်ရာ ၁၅ (ခ)၊
  မဲစာရင်းနှင့် လက်တွေ့ရှိနေသူများကို တိုက်ဆိုင်စစ်ဆေးခြင်း၊
- ❑ နည်းဥပဒေ အခန်း (၃) ပုဒ်မ (၈)
  (ရပ်ကွက် သို့ မဟုတ် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲသည် မဲစာရင်းများကို ရွေးကောက်ပွဲ မကျင်းပမီ ကော်မရှင်က သတ်မှတ်သည့်အတိုင်း ကြိုတင်၍ကြေညာ ရမည်။)
- ❑ နည်းဥပဒေ ၁၄ (ဂ) မဲစာရင်းမှာ အမည်တွေထပ်နေတာ ရှိသလား။
- ❑ မဲပေးခွင့်ရှိသူတဦးအမည်ကို မဲစာရင်းကနေ တမင်ပယ်ဖျက်ထားတာမျိုး၊ မဲပေးခွင့် မရှိသူတဦးအမည်ကို မဲစာရင်းမှာထည့်ပြီး မဲပေးခွင့် ပြုတာမျိုး ကော်မရှင်ကနေ လုပ်ဆောင်တာ ရှိသလား။
- ❑ ကော်မရှင်က မဲလက်မှတ်တွေ ထုတ်လုပ်၊ ထိမ်းသိမ်း၊ သိုလှောင်၊ လွှဲပြောင်းမှုတွေ လုပ်ဆောင်ရာမှာ မသမာမှုတွေ ရှိသလား။

### မဲရုံရဲ့အနေအထား၊ လျှို့ဝှက်မဲပေးနိုင်တဲ့ အခြေအနေ၊ မဲဆွယ်ခြင်း၊ မဲဝယ်ခြင်း

- မဲပေးတဲ့နေ့ မတိုင်ခင်ကထဲက မဲရုံကို စောင့်ကြည့်ဖို့ ဘာကြောင့် လိုအပ်သလဲ။
- ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုတွေကို ဘယ်ပါတီတွေက ဘယ်အချိန်အထိ လုပ်နေကြ သလဲ။
- မဲပေးနိုင်ဖို့ မဲဆန္ဒရှင်တွေကို သယ်ယူပို့ဆောင်ရေး လုပ်ပေးနေသူတွေ ရှိသလား၊ အစားအသောက် ဖြည့်ဆည်းပေးနေသူတွေ ရှိသလား။
  ပြည်သူ့ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ (၅၀) အရ

*(ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးကို မတရားသဖြင့် ရရှိစေရန် ကျေးဇူးတုန့် ပြန်သည့်အနေဖြင့် ငွေ၊ ကုန်ပစ္စည်း၊ အစားအသောက်၊ ရာထူး၊ အလုပ်အ ကိုင်နေရာရွှေ့ပြောင်းမှုစသည့် နည်းလမ်းတစ်ခုခုကို အသုံးပြုလျက် လာဘ်ပေး ခြင်းလာဘ်ယူခြင်း)*

- မဲရုံဖွင့်တဲ့ ပိတ်တဲ့ အချိန်၊ မဲရုံ မဖွင့်ခင်နဲ့ မဲရုံပိတ်ပြီးတဲ့အခါမှာ ရှိနေတဲ့ မဲရုံအခြေ အနေတွေ၊

– နံနက် ခြောက်နာရီမှ ညနေ လေးနာရီ မဲရုံပတ်ဝန်းကျင်မှာ လက်နက်ကိုင် လုံခြုံရေးတွေ၊ အခြားလက်နက်ကိုင်တွေ ရှိသလား၊ ဘယ်သူတွေလဲ၊ ဘယ်လို အနေအထားမျိုးနဲ့ ရှိနေတာလဲ။
– (မဲရုံနဲ့ ကိုက်တရာလောက်အတွင်းမှာ) ကိုယ်လိုချင်တဲ့ နိုင်ငံရေးပါတီကို မဲထည့်ပေးဖို့ မဲဆွယ်နေတာတွေ ရှိသလား။
– ညနေ လေးနာရီထိုး မဲရုံမပိတ်ခင်မှာ ဘယ်ပါတီ ဘယ်ကိုယ်စားလှယ်ကတော့ အနိုင်ရသွားပြီရယ်လို့ ပြောဆိုနေသူတွေ ရှိသလား။
– မဲပေးခွင့်ရှိတဲ့ သက်သေခံလက်မှတ်ကဒ်ပြားတွေ အလဲအလှယ်လုပ်နေတာ၊ လွှဲပြောင်းပေးအပ်နေတာ တွေ့သလား။
– ဒေသဆိုင်ရာ အာဏာပိုင်တွေ ဘယ်လို ခြေရှုပ်နေကြတာ တွေ့သလဲ။

## မဲပုံး၊ မဲရုံမှူး၊ မဲရုံတာဝန်ရှိသူများနှင့် မဲလက်မှတ်များ

– မဲပုံးတွေရဲ့ လုံခြုံမှု၊ သော့ခတ်ခြင်း၊ ချိပ်ပိတ်ခြင်းနှင့်တခါသုံးသော့ကြိုးများကို အသုံးပြုခြင်း။
– မဲပုံးထဲမှာ မဲတွေ ကြိုတင်ထည့်ထားခြင်း ရှိ မရှိ။
– မဲမပေးမီမှာ မဲပုံးတွေကို စစ်ဆေးခြင်းနှင့် မဲမရေတွက်မီမှာ စစ်ဆေးခြင်း။
– မဲရုံမှူးတွေဟာ ဘယ်သူတွေလဲ၊ သူတို့ကို ဘယ်လိုစောင့်ကြည့်မလဲ။
(အိမ်ကနေ ထွက်လာတဲ့အချိန်ကနေစပြီး အိမ်ပြန်ရောက်ချိန်အထိ)
– မဲလက်မှတ် အရေအတွက်တွေကို သိအောင် ဖော်ထုတ်ခြင်း။
(တပြည်လုံး၊ တိုင်းနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ အောက်ခြေမဲရုံတခုခြင်းစီ)
– မဲလက်မှတ်ကို ထုတ်ပြန်ကြေညာပေးဖို့ တောင်းဆိုခြင်း။
(မဲပေးသည့် နေ့မတိုင်မီ အနည်းဆုံး ခုနစ်ရက်အလို)
– မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်မှုကို တစေ့တစောင်းကြည့်ရှုမှတ်သားခြင်း။
– မဲလက်မှတ်များ ကိုင်တွယ်ထိမ်းသိမ်းရာမှာ မသင်္ကာဘွယ်ရာတွေကို တွေ့ရှိသလား။
– မဲစာရင်းတွေ၊ မှတ်ပုံတင်စာရင်းတွေ ရေးမှတ်ရာမှာ မသမာမှုတွေ ရှိသလား။
– မဲပုံးကို ကိုင်တွယ် ထိမ်းသိမ်းခြင်း၊ မဲနှင့် ဆိုင်သောပစ္စည်းများ ချိပ်တံဆိပ်၊ ကြိုး၊ စာအိပ်မဲပုံးထည့်ရန်အိပ် စတာတွေကို ဘယ်လိုကိုင်တွယ် ထိမ်းသိမ်းသလဲ။
– မဲထည့်နေချိန်မှာ ဩဇာလွှမ်းမိုးမှု၊ ဖျားယောင်းမ တခုခုပြုတာတွေ့သလား။
– လျှို့ဝှက်မဲပေးစနစ်ကို ထိပါးအောင် တနည်းနည်း လုပ်ဆောင်တာ ရှိသလား။
– ဝတ်ဆင်ထားသည့် အဝတ်အစား၊ သတ်မှတ်ပေးထားတဲ့ မဲရုံတာဝန်ကျ အဝတ်အစား ရှိသလား။
– မဲရုံတာဝန်ကျသူတဦးဦးဟာ ကြံ့ဖွံ့၊ တစည စသဖြင့် နိုင်ငံရေးပါတီ တခုခုရဲ့ အထိမ်းအမှတ်ပါရှိတဲ့ အဝတ်အစား တခုခုကို ဝတ်ဆင်ထားတာ၊ ပစ္စည်းတခုခုကို ကိုင်တွယ်နေတာ ရှိသလား။

## မဲပေးခြင်း၊ ယာယီ သက်သေခံလက်မှတ်နဲ့ မဲပေးတဲ့ ကိစ္စ၊ ထပ်ခါတလဲလဲ မဲပေးမှုတွေကို ဘယ်လိုစစ်ဆေးမလဲ။

– ရွေးကောက်ပွဲကို လက်တွေ့ ဘယ်လို သပိတ်မှောက်မလဲ။
– (၁) မဲမပေးဘဲနေခြင်းနဲ့ (၂) ပယ်မဲတွေ ဖြစ်အောင်ပေးခြင်း။ နည်းဥပဒေ ပုဒ်မ ၆၆ (ဂ)

- ● ကိုယ်စားလှယ်လောင်း တဦးထက်ပိုပြီး ဆန္ဒပြု။
- ● ဆန္ဒမဲ လက်မှတ် အလွတ်သက်သက်ကို ပြန်ထည့်ပေး။
- ● မဲ မပေးဘဲ နေသူများ ဘာလုပ်သင့်သလဲ။

– အခြားမဲပေးသူများကို တစေ့တစောင်းကြည့်ရှုမှတ်သားခြင်း

- ● မဲဆန္ဒရှင်ဆိုသူက ၎င်း၏ သက်သေခံလက်မှတ်ကို ထုတ်မပြဘဲနှင့် မဲရုံတာဝန်ရှိသူက ဆန္ဒမဲလက်မှတ်ကို ထုတ်ပေးလိုက်တာမျိုးရှိသလား။
- ● မဲဆန္ဒရှင်ဆိုသူက ၎င်း၏ သက်သေခံလက်မှတ်ကို ထုတ်ပြပေမယ့် မဲစာရင်းထဲမှာ သူ့နာမည် မပါရှိပါဘဲလျက် မဲရုံတာဝန်ရှိသူက ဆန္ဒမဲလက်မှတ် ထုတ်ပေးလိုက်တာ ရှိ သလား။
- ● ထပ်ခါတလဲလဲ မဲပေးမှုတွေ မရှိအောင် မဲရုံမှာ ဘယ်လို စီစဉ်လုပ်ဆောင်ထားမှုတွေ ရှိသလဲ။
- ● ထပ်ခါတလဲလဲ မဲပေးသူတွေကို တွေ့ ခဲ့သလား။

– မဲရုံကိုယ်စားလှယ်များကို တစေ့တစောင်းကြည့်ရှုမှတ်သားခြင်း
ကြံ့ဖွံ့နှင့် တစည ပါတီများမှ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံအဖွဲ့ဝင်များ ဆက်ဆံရေး။
မဲရုံကိုယ်စားလှယ်တွေ မဲရုံအတွင်းမှာ ဘာလုပ်နေကြသလဲ။

– အာဏာပိုင်များနှင့် ကြံ့ဖွံ့၊ တစည စသည့် နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များ လာရောက်မဲပေးချိန်တွင် ရှိနေသည့် မဲရုံအခြေအနေကို တစေ့တစောင်းကြည့်ရှု မှတ်သားခြင်း။

– သတင်းထောက်တွေကို ပြုမူဆက်ဆံမှုများ အပေါ် တစေ့တစောင်းကြည့်ရှု မှတ်သား ခြင်း။

## မဲရေတွက်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ ကြေညာခြင်းတို့ကို စောင့်ကြည့်ခြင်း

– မဲ မရေတွက်ခင်မှာ မဲပုံးတွေကို စစ်ဆေးခြင်း၊ မဲလာပေးသူများ စာရင်းကို စစ်ဆေး ခြင်း၊ လက်ကျန်ဆန္ဒမဲလက်မှတ်များကို စာရင်းပြုစုခြင်းနှင့် စစ်ဆေးခြင်း။

– မဲပုံးကို ဘယ်သူက ဖွင့်မလဲ၊ ဘယ်သူတွေ ရှေ့မှောက်မှာ ဖွင့်မလဲ။

– မဲရေတွက်တဲ့အချိန်၊ ညနေ လေးနာရီ သို့မဟုတ် လေးနာရီ မထိုးမှီမှာ မဲရုံပိတ်နိုင်ကြောင်း ပါရှိသော်လည်း ဘယ်အချိန်မှာ မဲရေတွက်ရမယ်ဆိုတာ မပါရှိ၊ လျှပ်စစ်မီး ပြဿနာရှိနိုင်။

– မဲပေးတဲ့နေ့မှာဘဲ မဲတွေကို မရေတွက်ရင်၊ မဲပုံးတွေကို ညသိပ်ထားရင် ပြဿနာများစွာရှိ။

– မဲရေတွက်တာ ဘယ်နေရာမှာ ရေတွက်မလဲ၊ အများပြည်သူ မြင်နိုင်တဲ့နေရာ ဟုတ်ရဲ့လား၊ ဥပဒေထဲမှာ မပါရှိ။

– အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေပုဒ်မ ၆၅ နှင့် ၆၇ (က) အရ မဲရုံကိုယ်စားလှယ်တွေနဲ့ အများပြည်သူ ရှေ့မှောက်တွင် ရေတွက်ခြင်း ဆိုတာပါရှိ။
(၁) အများပြည်သူ ဆိုတာ ဘယ်သူတွေလဲ။
(၂) မဲရေတွက်ချိန်မှာ အများပြည်သူတွေ ဘယ်လိုရှိနေခွင့်ရမလဲ။
(၃) မဲရုံ ကိုယ်စားလှယ် ဆိုသူတွေက ဘယ်သူတွေလဲ၊ ဘယ်နိုင်ငံရေးပါတီ တွေကလဲ။

– သက်သေ (၁၀) ဦး ဆိုတာ ဘယ်သူတွေလဲ။
ရေတွက်ပုံ ရေတွက်နည်း၊ မှတ်တမ်းတင်ခြင်း၊ မှတ်တမ်းများကို လူထုလက်ဝယ်ရရှိအောင် လုပ်ဆောင်ခြင်း။

– မဲရုံမှူးတွေကနေ ရေတွက်ရရှိတဲ့ မဲရလာဒ်ကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲကို ပေးပို့ခြင်း၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲကနေ ခရိုင်၊ တိုင်းဒေသကြီးနဲ့ နေပြည်တော် ကော်မရှင် အဖွဲ့ခွဲတွေကို ပေးပို့ ခြင်း၊ နည်းဥပဒေ ပုဒ်မ (၇၂) အရ ကြေညာခြင်း။
ခိုင်လုံမဲ အများဆုံးရရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းကိုသာ ကြေညာ။
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ကြေညာ၊ အောက်ခြေ မဲရုံတွေနဲ့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွေမှာ မကြေညာဘဲ၊ အနည်းဆုံးအားဖြင့် အများ ပြည်သူကို သိရှိခွင့်မပေးဘဲနဲ့ တိုင်းဒေသကြီးနဲ့ နေပြည်တော်ကော်မရှင်အဖွဲ့ခွဲတွေကို ပေးပို့၊ သူတို့က တိုက်ရိုက်ကြေညာမယ့် ပြဿနာ။
မဲပေးပိုင်ခွင့်ရှိသူ ဦးရေမည်မျှအနက် လက်တွေ့လာရောက်မဲပေးသူ ဦးရေမည်မျှ ခိုင်လုံမဲ၊ ပယ်မဲ၊ ကန့်ကွက်မဲ၊ မဲအပို မည်မျှဆိုတဲ့ စာရင်းတွေရအောင်၊ ဘယ်လို လုပ်မလဲ။

## မသမာမှုများကို တိုင်တန်းခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း

– မဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ လက်တွေ့ လာရောက်မဲပေးသူများ စာရင်းတို့အပေါ် အခြေခံပြီးရွေးကောက်ပွဲ အထမြောက်မှု ရှိမရှိ ဘယ်လို ဖော်ထုတ်မလဲ။

– ရွေးချယ်တင်မြှောက်ပုံစနစ်နှင့် စုစုပေါင်းမဲပေးပိုင်ခွင့် ရှိသူများစာရင်း၊ ရွေးကောက်တင်မြှောက်ခံရတဲ့ ကိုယ်စားလှယ်ရရှိတဲ့ ခိုင်လုံမဲ အရေအတွက် ဆက်စပ်မှုအပေါ် ဘယ်လိုသုံးသပ်ဆောင်ရွက်မလဲ။

– ပြည်တွင်း ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ခြင်း

(က) ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းခြင်း

ဘာအခက်အခဲတွေ ရှိသလဲ

၁။ ကန့်ကွက်သူတဦး တင်သွင်းရမည့် ငွေပမာဏ၊

၂။ ကန့်ကွက်လွှာကို စစ်ဆေးဘို့ ဖွဲ့စည်းတဲ့ ခုံအဖွဲ့ရဲ့ အနေအထား၊

(ခ) ပြည်တွင်း တရားစီရင်ရေး အရ အရေးယူဆောင်ရွက်ခြင်း

၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနဲ့ ၂၀၁၀ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ဘယ်လိုကွာခြားသလဲ။ ကွာခြားသော်လည်း တရားစီရင်ရေးပိုင်းအရ ဘာကြောင့် အရေးယူဆောင်ရွက်သင့်သလဲ။

# ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ကျင်းပပြီးရင် စစ်အစိုးရ နဲ့ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းသွားမှာလား

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဟာ တစတစပိုပြီး နီးကပ်လာပါပြီ။ ဒီအခါမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ ရွေးကောက်ပွဲ စတာတွေနဲ့ပတ်သက်ပြီး သတင်းဌာနတွေက နိုင်ငံရေးခေါင်းဆောင်တွေကို အင်တာဗျူးတွေလုပ်၊ မတူတဲ့အမြင်တွေကို ဖော်ထုတ်တင်ပြတာဟာ ကောင်းတဲ့ အစီအစဉ်တွေပါ။ ဒါဟာ ဒီမိုကရေစီရဲ့အခြေခံပါဘဲ။ ဒါမှလဲ လူထုအနေနဲ့ မတူတဲ့အမြင်တွေအပေါ်ဘက်ပေါင်းစုံကနေ စဉ်းစားနိုင်ပြီး မှန်ကန်တဲ့လမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိမှာ ဖြစ်ပါတယ်။

ဩဂုတ်လ ၃၁ ရက်နေ့မှာ ဒီမိုကရက်တစ် မြန်မာ့အသံကနေ အမျိုးသားဒီမိုကရေစီအင်အားစု ပါတီခေါင်းဆောင် ဦးခင်မောင်ဆွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးသွားရင် စစ်အစိုးရ ဆက်ရှိနေလိမ့်မယ်ဆိုတဲ့ သုံးသပ်ချက်ဟာ နိုင်ငံရေးကို ဆန္ဒနဲ့ စဉ်းစားတာဖြစ်တယ်၊ ဥပဒေနဲ့ စဉ်းစားတာမဟုတ်ဘူးလို့ ဦးခင်မောင်ဆွေက ဖြေကြားသွားပါတယ်။ ဒါကိုကြားလိုက်ရတော့ နှစ်ပေါင်း ၃၅ နှစ် နီးပါးကြာ ဥပဒေကိုအဆက်မပြတ် လေ့လာခဲ့တဲ့ ဥပဒေသမားတယောက်အနေနဲ့ အလွန်အမင်း အံ့သြသွားတယ်လို့ ပြောရမှာပါ။ ဒီတော့ ဦးခင်မောင်ဆွေရဲ့ ဖြေကြားချက်တွေအပေါ်မှာ လူထုတရပ်လုံး ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားနိုင်အောင် ဥပဒေရှု့ဒေါင့်ကနေဘဲ အဓိကတုန့်ပြန်သွားမှာ ဖြစ်ပါတယ်။

၂၀၁၀ ရွေးကောက်ပွဲဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသက်သွင်းသွားမယ်ဆိုတာ လူတိုင်းနီးပါးသိကြပါတယ်။ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အာဏာသုံးရပ်ကို ခွဲခြားထားတယ်ဆိုတဲ့ ဦးခင်မောင်ဆွေရဲ့ သုံးသပ်ချက်ဟာ တကယ်တကယ်စင်လွဲပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သော့ချက်ဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီပါ။ အတိုကောက်အားဖြင့် "အကလက" လို့ခေါ်ကြရအောင်ပါ။ ဖွဲ့စည်းပုံအရ အာဏာသုံးရပ်လုံးဟာ အကလက ရဲ့အောက်မှာ ရောက်နေပါတယ်။ အကလက တခုလုံးဟာ စစ်ဗိုလ်တွေရဲ့ လက်ထဲမှာဆိုတာကို မြင်အောင်ကြည့်ဖို့ လိုပါလိမ့်မယ်။ အကလကမှာ (၁၁) ဦးနဲ့ပါဝင် ဖွဲ့စည်းတယ်။ (၁၁) ဦးအနက် ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်ပြီး လက်ရှိတပ်မတော်မှာ တာဝန်ထမ်းဆောင်ဆဲ ဗိုလ်ချုပ်ခြောက်ဦးက အဓိက ကြိုးကိုင်သွားပါလိမ့်မယ်။ ကျန်တဲ့ ငါးဦးမှာ အများစုဟာ ယူနီဖေါင်းချွတ်ပြီး လူဝတ်လဲထားတဲ့ စစ်ဗိုလ်လူထွက်တွေ ဖြစ်လိမ့်မယ်ဆိုတာ ဗေဒင်မေးရင် ဆန်ကုန်နေပါလိမ့်မယ်။ မဆလခေတ်က ဒေါက်တာ မောင်မောင်လို ခိုင်းလို့ကောင်းတဲ့ အရပ်သားတဦးစ နှစ်ဦးစတော့ အဲသည်ကောင်စီထဲမှာ ပါကောင်းပါမှာပါ။ အကလက ဖွဲ့စည်းမှုနဲ့ သူ့ကို အပ်နှင်းထားတဲ့ ကြောက်ခမန်းလိလိ အခွင့်အာဏာတွေကို ပုဒ်မ ၂၀၁၊ ၂၁၄၊ ၄၁၀၊ ၄၁၂ (က)၊ ၄၁၇၊ ၄၂၀ (ခ)၊ ၄၂၂၊ ၄၂၅၊ ၄၂၆၊ ၄၂၇၊ ၄၂၈၊ ၄၂၉၊ ၄၃၁ နဲ့ ၄၃၂ တွေမှာ တွေ့ရပါလိမ့်မယ်။

အုပ်ချုပ်ရေးကဏ္ဍမှာ ပြည်ထောင်စုအစိုးရဆိုတာ အမည်ခံမျှသာရှိပြီး တိုင်းပြည်ကို တကယ်ကြိုးကိုင်သွားမှာက အကလကသာ ဖြစ်ပါတယ်။ ပုဒ်မ ၂၀၀ မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဖွဲ့စည်းခြင်းဆိုတာကို ပြဋ္ဌာန်းထားပေမယ့် ပြည်ထောင်စု အစိုးရအဖွဲ့မှာ ပြည်ထောင်စု

ကို အုပ်ချုပ်ဘို့အခွင့်အာဏာရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်မပါပါဘူး။ ဒါပေမယ့် ပုဒ်မ ၂၁၇ မှာတော့ ပြည်ထောင်စု၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံတော်သမတ၌ တည်ရှိသည်ဆိုတာပါပါတယ်။ ပုဒ်မ ၂၁၈ (က) မှာ ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်အားလုံးကို နိုင်ငံတော်သမတ၏ အမည်ဖြင့် အရေးယူဆောင်ရွက်ရမည်လို့လဲ ပါရှိပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးဆိုင်ရာ အားလုံးကို အဓိကကိုင်မှာက နိုင်ငံတော် သမတ သာဖြစ်တယ်၊ အစိုးရအဖွဲ့မဟုတ်ဘူးဆိုတာ ရှင်းလှပါတယ်။ ဒါဖြင့်ရင် နိုင်ငံတော်သမတ က ဘယ်သူဖြစ်လာမှာပါလဲ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ (ခ) အရ သမတ ရွေးချယ်ရေးအဖွဲ့ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀ ဦး၊ စစ်တပ်ကိုယ်စားလှယ် ၁၆၆ ဦး နဲ့ ဖွဲ့မယ်လို့ ယေဘုယျအားဖြင့် နားလည်နေကြပါတယ်။ ယနေ့အထိ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်ဦးရေအနေနဲ့ ကြံ့ဖွံ့နဲ့ တစညပေါင်းရင် ၂၀၀၀ ကျော်ရှိနေပြီး ကျန်တဲ့ပါတီတွေအားလုံးပေါင်းမှ ၇၀၀ ကျော်ရှိတဲ့အတွက် သမတ ရွေးချယ်ရေးအဖွဲ့မှာ အခြားပါတီတွေက နေရာအများစု မရနိုင်ဘူးဆိုတာ ရှင်းနေပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ နှစ်ခုထဲကနေ ကြံ့ဖွံ့နဲ့ တစညတို့က အစုအဖွဲ့တခုခုမှာ ကိုယ်စားလှယ်အများစုရရုံနဲ့ လက်ရှိဗိုလ်ချုပ်ကြီး တဦးဦး၊ ဒါမှမဟုတ် အရပ်ဝတ်လဲ ဗိုလ်ချုပ်ကြီးတဦးဦးဟာ သမတ ဖြစ်သွားတော့မယ်ဆိုတာ မြေကြီးလက်ခတ် မလွဲပါ။ ဘာကြောင့်လဲဆိုတော့ အစုအဖွဲ့သုံးစုရှိတဲ့အနက် နောက်ထပ်တစုက စစ်တပ်ကိုယ်စားလှယ် အစုအဖွဲ့ဖြစ်နေလို့ပါဘဲ။

ပြည်ထောင်စု အစိုးရအဖွဲ့ကိုရော (အကလက) ကိုပါ အဖွဲ့အစည်းနှစ်ခုလုံးကို တပြိုင်နက်ထဲ အုပ်ချုပ်ရေးကဏ္ဍမှာ ဘာကြောင့် ထည့်သွင်းပြဋ္ဌာန်းထားတာပါလဲ။ ဒါဟာ ၂၀၀၈ ဖွဲ့စည်းပုံရဲ့ လျှို့ဝှက်ချက်ပါ။ နိုင်ငံရေးပါတီတွေ ကြိုက်သလို ရွေးကောက်ပွဲဝင်ကြပါစေ။ လွှတ်တော်ထဲမှာ အမတ်နေရာအများစုရဖို့ မလွယ်အောင် လုပ်ထားသလို လွှတ်တော်ထဲမှာ အမတ်နေရာ အများစုရတဲ့ နိုင်ငံရေးပါတီက အစိုးရဖွဲ့ခွင့်ရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်လဲ တခုမှ မပါပါဘူး။ ပုဒ်မ ၂၀၀ အရ ရွေးကောက်ပွဲ အနိုင်ရပါတီတွေက ပြည်ထောင်စုဝန်ကြီးတွေအဖြစ်နဲ့ အစိုးရအဖွဲ့မှာပါဝင်ဖို့ စေလွှတ်ခွင့်ရှိတယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တောင် မရှိပါဘူး။ ဒါနဲ့ပြောင်းပြန်ပါဘဲ။ သမတ ဟာ ပြည်ထောင်စု ဝန်ကြီးတွေအဖြစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲကဖြစ်စေ ခန့်အပ်တာဝန်ပေးနိုင်တယ်ဆိုတာကို ပုဒ်မ ၂၃၂ (ခ) မှာ ပြဋ္ဌာန်းထားပါတယ်။

ဒီနေရာမှာ တိကျတဲ့ ဥပဒေစကားလုံးအရ အထူးသတိပြုသင့်တာကတော့ အင်္ဂလိပ်ဘာသာနဲ့ (or) ဆိုတဲ့ စကားလုံး၊ မြန်မာဘာသာနဲ့ (ဖြစ်စေ၊ ဖြစ်စေ) ဆိုတာကို သုံးထားတဲ့အချက်ပါ။ သမတ ကနေ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းရာမှာ ပြည်ထောင်စုဝန်ကြီးတွေ အဖြစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်တယ်။ ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများနဲ့လဲ ဖွဲ့စည်းနိုင်တယ်လို့ ဆိုလိုတာပါ။ ဒါကြောင့် ဖွဲ့စည်းပုံအရ လွှတ်တော်ကိုယ်စားလှယ် တယောက်မှမပါဘဲလဲ ပြည်ထောင်စုအစိုးရ ဖွဲ့စည်းခွင့်ပေးထား တယ်ဆိုတာကို ပိုပြီးသတိ

ပြုသင့်ပါတယ်။ ဒီတော့ နိုင်ငံရေးပါတီတွေ ရွေးကောက်ပွဲဝင်ကြ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာကြဦးတော့ သမတက သူတို့ကို ပြည်ထောင်စုအစိုးရ အဖွဲ့ထဲမှာ ထည့်ချင်မှ ထည့်မှာ ဖြစ်တယ်။ သူခိုင်းတာ လုပ်မယ့်လူမျိုးကို မထည့်ဖို့ သေချာလှပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တွေဖြစ်လာကြမယ့် လူချင်းတူဦးတော့ ကြံ့ဖွံ့ပါတီကတဆင့် အရွေးခံပြီး အရပ်ဝတ်လဲထားတဲ့ ဗိုလ်သိန်းစိန်၊ ဗိုလ်ရွှေမန်း၊ ဗိုလ်တင်အောင်မြင့်ဦး စသူတွေကို ပြည်ထောင်စုအစိုးရ အဖွဲ့ထဲမှာ ပထမအဆင့်ထည့်မယ်၊ နအဖက ခိုင်းလို့ပါရယ်လို့ ကြေညာပြီး ရွေးကောက်ပွဲဝင်တဲ့ ဇေကမ္ဘာ ဦးခင်ရွှေ တို့လို ပုဂ္ဂိုလ်မျိုးကို ပြည်ထောင်စုအစိုးရအဖွဲ့ထဲမှာ ဒုတိယအဆင့် ထည့်မယ်၊ ဒီလို လုပ်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားပါပြီ။ ပုဒ်မ ၂၃၂ (ခ) (၃) အရဆိုရင် စစ်ဗိုလ် သမတ ဟာ ဘယ်လို အရပ်သားလွှတ်တော် ကိုယ်စားလှယ်ကိုမှ မထည့်သွင်းဘဲ စစ်ဗိုလ်တွေ သက်သက်ချည်းနဲ့ဘဲ အစိုးရဖွဲ့ခွင့်ကိုတောင်မှ ပေးထားပါတယ်။ ဒါကြောင့် ဒီ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအောက်မှာ စစ်အစိုးရနဲ့ စစ်အာဏာရှင်စနစ် ဆက်ရှိနေလိမ့်မယ်ဆိုတာဟာ သေွးထွက်အောင်မှန်လှတဲ့ သုံးသပ်ချက်ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရထက်ပိုပြီး အရေးကြီးတာက အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေး ကောင်စီဆိုတဲ့ အကလက ပါ။ တကယ်တော့ ဒါဟာ စစ်ကောင်စီပါဘဲ။ ဒီလို စစ်ကောင်စီမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့အတူ ယှဉ်ပြိုင်ပြီး ထည့်သွင်း ပြဋ္ဌာန်း ထားရာကနေ ရွေးကောက်ပွဲတွေ တခုပြီးတခုလုပ်ရင်း အာဏာရှင်စနစ်က ဒီမိုကရေစီကို ကူး ပြောင်းသွားတဲ့နိုင်ငံမျိုး ကမ္ဘာမှာ တနိုင်ငံမှာမှ မရှိပါဘူး။ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ အတူ ယှဉ်ပြိုင်ပြီး ထည့်သွင်းပြဋ္ဌာန်းထားပေမယ့် အကလက ဟာ ပြည်ထောင်စုအစိုးရရဲ့ အထက် မှာရှိပါတယ်။ ပြည်ထောင်စုအစိုးရမှာ အဓိကကျတဲ့ ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာဆိုတဲ့ ဝန်ကြီးဌာနတွေမထားဘဲ စစ်ကောင်စီမှာပို့ထားတာကို ကြည့်ပါ။ တပ်မ တော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တွေဟာ ပြည်ထောင်စု အစိုးရလက်အောက်မှာမထားဘဲ စစ်ကောင်စီမှာ ပါနေပါတယ်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဆိုတဲ့ ပုဂ္ဂိုလ်တွေကို အုပ်ချုပ်ရေးကဏ္ဍမှာရှိတဲ့ အကလက လို စစ်ကောင်စီမှာ ထည့်သွင်းဖွဲ့စည်းထားတဲ့ ဖွဲ့စည်းပုံမျိုးကို ဦးခင်မောင်ဆွေ ဘယ်တိုင်းပြည်မှာ တွေ့ဘူးပါသလဲ။ ဥပဒေပြုမယ့် လွှတ်တော်တွေထဲမှာ စစ်ဗိုလ်တွေ လေးပုံတပုံစီ လွှတ်ထားရုံသာ မက လွှတ်တော်တွေရဲ့ ဥက္ကဋ္ဌတွေကိုပါ စစ်ကောင်စီထဲမှာ ပါရှိစေပါတယ်။ ဒါက စစ်ကောင်စီ ဟာ ဥပဒေပြုလွှတ်တော်ရဲ့အထက်မှာ ရှိတယ်ဆိုတဲ့အချက်ကို ဖော်ပြနေတာပါဘဲ။ ဒါတွေ ကြောင့် ဥပဒေပြုလွှတ်တော်ဟာ သူဟာနဲ့သူ သီးခြားစီရှိနေပါတယ်ဆိုတဲ့ ဦးခင်မောင်ဆွေရဲ့ ရှင်းလင်းချက်ကို ဘယ်လိုလုပ်ပြီး လက်ခံလို့ရနိုင်ပါ့မလဲ။

တရားစီရင်ရေးကဏ္ဍမှာရော လွတ်လပ်စွာ သီးခြားစီရှိပါရဲ့လား။ တရားသူကြီးချုပ် ဦးအောင်တိုး ကို မေးကြည့်ပါ။ ၁၉၉၅ ခုနှစ်တုန်းက သူကိုယ်တိုင် တရုပ်ပြည် ဘီဂျင်းမြို့မှာ ကျင်းပခဲ့တဲ့ အာရှနိုင်ငံတွေက တရားသူကြီးချုပ်တွေရဲ့ အစည်းအဝေးကို တက်ရောက်ပြီး တရား စီရင်ရေး လွတ်လပ်မှုဆိုင်ရာမူများကို သဘောတူညီချက်အဖြစ် လက်မှတ်ရေးထိုးခဲ့သူပါ။ အဲဒီမှာ အဓိကကျတဲ့ အချက်ကတော့ တရားစီရင်ရေးလွတ်လပ်ဖို့ တရားသူကြီးတွေကို ဘယ်သူက ခန့်ထားမလဲဆိုတဲ့ အချက်ပါ။ တရားသူကြီးချုပ်ဟောင်းတွေ လွတ်လပ်တဲ့ ဥပဒေ ပညာရှင်တွေ၊

ရှေ့နေတွေ ပါဝင်ဖွဲ့စည်းရမယ့် Judicial Service Commission လို့ခေါ်တဲ့ တရားစီရင်ရေး ဝန်ဆောင်မှုကော်မရှင်ကနေ ခန့်အပ်ရမှာပါ။ ဦးအောင်တိုး ဟာ ဗိုလ်သန်းရွှေ ကို ကြောက်လွန်းလှလို့ သူကိုယ်တိုင် လက်မှတ်ရေးထိုး အတည်ပြုထားတဲ့ အဲသည် တရားစီရင်ရေးပိုင်းဆိုင်ရာမူကို ချိုးဖောက်ခဲ့ပါတယ်။ ပြီးတော့ ၂၀၀၈ ဖွဲ့စည်းပုံမှာ တရားသူကြီးတွေကို သမတ စိတ်ကြိုက်ခန့်ခွင့်၊ ဖြုတ်ခွင့်ပေးတဲ့ ပြဋ္ဌာန်းချက်ကို ရေးခဲ့သူပါ။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာကိုကိုင်တဲ့ စစ်ဗိုလ် သမတက အိပ်ယာကနေ တရေးနိုးထပြီး တရားသူကြီးချုပ်ကို ကြိုက်သလို ခန့်ခွင့် ဖြုတ်ခွင့်ရှိနေပါတယ်။ ဒီတော့ ဒီ ဖွဲ့စည်းပုံအောက်မှာ တရားစီရင်ရေးဟာ လွတ်လပ်စွာ သီးခြားရှိနေပါလိမ့်မယ်လို့ ဦးခင်မောင်ဆွေ အနေနဲ့ ဘယ်လိုလုပ်ပြီး ပြောလိုက်တာပါလဲ။

မဲပေးတာပျက်သွားပေမယ့်လဲ စစ်အစိုးရ ဆက်ရှိနေမှာဘဲဆိုတာ မစဉ်းစားမိကြဘူးလားလို့ ဦးခင်မောင်ဆွေ က မေးခွန်းထုတ်သွားပါတယ်။ စစ်အစိုးရ ရှိတာခြင်းအတူတူ ၂၀၁၀ ရွေးကောက်ပွဲကနေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်သွားနိုင်ရင် စစ်အာဏာရှင်စနစ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နည်းလမ်းတကျ တရားဝင်တည်ရှိသွားမယ်။ အင်္ဂလိပ်ဘာသာနဲ့ Institutionalized ဖြစ်သွားမယ်။ ဒါကို မသိတာလား၊ သိရက်သားနဲ့ မျက်ကွယ်ပြုပြီးပြောတာလားဆိုတာကိုတော့ ကာယကံရှင်ကို မေးဖို့လိုမှာပါ။ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေကို သမိုင်းအမှိုက်ခြင်းထဲ လွှင့်ပစ်ခဲ့တာဟာ ပြည်သူလူထု ဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံထက် အဆတရာလောက်ဆိုးတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကိုလဲ လူထုက သည်လို ဆုတ်ဖြဲပစ်ကြဦးမှာပါဘဲ။ လွှတ်တော်ထဲမှာ ဘာမှမပြောပတဲ့ နေရာလေးရတဲ့ အတိုက်အခံဘဝမှာ စစ်အာဏာရှင်တွေရဲ့ ရုပ်သေးရုပ်တွေအဖြစ်နဲ့ အသုံးချခံကြတော့မှာလား။ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမယ့် ၂၀၀၈ ဖွဲ့စည်းပုံလည်ပတ်ရေး ယန္တယားကို ဆီဖြည့်ပေးကြတော့မှာလား။

၂၀၀၈ ဖွဲ့စည်းပုံကို ဆန့်ကျင်တိုက်ပွဲဝင်တဲ့ လူထုက အုံကြွဖန်တီးဦးမယ့် နိုင်ငံရေးမုန်တိုင်းထဲမှာ ပါမသွားနိုင်ရေးအတွက် ဦးခင်မောင်ဆွေ နဲ့အလားတူ ပုဂ္ဂိုလ်များ ပြန်လည်စဉ်းစားသုံးသပ်ပြီး အခုအချိန်ကတည်းက ရပ်တည်ချက် ပြောင်းသင့်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။

## ရွေးကောက်ပွဲနဲ့ ခပ်လျှံ့းပြီး အသံစုံ ရှုဒေါင့်စုံ ထွက်လာအောင် ဖန်တီးပေးတဲ့ အစည်းအဝေးမျိုးတွေ ပြည်တွင်းမှာ လွတ်လပ်စွာကျင်းပခွင့်ပေးဖို့ ဘာကြောင့် လိုအပ်သလဲ

(၂၀၁၀) ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ မှာ Friedrich Ebert Stiftung (FES) လို့ခေါ်တဲ့ ဂျာမန် အန်ဂျီအို တခုက ကမကထပြုပြီး မြန်မာနိုင်ငံရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ဆွေးနွေးပွဲ တခုကို ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပသွားခဲ့ပါတယ်။ ဒီဆွေးနွေးပွဲအပေါ် ပြည်တွင်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သာမက တသီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ရှစ်ဦးနဲ့ ဂျာမနီ နိုင်ငံမှာရှိတဲ့ ဒီမိုကရေစီရေး လှုပ်ရှားတက်ကြွသူတွေကပါ ဝိုင်းဝန်း ကန့်ကွက်ကြ၊ ဆန္ဒပြမှုတွေလုပ် ဆောင်ကြတာကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ပါတယ်။ ပြည်တွင်းကနေတောင် လှမ်းပြီး ကန့်ကွက်ကြရတဲ့အဆင့်ရောက်တဲ့ FES ရဲ့ဘာလင်အစည်းအဝေးနောက်ကွယ်က အခြေ အနေတချို့ကို လေ့လာကြည့်ကြရအောင်ပါ။

(FES)ဟာ ဂျာမနီနိုင်ငံမှာ အင်အားကြီးမားတဲ့ နိုင်ငံရေးပါတီကြီးတခု နောက်ခံနဲ့ တည်ထောင်ထားတဲ့ နိုင်ငံတကာ အန်ဂျီအိုကြီး တခုပါ။ နိုင်ငံရေးဆိုင်ရာတွေကို ဇောင်းပေးလေ့ ရှိတာကြောင့် (FES) ရဲ့ လုပ်ဆောင်မှုတွေဟာ ဂျာမာန်အစိုးရကိုရော ဥရောပသမဂ္ဂကိုပါ ရိုက်ခတ်မှုရှိတယ်လို့ ပြောနိုင်ပါတယ်။ ၂၀၀၅ နိုဝင်ဘာလ အတွင်းမှာ (FES) ဟာ နအဖ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အရာရှိအချို့ကို Brussels နဲ့ Strasbourg မြို့တွေကို လေ့လာရေး ခရီး ပို့ဆောင်ပေးခဲ့တာ၊ နအဖ စစ်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနရဲ့ မဟာဗျူဟာနှင့် နိုင်ငံ တကာ လေ့လာရေးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာ၊ စတာတွေကို ၂၀၀၉ နိုဝင်ဘာ (၆)ရက်နေ့က ရန်ကုန်မြို့ Savoy ဟော်တယ်မှာ နှုတ်ဆက်ပွဲလုပ်တုန်းက (FES) ရဲ့ ယခင် မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်း ဒါရိုက်တာ Paul Pasch က ထုတ်ဖော် ပြောဆိုသွားခဲ့ကြောင်း ရောဝတီ အင်တာနက် သတင်းစဉ်မှာ ဖော်ပြထားခဲ့ပါတယ်။

နိုင်ငံခြားအန်ဂျီအိုတွေနဲ့ ဆက်ဆံရေးကောင်းမွန်တဲ့ မြန်မာ Egress နဲ့ မဂ်လာမြန်မာ အစရှိတဲ့ ပြည်တွင်းက အန်ဂျီအိုတွေဟာ အခုလာမယ့် ရွေးကောက်ပွဲမှာ နိုင်ငံရေးအရ ပြောင်ပြောင်တင်းတင်းကို ပတ်သက်နေတဲ့အကြောင်း၊ မြန်မာ Egress ဟာ အန်ဒီအက်ဖ်လို့ ခေါ်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီကို လွှမ်းမိုးထားတဲ့အကြောင်း၊ ကိုယ်စားလှယ် လောင်းတွေကိုတောင်မှ ခန့်နိုင်တဲ့အဆင့် ရှိတယ်ဆိုတဲ့အကြောင်းတွေကို ရန်ကုန်မှာ အခြေ စိုက်တဲ့ ပုဂ္ဂလိကဂျာနယ် အယ်ဒီတာတစ်ဦးရဲ့ ပြောဆိုချက်တွေအပေါ် ကိုးကားပြီး သတင်းစဉ် မှာ ဆက်လက်ဖော်ပြထားပါတယ်။

ဒါပေမယ့် (FES) အနေနဲ့ မြန်မာ Egress၊ ဥရောပမြန်မာရုံးနဲ့ အန်ဒီအက်ဖ်လို့ ခေါ်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီတို့နဲ့ ဘယ်လောက်အထိ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက် နေတယ်၊ ငွေကြေးတွေဘယ်လို စီးဆင်းနေတယ်ဆိုတာတွေကိုတော့ အတိအကျဖော်ပြထား တာ မတွေ့ရပါဘူး။ ဒါပေမယ့် စိတ်ဝင်စားစရာကောင်းတာက (FES) ရဲ့ ဘာလင်ဆွေးနွေးပွဲ ဖိတ်စာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဆက်စပ်ပြီး အမျိုးသားဒီမိုကရေစီအင်အားစု

ပါတီကို အသားပေး ဖော်ပြထားတာဖြစ်ပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါဘဲ။ ဘာလင်မှာ (FES) အစည်းအဝေးကျင်းပနေတဲ့ စက်တင်ဘာ (၁၇) ရက်နေ့ညမှာဘဲ အမေရိကန်အသံ မြန်မာပိုင်း အစီအစဉ်ကနေ အန်ဒီအက်ဖ်ပါတီ ဉက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနဲ့ အန်ဒီအက်ဖ်ရဲ့ ထိပ်ပိုင်းခေါင်း ဆောင်ဖြစ်တဲ့ ဦးသိန်းညွှန့်တို့ နှစ်ဦးအကြားမှာ သဘောထားကွဲလွဲနေကြတယ် ဆိုတဲ့အချက်ကို သတင်းအဖြစ်ရော အင်တာဗျူးမေးခွန်းတွေပါ မေးမြန်းပြီး ထုတ်လွှင့်သွားခဲ့တာပါ။

အဓိက သဘောကွဲတဲ့အချက်ကတော့ အန်ဒီအက်ဖ်ပါတီကို ရံပုံငွေစီးဆင်းဝင်ရောက် လာတဲ့ ကိစ္စပါဘဲ။ လူထုကနေ အန်ဒီအက်ဖ်ပါတီကို ငွေလှူထားတာ အထောက်အထားတွေ ရှိတယ်လို့ ဒေါက်တာ သန်းငြိမ်းက ဆိုပါတယ်။ ဦးသိန်းညွှန့် ကတော့ ဒါကိုလက်ခံပုံမရပါဘူး။ ငွေကြေးနဲ့ပတ်သက်လို့ ဘယ်သူလှူတယ်မသိ၊ ဘယ်လို သုံးတယ်မသိ၊ သူ့အပါအဝင် သက်ဆိုင်ရာ ကျွန်းမြို့နယ်က လေးယောက်ကတော့ ကိုယ့်ငွေနဲ့ကိုယ် ရွေးကောက်ပွဲဝင်ကြရတယ်လို့ ပြောဆို သွားပါတယ်။ အန်ဒီအက်ဖ်ပါတီမှာ ရံပုံငွေတွေ စီးဆင်းလာတဲ့ကိစ္စ၊ ထိပ်ပိုင်း ပါတီခေါင်းဆောင် တွေအားလုံးတောင် မသိရှိရဘူးဆိုတဲ့အချက်ဟာ (FES) နဲ့ရော၊ (FES) နဲ့ပူးတွဲ ဆောင်ရွက်နေ ကြတဲ့ အခြားအန်ဂျီအိုတွေနဲ့ပါ ဘယ်လိုဆက်စပ်နေပါသလဲ။ ကြံ့ဖွံ့နဲ့ တစည တို့ ကလွဲလို့ အခြားနိုင်ငံရေးပါတီတွေ အများစုအနေနဲ့ ရွေးကောက်ပွဲဝင်ဖို့ ကိုယ်စားလှယ်လောင်းတွေအ တွက် ငွေကြေးတွေပေးသွင်းဖို့တောင် အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့အချိန်မှာ အန်ဒီအက်ဖ် ပါတီကတော့ ဘယ်နည်း၊ ဘယ်ပုံနဲ့မသိရဘဲ အဆင်ပြေနေတယ်ဆိုတဲ့သတင်းတွေ လူထုအကြား ထဲမှာ ထွက်ပေါ်နေတာ ကြာပါပြီ။

ဒေါက်တာ သန်းငြိမ်းက ဒီမိုကရေစီပါတီမှာ အယူအဆကွဲလွဲမှုရှိစမြဲဘဲ၊ ဒါဟာ ပါတီ တွင်းကိစ္စဖြစ်လို့ ပါတီတွင်းမှာဘဲ ရှင်းရမယ်ရယ်လို့ဖြေကြားသွားပါတယ်။ တကယ်တော့ ဒါဟာ အန်ဒီအက်ဖ်ပါတီ တခုတည်းနဲ့သာဆိုင်တဲ့ ပါတီတွင်းကိစ္စ မဟုတ်ပါဘူး။ ပါတီရံပုံငွေတွေ စီးဆင်း ဝင်ရောက်လာမှုနဲ့ စပ်လျဉ်းပြီး ရှင်းရှင်းလင်းလင်း စာရင်းတွေ ထားရှိကျင့်သုံးရမယ်ဆိုတာဟာ ဒီမိုကရေစီနိုင်ငံတွေမှာ နိုင်ငံရေးပါတီမှန်သမျှ လိုက်နာကျင့်သုံးရမယ့် မူပါဘဲ။ ဒီမူကို ဥပဒေနဲ့ အညီ စနစ်တကျ ကျင့်သုံးနိုင်တဲ့ တိုင်းပြည်တွေမှာ နိုင်ငံရေးပါတီစနစ်ဟာ အားကောင်း ခိုင်မာပါ တယ်။ စစ်အာဏာရှင်တွေရဲ့ အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို ပြောင်းသွားတဲ့ တောင် ကိုရီးယားနိုင်ငံကို ကြည့်ပါ။ နိုင်ငံရေးပါတီစနစ် တစုံတရာ အားကောင်းခိုင်မာနေတာ တွေ့ရ မှာပါ။ ဒါပေမယ့် ဒီမူကို ဥပဒေနဲ့အညီ စနစ်တကျ မကျင့်သုံးနိုင်တာကြောင့် နိုင်ငံရေးပါတီ စနစ် ချွတ်ခြုံကျပြီး တိုင်းပြည် အကြီးအကျယ် ကမောက်ကမဖြစ်သွားခဲ့တဲ့ အိမ်နီးချင်း ထိုင်းနိုင်ငံ ကဖြစ်ရပ်ကိုလည်း နိုင်းယှဉ်လေ့လာနိုင်ပါတယ်။

ထိုင်းနိုင်ငံမှာ ထိုင်းရက်ထိုင်းပါတီ၊ ပြည်သူ့စွမ်းအားပါတီနဲ့ တချို့ပါတီတွေမှာ ပါတီရံပုံငွေ တွေ ပါတီတွင်းကို ဘယ်လိုစီးဆင်းလာတယ်ဆိုတာ ပါတီဝင်အောက်ခြေထုတွေ မသိကြပါဘူး။ ထိုင်းဝန်ကြီးချုပ်ဟောင်း ထပ်က်ဆင်က လွှဲပြောင်းပေးအပ်လိုက်တဲ့ ပါတီရံပုံငွေတွေကို လျှို့ဝှက် စွာ စာရင်းဖွင့်ပြီး ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် မဲဝယ်တဲ့ကိစ္စတွေမှာ အသုံးပြုတယ် ဆိုတဲ့သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။ တချို့နိုင်ငံရေးပါတီတွေ လျှို့ဝှက်ရံပုံငွေတွေနဲ့ မဲဝယ်၊ ရွေးကောက်ပွဲမှာ လွှတ်တော်အမတ်နေရာ များများရအောင်လုပ်၊ နိုင်ငံရေးအာဏာရအောင်

ယူ စတဲ့လုပ်ရပ်တွေကြောင့် ပေါ်ပေါက်နေတဲ့ နိုင်ငံရေးပြဿနာကြီးကို ထိုင်းနိုင်ငံဟာ အခုထက်ထိ မရှင်းနိုင်သေးပါဘူး။ မြန်မာနိုင်ငံအတွင်းမှာ ဒီမိုကရေစီကို ဦးတည်တဲ့ နိုင်ငံရေးပါတီ စနစ်ကို ဝိုင်းဝန်းတည်ဆောက်ချင်ကြတဲ့ နိုင်ငံရေးပါတီမှန်သမျှဟာ အခြားနိုင်ငံတွေရဲ့ လက်တွေ့ သာဓကတွေကနေ သင်ခန်းစာယူဖို့ လိုမှာပါ။

နိုင်ငံရေးပါတီတခုချင်းစီအတွင်းမှာ ပါတီရံပုံငွေတွေကို ဘယ်လို ရှင်းရှင်းလင်းလင်းထားရှိ ကိုင်တွယ် သုံးစွဲသင့်တယ်၊ ပါတီဝင်ထုတွေကို အသိပေးသင့်တယ်၊ ဥပဒေနဲ့အညီ စာရင်းစစ်ဆေးမှုတွေကိုခံယူပြီး လိုအပ်ရင်အများသိအောင် ထုတ်ဖော်သင့်တယ်ဆိုတဲ့ ကိစ္စရပ်တွေဟာ ပါတီတွင်းကိစ္စသက်သက်ရယ်လို့ သဘောထားပြီး ထင်သလိုချယ်လှယ်လို့ မရနိုင်ပါဘူး။ အဲသလို လုပ်ဆောင်မယ်ဆိုရင် လျှို့ဝှက်တဲ့ ပါတီစနစ်ထွန်းကားပြီး ငွေရှင်ကြေးရှင်တွေနဲ့ အာဏာရှင်တွေ ကြီးစိုးခွင့်ရမယ့် ပါတီစုံဒီမိုကရေစီအတုသာလျှင် ရှင်သန်ကြီးထွားနေမှာ ဖြစ်ပါတယ်။

(FES) ရဲ့ ဘာလင်ဆွေးနွေးပွဲအပြီးမှာ ဘီဘီစီကနေ ဒေါက်တာခင်ဇော်ဝင်းကို အင်တာဗျူးလုပ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌဟောင်း ဦးတင်ဦးက ပြည်တွင်း ကနေ ကန့်ကွက်စာပို့တာကို သူလက်မခံကြောင်းနဲ့ ဒီအစည်းအဝေးဟာ အသံစုံ၊ ရှုဒေါင့်စုံ ထွက်လာအောင် ဖန်တီးပေးတာ၊ ဒါကိုမှမကြေနပ်ရင် ဒီမိုကရေစီမအော်နဲ့တော့ဆိုပြီး ဖြေကြားသွားခဲ့ပါတယ်။ တကယ်တော့ ဒီအစည်းအဝေးဟာ အသံစုံ ရှုဒေါင့်စုံ ထွက်လာအောင် ဖန်တီးပေးတာ မဟုတ်ပါဘူး။ အဲသလို ဖန်တီးထားသယောင်နဲ့ ၂၀၁၀ ရွေးကောက်ပွဲ လမ်းကြောင်းကို ဂျာမန် လူထုတွေနဲ့ ဥရောပသမဂ္ဂကပါ ထောက်ခံလာအောင် ဝါဒဖြန့်ချိဖို့ စနစ်တကျ စီစဉ်ခဲ့တဲ့ အစည်းအဝေးလို့ပြောရင် မမှားပါဘူး။ ဒါကို သက်သေပြဖို့ အစည်းအဝေးနောက်ကွယ်က အခြေအနေ တချို့ကို ရှင်းပြဖို့လိုပါလိမ့်မယ်။

(FES) အစည်းအဝေးကိုတက်ရောက်ဖို့ ဖိတ်ကြားချက်ကို လက်ခံရရှိတဲ့အခါ လေ့လာကြည့်တော့ ကန့်ကွက်ရမယ့်အချက်တခုနဲ့ တောင်းဆိုသင့်တဲ့အချက်တခုကို တွေ့ရပါတယ်။ ကန့်ကွက်ရမယ့်အချက်ကတော့ အစည်းအဝေးအစီအစဉ်မှာ ဖော်ပြထားတဲ့ (အာဏာလွှဲပြောင်းခြင်းနှင့် အသစ်ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားတဲ့ပါလီမန်) ဆိုတဲ့ ခေါင်းစဉ်ဖြစ်တယ်။ ၂၀၁၀ ရွေးကောက်ပွဲကို မကျင်းပရသေးတာ အားလုံးအသိပါ။ ရွေးကောက်ပွဲမကျင်းပနိုင်လို့ ပယ်ဖျက်လိုက်ရတဲ့ နေရာတွေရှိသလို ရွေးကောက်ပွဲကျင်းပတဲ့အခါ လူထုက သပိတ်မှောက်မယ်ဆိုတဲ့ အသံတွေလဲ ထွက်နေပါတယ်။ တချို့နိုင်ငံတွေကလည်း ရွေးကောက်ပွဲရဲ့ တရားဝင်မှုကို သံသယရှိတဲ့ ထုတ်ဖော်သံတွေလည်း ကြားနေရပါတယ်။ ဒါတွေကြောင့် ၂၀၁၀ ရွေးကောက်ပွဲ တရားဝင်ဖြစ် မဖြစ်ဆိုတာ မသေချာသေးပါဘူး။ ဒီလိုရှိနေပါရက်နဲ့ ရွေးကောက်ပွဲအပြီးမှာ ပေါ်လာမယ့် လွှတ်တော်ကို အခုကတည်းက ကြိုတင်အသိအမှတ်ပြုသလို အဲဒီခေါင်းစဉ်နဲ့ ဆွေးနွေးရမယ်ဆိုတာဟာ သဘာဝမကျဘူးရယ်လို့ စာရေးသူက ကန့်ကွက်ခဲ့တာပါ။ ဒါပေမယ့် (FES) က အဲဒီခေါင်းစဉ်ကို ထားမြဲအတိုင်း ဆက်ထားပါတယ်။

တောင်းဆိုတဲ့အချက်ကတော့ ဦးဆောင်ဆွေးနွေးမယ့် ပုဂ္ဂိုလ်တွေကိစ္စ ဖြစ်ပါတယ်။ အစည်းအဝေး အစီအစဉ်မူကြမ်းမှာ အဓိက ဦးဆောင်ဆွေးနွေးမယ့်သူတွေအဖြစ် ဒေါက်တာ

ခင်ဇော်ဝင်း၊ ဒေါက်တာနေဝင်းမောင်နဲ့ Andrea List တို့သုံးဦးကို ဖော်ပြထားပါတယ်။ ဒေါက်တာ ခင်ဇော်ဝင်း၊ ဒေါက်တာ နေဝင်းမောင် တို့က မြန်မာနိုင်ငံတွင်းက လာရောက်ကြမှာ ဖြစ်ပြီး၊ Andreas List ကတော့ ဥရောပသမဂ္ဂ ဥရောပကော်မရှင်ရဲ့ အရှေ့တောင်အာရှ ဌာနခွဲကနေ လာရောက်ဆွေးနွေးမယ်လို့ ဖော်ပြထားပါတယ်။ ဒေါက်တာနှစ်ဦးဟာ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲလမ်းကြောင်းကို ထောက်ခံဆွေးနွေးကြမယ်ဆိုတာ ပြည်တွင်းက လူအများစု သိနေကြတဲ့ကိစ္စပါ။ Andreas List ဟာလည်း ဥရောပသမဂ္ဂအတွင်းမှာ ဒီလမ်းကြောင်းကို ပံ့ပိုးဖော်ဆောင်နေသူဖြစ်ကြောင်း ဒီမိုကရေစီရေး လှုပ်ရှားသူတွေ နားလည်နေကြပါတယ်။ ဒီတော့ ဒီအချက်တွေကို ထောက်ပြပြီး (FES) နဲ့ ညှိပါတယ်။ (FES) ဆွေးနွေးပွဲကို ဒီအတိုင်းသာ ကျင်းပသွားမယ်ဆိုရင် ၂၀၁၀ ရွေးကောက်ပွဲကို ထောက်ခံပွဲကြီး ဖြစ်နေမယ်။ ကန့်ကွက်တဲ့ အခြေခံကနေ မိမိဆွေးနွေးလိုပါတယ်။ ထောက်ခံဆွေးနွေးမယ့် အထက်ပါပုဂ္ဂိုလ်သုံးဦးကို တဦးကို (၁၅) မိနစ်အကျစီနဲ့ စုစုပေါင်း (၄၅) မိနစ်အချိန်ပေးမယ်ဆိုရင် ကန့်ကွက်ဆွေးနွေးမယ့် မိမိတဦးတည်းကို မိနစ် (၂၀) ဘဲ အချိန်ပေးပါလို့ တောင်းဆိုပါတယ်။ ဒါပေမယ့် (၁၀) မိနစ်ဘဲ ဆွေးနွေးဖို့ (FES) က ခွင့်ပြုခဲ့ပါတယ်။ ဒီလို အခြေအနေအောက်မှာ ဘာလင် အစည်းအဝေးကို ကျင်းပခဲ့တာဖြစ်တဲ့အတွက် အသံစုံရှု့ဒေါင့်စုံထွက်ဖို့ဆိုတာထက် ၂၀၁၀ ရွေးကောက်ပွဲကို ဂျာမန်လူထုနဲ့ ဥရောပသမဂ္ဂက ထောက်ခံလာအောင် စနစ်တကျစီစဥ်ခဲ့တဲ့ အစည်းအဝေးလို့ ပြောရမှာဖြစ်ပါတယ်။

ဘာလင် အစည်းအဝေးမှာ အသံစုံရှု့ဒေါင့်စုံ ထွက်လာအောင် ဖန်တီးပေးတဲ့ အစည်းအဝေးမျိုးကို လွတ်လပ်စွာကျင်းပခွင့်ပြုဖို့ ပြည်တွင်းမှာ ထိထိရောက်ရောက် လှုပ်ရှား တောင်းဆိုတာတွေမလုပ်ဘဲ ဘာလင်အစည်းအဝေးမှာကျမှ ဘာကြောင့် အော်ဟစ်ပြောဆို လာသလဲဆိုတဲ့ မေးခွန်းကိုတော့ ပြည်တွင်းကလူထုတွေ ဒေါက်တာခင်ဇော်ဝင်းကို မေးကောင်း မေးကြမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
Email: blcsan@ksc.th.com, Website: www.blc-burma.orgP.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,

# နအဖ စစ်အစိုးရ၏ ရွေးကောက်ပွဲကော်မရှင် ကြေညာချက်အမှတ် (၉၇/၂၀၁၀) သည် ပါတီစုံစနစ်ကို ဖျက်သိမ်းခြင်းဖြစ်ကြောင်း ဥပဒေရေးရာ ဝေဖန်သုံးသပ်ချက်

၁။ နအဖ ရွေးကောက်ပွဲကော်မရှင်သည် ကြေညာချက် အမှတ် (၉၇/၂၀၁၀) ကိုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ကြေညာချက် အပိုဒ် (၃) အရ သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိ၍ ဥပဒေအရ အလိုအလျောက် ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်။ ၎င်းတို့ ဖျက်သိမ်းခြင်းခံရသောပါတီများမှာ

(က) ပြည်ထောင်စု ပအိုဝ်း အမျိုးသား အဖွဲ့ချုပ်
(ခ) ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်
(ဂ) ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ
(ဃ) ဝ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ
(င) အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် – ဟူ၍ ဖော်ပြထားသည်။

သို့ဖြစ်ရာအဓိက အတိုက်အခံနိုင်ငံရေးပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီကို ဖျက်သိမ်းပစ်လိုက်ခြင်းဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအနေဖြင့် နိုင်ငံရေး ပါတီတရပ်ရပ်အား ဤကဲ့သို့ ဖျက်သိမ်းရန် လုပ်ပိုင်ခွင့်အာဏာမရှိပါ။

၂။ ထို့ပြင် ကြေညာချက် အပိုဒ် (၆) တွင်လည်း မှတ်ပုံတင်ခွင့်ပေးခဲ့ပြီးဖြစ်သည့် နိုင်ငံရေး ပါတီ (၅) ပါတီသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်မဲဆန္ဒနယ်များ အနက် အနည်းဆုံး မဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက် ယှဉ်ပြိုင်ခြင်း မပြုနိုင်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်းဥပဒေ ပုဒ်မ ၁၂ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်၍ ပါတီများ ကိုလည်း ဖျက်သိမ်းလိုက်သည်ဟု ကြေညာခဲ့ပါသည်။ ၎င်းတို့မှာ –

(က) ပြည်ထောင်စု ကရင် အမျိုးသားများအဖွဲ့ချုပ်
(ခ) မြန်မာ့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ
(ဂ) မြန်မာ ဒီမိုကရေစီ ကွန်ဂရက်ပါတီ

Myanmar Democracy Congress

(ဃ) မြို တိုင်းရင်းသားပါတီ၊
(င) ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပါတီ – ဟူ၍ ဖော်ပြထားသည်။

ပါတီတိုင်းသည် ရွေးကောက်ပွဲဝင်မှ မဟုတ်ပါ။ ရွေးကောက်ပွဲမဝင်လျှင်လည်း ပါတီတရပ်ကို ထူထောင်ခွင့်နှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်ရှိရပါမည်။ ယခုကဲ့သို့ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ အနေဖြင့် နိုင်ငံရေးပါတီတရပ်ရပ်အား အကြောင်းမဲ့ ဖျက်သိမ်းရန် လုပ်ပိုင်ခွင့်အာဏာမရှိပါ။

၃။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေပညာရှင်များအဖွဲ့မှ ထုတ်ဝေဖြန့်ချိသော အပြည်ပြည်ဆိုင်ရာ ရွေးကောက်ပွဲ လေ့လာချက်စာတမ်းပါ မရှိမဖြစ် လိုအပ်သော အောက်ပါ အခြေခံစံထားချက်များကို လေးစားလိုက်နာရပါမည်။

၁။ ရွေးကောက်ပွဲ ကျင်းပသော နိုင်ငံတွင် ဤအခြေအနေများနှင့် ပြည့်စုံရမည်။

(က) အစိုးရအာဏာပိုင်နေရာအတွက် အရွေးခံခွင့်နှင့် လျှို့ဝှက်မဲပေးမှု အခွင့်အရေး အပါအဝင် နိုင်ငံသားများ၏ နိုင်ငံရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့် စွမ်းရည်များအပေါ် အကျိုးအကြောင်း ဆီလျော်မှုမရှိသော ကန့်သတ်တားမြစ်ချက်များ မထားရ။

(ခ) ရွေးကောက်ပွဲတွင် အရွေးခံရမည့် ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲအစီအစဉ်များကို နိုင်ငံသားများအား အသိပေးခြင်း၊ နိုင်ငံရေး စည်းရုံးမှုနှင့် လှုံ့ဆော်မှုတို့ပြုလုပ်ခြင်းတို့ကို ခွင့်ပြုခြင်းအလို့ငှာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စည်းရုံးစုဝေးခြင်း လွတ်လပ်ခွင့်တို့ကို လေးစားခွင့်ပြုထားရမည်။

၂။ နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင်ရှိသော ထောက်ခံဆန္ဒမဲများအလိုက် ရာထူးဆက်ခံခွင့်နှင့် အာဏာလွှဲပြောင်းရယူခွင့် အပါအဝင် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရမည်။

အထက်ပါ အခြေအနေများမရှိဘဲ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်ဟု မသတ်မှတ်နိုင်ပါ။

သို့ဖြစ်ရာ ယခုကဲ့သို့ ကြေညာချက်ထုတ်၍ ပြဋ္ဌာန်းချက်များသည် အကျိုးအကြောင်းဆီလျော်မှု မရှိသည့်အပြင် ကန့်သတ်တားမြစ်ချက်များမထားရဆိုသော စံထားရမည့်အခြေခံမှုကိုချိုးဖောက်ပြီး ပြဋ္ဌာန်းခြင်းဖြစ်သည့်အတွက် နိုင်ငံရေးပါတီများအနေဖြင့် စစ်အာဏာရှင်စနစ်သက်ဆိုးရှည်စေမည့် မတရားသည့် အမိန့်အာဏာမှန်သမျှနှင့် ယခုကဲ့သို့ ညွှန်ကြားချက်၊ ကြေညာချက်များကို ဆန့်ကျင်တိုက်ဖျက်ပစ်ရန် လိုအပ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

ဥပဒေရေးရာသုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

# ရွေးကောက်ပွဲအပေါ် ပြိုင်ဘက်ပါတီတွေရဲ့အမြင်

ဒီမိုကရက်တစ်ပါတီ (မြန်မာ) က ရွေးကောက်ပွဲဝင်တဲ့ပါတီတွေထဲမှ ဒုတိယအင်းအားအများဆုံးပါတီတခုဖြစ်ပြီး ဥက္ကဋ္ဌ ဦးသုဝေနဲ့ အတွင်းရေးမှူး (၃) ဦးလုံး ရှုံးနိမ့်ခဲ့ရတဲ့အပေါ် ပါတီရဲ့ အတွင်းရေးမှူး ဒေါ်နေရီဗဆွေက ရွေးကောက်ပွဲကို ဒီလိုမြင်ပါတယ်။

"ဟုတ်တယ်၊ တယောက်မှမရပါဘူး၊ နိုင်ချေရှိတဲ့လူတွေကလည်း ကြိုတင်မဲတွေနဲ့ ဦးသုဝေတို့လည်း အပြိုင်အဆိုင်ပေါ့။ နောက်ဆုံးတော့ ကြိုတင်မဲတွေနဲ့ပဲ။ သူတို့မပေးခင် ကြိုတင်မဲတွေအများကြီးကို ချပေးလိုက်တာပဲ။ အဲဒါဆို မရတော့ဘူး၊ ရလဒ်က မမြင်ဘူး၊ မကြားဘူးတဲ့ ရလဒ်တွေ၊ ဒါတွေကလည်း တယောက်ထဲသိတာမဟုတ်ဘူး။ ဗမာပြည်တပြည်လုံးမှာ တွေ့ရတယ်။ မြင်ရတယ်၊ ကြားရတယ်၊ ခံစားရတယ်၊ ဘာတွေလုပ်နေလဲဆိုတာ အကုန်လုံးသိနေတဲ့ဟာ၊ အိန္ဒြေမရှိလောက်အောင်ပဲထင်ရှား၊ သိက္ခာမရှိလောက်အောင်ကို ပေါ်နေတာပဲ၊ ကြေညာချက်ထုတ်တဲ့အခါမှာလည်း တပါတီတည်းမလုပ်ဘူး။ အန်တီတို့က အခုစဉ်းစားတယ်။ အကုန်လုံးက ခံရတာကို အကုန်လုံးခံရတော့ လက်တွဲပြီးတော့ အကုန်ဆိုင်းထိုးပြီးတော့ တင်မှာပေါ့။ အပေါ်ဆုံးထိတောင်တင်မယ်။ အကုန်လုံးဆိုင်ရာ ဆိုင်ရာကိုတင်မယ်။"

*(ဒီဗွီဘီ၊ နိုဝင်ဘာ (၉)၊ ၂၀၁၀)*

ဒီမိုကရက်တစ်ပါတီ (မြန်မာ) နောက်တဦးဖြစ်တဲ့ ဦးစိုးကြည်က "ပြည်သူတွေကိုယ်စားမားမားမတ်မတ် ရပ်တည်ပေးလို့ ကတိဝန်ခံချက်တွေနဲ့ ရွေးကောက်ပွဲဝင်ခဲ့ပေမယ့် ကျနော်တို့ကိုယ်ကို ကျနော်တို့ မကာကွယ်လိုက်နိုင်တဲ့အတွက် မဲပေးခဲ့တဲ့ပြည်သူတွေကို ဝန်ချတောင်းပန်ပါတယ်"လို့ ကိုယ်စားလှယ်လောင်း (၈) ဦး ပေါင်းပြီး နိုဝင်ဘာလ (၁၁) ရက်နေ့က လုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတာဖြစ်ပါတယ်။

*(ဧရာဝတီ၊ နိုဝင်ဘာ ၁၂၊ ၂၀၁၀)*

မတူးကွဲပြားခြင်းနဲ့ ငြိမ်းချမ်းရေးပါတီက အတွင်းရေးမှူးဖြစ်တဲ့ ဦးနေမျိုးဝေ ကလည်း "ဘိုကလေးလိုနယ်မြေမှာတောင် ကြံ့ခိုင်ရေးက ပထမ၊ ကျနော်တို့ပါတီက ဒုတိယပေါ့။ အဲလောက်ပဲ လိုက်မှာပေါ့။ ကြိုတင်မဲ ကြိုတင်မဲတွေတင်ပြတ်သွားပြီ။ ကျနော်တို့ ဘိုကလေးမှာဆို ဘယ်လောက်ထိဆိုးဝါးသလဲဆိုရင် ကျနော်တို့ ပါတီက စီအီးစီလို လူမျိုးတွေတောင်မှ နောက်တခါ ပါတီဝင်တွေ မဲစာရင်းမပါလို့ မဲမထည့်ရဘူး။ ဒီနိုင်ငံမှာက အုပ်ချုပ်ရေးယန္တရားက ဘယ်လိုဖြစ်လည်းဆိုတော့ ဆယ်အိမ်ခေါင်းတို့ ရာအိမ်မှူးတို့နဲ့ လည်ပတ်တာ။ ဆယ်အိမ်ခေါင်းဆိုတာ ဆယ်အိမ်လောက်မှာနေတဲ့လူဗျ။ ကိုယ်တနယ်တည်းအတူနေတဲ့လူ၊ ဘာမှမသိစရာအကြောင်းမရှိဘူး၊ ဆွေစဉ်မျိုးဆက် ဇယားလိုက်ကိုသိတာ၊ အဲလိုလူမျိုးတွေရှိပါလျက်နဲ့ မဲစာရင်းမှာ မပါဘူး။ နောက်တခုက မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီက ကိုယ်စားလှယ်က ယဇနမှာ မဲရုံကိုဝင်တာမရဘူး။ ဒါမျိုးတွေပေါ့၊ နောက်တခါ မတူကွဲပြား၊ မထင်မရှားကို ပယ်မဲလုပ်တယ်၊ အဲဒါမျိုးဆိုတော့ ဒီဟာက ညွှန်ကြားချက်တွေဘာတွေက နိုင်ငံတော်အကြီးအကဲတွေက အဲလိုမျိုးညွှန်ကြားထားသလား။ ဒါမှမဟုတ် သခင်အားရ ကျွန်ပါးဝ၊ တိုင် းပြည်ပျက်ပြီး၊ အောက်ကဖော်လန်ဖားတွေ လျှောက်လုပ်နေတာ အားကြီးပဲ၊ ဗိုလ်ချုပ်ကြီးသန်းရွှေက အလုပ်ရှုပ် ခံပြီးမညွှန်ကြားဘူး"။ *(ဒီဗွီဘီ (၉) နိုဝင်ဘာ၊ ၂၀၁၀)*

မတူကွဲပြားခြင်းနဲ့ ငြိမ်းချမ်းရေးပါတီက နောက်တဦးဖြစ်တဲ့ ဦးညိုမင်းလွင် ကလည်း "ရွေးကောက်ပွဲမှာ စစ်သားတွေကို ခြသေ့်ကို အမှန်ခြစ်၊ ထောက်ခံမဲပေးဖို့ အမိန့်တွေ ထွက်ပေါ်ခဲ့တယ်။ ကျနော်က မင်္ဂလာဒုံမှာပြိုင်တော့ စစ်တပ်တွေရဲ့ ကြိုတင်မဲအားလုံးက ခြသေ့်ဘေးမှာ အမှန်ခြစ်ထားတဲ့မဲတွေဖြစ်နေတယ်"။ *(ဧရာဝတီ၊ နိုဝင်ဘာ ၁၁၊ သတင်းစာရှင်းလင်းပွဲ)*

မြောက်ဥက္ကလာပမှာ တသီးပုဂ္ဂလအနေနဲ့ ဝင်ပြီးယှဉ်ပြိုင်ခဲ့တဲ့ ဦးဘတင့်ဆွေရဲ့ ရွေးကောက်ပွဲအပေါ် မြင်တဲ့ အမြင်ကလည်း "ကျနော့် မြောက်ဥက္ကလာပမှာက မဲရုံပေါင်း (၃၃၃) ရုံရှိတယ်။ ကျနော်တို့က (၂၀၀) ကျော်ရဲ့ အဖြေပဲသိရပြီးတော့ (၁၃၀) လောက်ရဲ့အဖြေ မသိသေးဘူး။ မြို့နယ်ကော်မရှင်ကို ဒီက အဖြေတိတိကျကျထုတ်ပေးပါ။ ကျနော်တို့ သိချင်လို့ဆိုတော့ တိုင်းကော်မရှင်ကိုမေးပါတဲ့။ သူတို့က ပြောခွင့်မရှိဘူးလို့ ပြောတယ်။ ဆက်သွယ်လို့လည်း မရဘူး။ မြို့နယ်ကော်မရှင်ကို မေးတော့ မြို့နယ်မရှင်ကလည်း မနက်ပိုင်းကနေ ညနေအထိ လူမရှိဘူး။ အဲဒါတွေကလည်း တော်တော်များများကို အဲလိုဖြစ်နေတော့ ကျနော်လည်း ကျနော့်သူငယ်ချင်း ရန်ကျော်နဲ့ တိုင်ပင်နေတယ်။ တခြားလူတွေနဲ့လည်း ရှေ့ဆက်ဘယ်လိုသွားမလဲ။ ဒီနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုမှာ ကျနော်တို့က ဘယ်အတိုင်းအတာထိ ပါဝင်ခွင့်ရမလဲ။ ဘေးကနေ ပံ့ပိုးရမလဲ။ အဲဒါတွေစဉ်းစားပြီးတော့ သိပ်မကြာခင်မှာ သဘောထားတခု ထုတ်ပြန်ဖို့ ကြိုးစားနေတယ်။" *( ဒီဗွီဘီ ၉၊ နိုဝင်ဘာ၊ ၂၀၁၀)*

တောင်ဥက္ကလာပမှာ တသီးပုဂ္ဂလအဖြစ်နဲ့ ဝင်ပြိုင်ခဲ့သူနောက်တဦးဖြစ်တဲ့ ဦးကောင်းမြတ်ထွဋ်ရဲ့ အမြင်ကလည်း "ကော်မရှင်ရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံတွေ၊ နောက်တခါ အာဏာပိုင်နဲ့ ပတ်သက်တဲ့သူတချို့ ဆောင်ရွက်မှုတွေကို ဒီလို အများပြည်သူ ဘဝင်မကျစရာဖြစ်နေတာဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဒီကိစ္စတွေကို ချက်ချင်းဖော်ထုတ်ပြီးတော့ ပြင်းထန်စွာ အရေးယူသင့်တယ်လို့ ကျနော်တို့က မြင်တယ်။ မဲစာရင်းရေတွက်ပုံတွေ၊ ရလာတဲ့ မဲရလဒ်တွေ ကျနော်တို့က လက်မှတ်ထိုးကြမှာ မဟုတ်ဘူး။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆီကို ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်ပေးဖို့ ကျနော်တို့က တိုင်ကြားဖို့စီစဉ်ထားပါတယ်။"

*( ဗွီအိုအေ၊ ၁၁၊ နိုဝင်ဘာ ၂၀၁၀)*

အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ရဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း ကတော့ "ရွေးကောက်ပွဲဖြစ်လာတဲ့အခါကျတော့ ကြိုတင်မဲတွေက အများဆုံး ရွေးကောက်ပွဲရလဒ်တွေကို ကပြောင်းကပြန် ဖြစ်သွားစေတယ်ပေါ့ဗျာ။ အခြားလည်း တရားမဲ့ပြုကျင့်မှုတွေဖြစ်တယ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေဟာ သူတို့ဒေသတွေအသီးသီးမှာ အဲဒီလိုခံစားကြရတော့ ရွေးကောက်ပွဲမဲတွေ ရေတွက်ပြီးတဲ့အချိန်မှာ သူတို့မကျေနပ်ချက်နေတွေ၊ တရားမဲ့ပြုကျင့်မှုတွေနဲ့ပတ်သက်ပြီးတော့ သူတို့ကန့်ကွက်တယ်၊ အဲဒီရွေးကောက်ပွဲရလဒ် စာရွက်၊ စာရင်းဇယားပုံစံ (၁၉) ကို လက်မှတ်မထိုးကြဘူး။ ကျနော့်ဆီကိုလည်း ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ သတင်းတွေ အများကြီးပဲပို့သည်။ ပြည်ထောင်စုကော်မရှင်ကို ဖြစ်ပေါ်လာခဲ့တဲ့ တရားမဲ့ပြုကျင့်မှုများကို အမျိုးအစားလိုက် ခွဲခြားပီးတော့ တင်ပြမယ်။ ဒါတွေကိုပြန်ပြီးတော့ အမှန်တိုင်းဖြစ်အောင် ပြုပြင်ဆောင်ရွက်ပေးဖို့ ကျနော်တို့တောင်းဆိုတယ်။ တကယ်လို့ သူတို့အနေနဲ့ ဒါတွေကို စစ်ဆေးချင်တယ်ဆိုလို့ရှိရင် ကျနော်တို့မှာ ခိုင်လုံတဲ့အထောက်အထားတွေ ရှိပါတယ်ဆိုတာကို ရေးသားထားပြီးပြီ။ မနက်ဖြန် ဒါကို ကျနော်တို့တင်ပြမယ်။" *(ဗွီအိုအေ၊ ၁၁၊ နိုဝင်ဘာ ၂၀၁၀)*

ပြည်ထောင်စုဒီမိုကရေစီပါတီ UDP ဥက္ကဋ္ဌ ဦးသိန်းဌေး၊ ပဲခူးတိုင်း အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁) က "မဲရုံမှာ တာဝန်ရှိတဲ့ မဲရုံမှူးတွေကနေပြီးတော့ လုံခြုံရေးအထိ အဆင့်ဆင့်ရယ်၊ ကော်မရှင်အဆင့်ဆင့်ရယ်က ကြံ့ခိုင်ရေးပါတီဝင်တွေနဲ့ ပူပေါင်းပြီးတော့ မဲရုံမှာ မသမာမှုတွေလုပ်တယ်။ ကြိုတင်မဲတွေ မတရားယူထားတယ်။ မဲလိမ်တယ်၊ မဲခိုးတယ်၊ ရွေးကောက်ပွဲဥပဒေမှန်သမျှကို ချိုးဖောက်တယ်။ အဲဒါတွေကြောင့် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုပါဘူး။"

*(မဇ္ဈိမ၊ ၁၀၊ နိုဝင်ဘာ ၂၀၁၀)*

အမတ် (၄၇) နေရာထဲက (၁၈) နေရာအနိုင်ရခဲ့တဲ့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ RNDP ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ကတော့ "(၁၈) ဦးနဲ့ ကျနော်တို့လွှတ်တော်ကို မစိုးမိုးနိုင်ဘူး။ သို့သော် အတိုင်းအတာတခုထိတော့ ထိန်းနိုင်မယ်။ ယာယီမဟာမိတ်အားဖြင့် တခြားသူတွေနဲ့ လုပ်ဆောင်သွားမှာပါ။ ပြည်နယ်တောင်ပိုင်းမှာ အနိုင်ရတဲ့ တစည်ပါတီနဲ့လည်း ပေါင်းပါမယ်။ ပြည်သူတွေက ရွေးပြီးပြီးဆိုတော့ ဥပဒေပြုတဲ့အခါ လုပ်ချင် လုပ်မရအောင်၊ ပြည်သူဘက်က ကာကွယ်နိုင်အောင်၊ ပြည်သူအတွက် မလိုအပ်တဲ့ဥပဒေတွေကို ပယ်ဖျက်နိုင်ဖို့လိုပါသည်။"

(မဇ္ဈိမ၊ နိုဝင်ဘာ ၁၀၊ ၂၀၁၀)

မွန်ဒေတလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၊ ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ပါတီဥက္ကဋ္ဌဖြစ်တဲ့ နိုင်ငွေသိန်းကလည်း "အန်ကယ်တို့ကတော့ မဲရုံတိုင်းမှာနိုင်နေတယ်။ တော်တော်လေးကိုနိုင်ပါတယ်။ ဒါပေမယ့်လို့ နောက်ဆုံး ကြိုတင်မဲ (၅၀၀၀) လောက်ဝင်လာတဲ့အခါကျတော့ ရှုံးသွားတယ်။ ကျိုက်မရောမှာက အန်ကယ်က ပြည်သူ့လွှတ်တော်အနေနဲ့ ဝင်ရွေးတာ။ ဒေါက်တာလှအောင်က အမျိုးသားလွှတ်တော်နဲ့ ဝင်ရွေးတယ်။ တယောက်ပဲရတာက နိုင်ချမ်းဆိုတဲ့ ပုဂ္ဂိုလ်က ရသွားတယ်။ သူက ပြည်နယ်လွှတ်တော်၊ ကျနော်တို့နှစ်ယောက်က မရဘူးပေါ့နော်။ ပြည်နယ်လွှတ်တော်မရဘူးလေ။ အာလုံး (၄) ယောက်၊ ပြည်နယ်လွှတ်တော် (၂) ယောက်၊ ပြည်သူ့လွှတ်တော် (၁) ယောက်၊ အမျိုးသားလွှတ်တော် (၁) ယောက်၊ အန်ကယ်နဲ့ ဒေါက်တာလှအောင် နှစ်ယောက်ကတော့ တကယ့် တကယ်ကြိုတင်မဲရောက်လာလို့ ရှုံးသွားတယ်။ အန်ကယ်တို့ စာတင်ထားတယ်လေ။"

*(ဒီဗွီဘီ၊ နိုဝင်ဘာ ၁၁၊ ၂၀၁၀)*

ချင်းအမျိုးသားပါတီ CNP ရဲ့ ဒုဥက္ကဋ္ဌ ဦးချမ်ဟရဲကလည်း "ချင်းပါတီတွေ ပူးတွဲလုပ်သွားဖို့က အရေးကြီးတယ်။ ကျနော်တို့က အတိုက်အခံပါတီတွေဖြစ်တာကိုး။ အဲဒီတော့ အနည်းနဲ့အများ လက်တွဲမယ့်သဘောရှိတယ်။ အစိုးရအဖွဲ့ကို ကျနော်တို့ပါတီငယ်တွေအတွက် သူတို့ဆောင်ရွက်ချက်တွေ လေ့လာသုံးသပ်ပြီး လိုအပ်သလို အကြံပြုမယ်။ ဝေဖန်မယ်။ လိုအပ်ရင် ကန့်ကွက်မှာပေါ့လေ။ နိုင်တာ မနိုင်တာက တပိုင်းပေါ့။ CNP နဲ့ CPP တွဲတာကောင်းပါတယ်။"

*(မဇ္ဈိမ၊ နိုဝင်ဘာလ ၁၀၊ ၂၀၁၀)*

## တရားဥပဒေစိုးမိုးရေး

# နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်ပေါ်ပေါက်ရေးဟာ မြန်မာနိုင်ငံ ဒီမိုကရေစီရေး အပြောင်းအလဲအတွက် အထောက်အပံ့ရစေဖို့ ဘာကြောင့်အရေးကြီးသလဲ

မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုနဲ့ စစ်ရာဇဝတ်မှုတွေကို ကုလသမဂ္ဂအနေနဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းစစ်ဆေးစေရေးအတွက် အမေရိကန်ပြည်ထောင်စုက ထောက်ခံဖို့ ဆုံးဖြတ်လိုက်တယ်ဆိုတဲ့သတင်းတွေ ပြီးခဲ့တဲ့အပတ်က ထွက်ပေါ်လာခဲ့ပါတယ်။ အမေရိကန်သမတအိမ်ဖြူတော်က တရားဝင်ထုတ်ပြန်တာ မဟုတ်ဘဲ ဝါရှင်တန်ပို့စ်သတင်းစာကြီးမှာ ဩဂုတ်လ (၁၇) ရက်နေ့မှာ ပါရှိရာကနေ တဆင့်ပြီးတဆင့် ပြန့်နှံ့သွားခဲ့တာကြောင့် ဒီသတင်းရဲ့ တိကျခိုင်လုံမှုကိုစီစစ်ဖို့ လိုဦးမှာဖြစ်ပါတယ်။ အမေရိကန်အစိုးရက သွေးတိုးစမ်းတဲ့သဘောနဲ့ ထုတ်လွှင့်လိုက်တာလား၊ ဒါမှမဟုတ် စုံစမ်းစစ်ဆေးရေးကော်မရှင် တကယ်ကို ဖွဲ့စည်းပေါ်ပေါက်လာစေခြင်တာလား ဆိုတာတော့ ဆက်လက်စောင့်ကြည့်ရပါလိမ့်မယ်။ ဒါပေမယ့် ဒီသတင်းဟာ မြန်မာနိုင်ငံ ပြည်တွင်းမှာရော ပြည်ပမှာပါ အတော်ကို ရိုက်ခတ်သွားခဲ့တာပါ။

မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေအပေါ် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းစစ်ဆေးဖို့ တောင်းဆိုနေတာ အမေရိကန်အစိုးရကိုပါ ထည့်သွင်းရေတွက်မယ်ဆိုရင် စုစုပေါင်း ငါးနိုင်ငံရှိသွားပါပြီ။ ကျန်တဲ့ လေးနိုင်ငံကတော့ ဗြိတိန်၊ ဩစတြေးလျား၊ ချက် နဲ့ ဆလိုဗက်ကီးယားတို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အဖြစ်နဲ့ မစ္စတာ သောမတ်စ်ကင်တားနားကို ကုလသမဂ္ဂက ခန့်ထားပြီးပြီဘဲ။ ဘာကြောင့် နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းစရာလိုလိမ့်မလဲရယ်လို့ မေးစရာရှိလာပါတယ်။ ဒီနှစ်ခုရဲ့သဘောသဘာဝက မတူပါဘူး။ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်ဆိုတာ ယေဘုယျ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအားလုံးကို လေ့လာစုံစမ်းပြီး အစီရင်ခံစာတင်သွင်းရသူဖြစ်ပါတယ်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်ကတော့ ယေဘုယျ လူ့အခွင့်အရေး ချိုးဖောက်မှုဘောင်ထက်ကိုကျော်ပြီး နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ဖြစ်ပွားကျူးလွန်နေမှု ရှိမရှိ စုံစမ်းစစ်ဆေးရတာပါ။ ဒါကြောင့် ၂၀၁၀ ခုနှစ်၊ မတ်လအတွင်းမှာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ်ကင်တားနား ကိုယ်တိုင်က မြန်မာနိုင်ငံအတွင်းမှာ လူသားဖြစ်မှုကို ဆန့်ကျင်တဲ့ပြစ်မှုနဲ့ စစ်ရာဇဝတ်မှုကြီးတွေ ဖြစ်ပွားနေနိုင်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေအနေနဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးသင့်ကြောင်း တင်ပြသွားခဲ့တာပါ။

လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နဲ့ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်တို့ မတူညီတဲ့ နောက်ထပ်ကွာခြားချက်တရပ် ရှိပါတယ်။ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်တွေရဲ့ အစီရင်ခံချက်တွေအပေါ် အခြေခံပြီး သက်ဆိုင်ရာနိုင်ငံအလိုက် လူ့အခွင့်အရေးအခြေအနေတွေ တိုးတက်လာအောင် ကုလသမဂ္ဂ အထွေထွေညီလာခံ (သို့မဟုတ်) လူ့အခွင့်အရေး

ကောင်စီတို့ကနေ လမ်းညွှန်ဆုံးဖြတ်တွေချမှတ်ပြီး ဖိအားပေးနိုင်ပါတယ်။ အကျိုးဆက်အနေနဲ့ လူ့အခွင့်အရေး ချိုးဖေါက်တဲ့အစိုးရတွေအပေါ် သံတမန်ရေးအဆက်အသွယ်ဖြတ်မှုတွေ၊ စီးပွားရေး ပိတ်ဆို့မှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတွေကို ချိုးဖေါက်ကာ ပြစ်မှုကျူးလွန်ကြသူတွေကို အရေးယူရာမှာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်တွေရဲ့ အစီရင်ခံစာတွေကို ကိုးကားအသုံးပြုတာမျိုး မတွေ့ရပါဘူး။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင်တွေရဲ့ အစီရင်ခံစာတွေကိုတော့ ကိုးကားအသုံးပြုတာ တွေ့ရပါတယ်။

ဆူဒန် နိုင်ငံရဲ့ လက်ရှိသမတကြီး ဘာရှီးယားကို ဖမ်းဆီးဖို့ ဝါရမ်း ဘာကြောင့်ထုတ်သင့်တယ်ဆိုတာကို တရားစွဲအရာရှိချုပ်ကနေ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို အကြောင်းပြချက်တင်သွင်းရာမှာ အခြားသက်သေခံ အထောက်အထားတွေအပြင် ကုလသမဂ္ဂက ဖွဲ့စည်းပေးလိုက်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာကို ကိုးကားတင်ပြသွားပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ စပ်လျဉ်းပြီး နိုင်ငံတကာစုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းနိုင်ရင် နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်ဖို့ မူဝါဒချမှတ်ပြီး ဦးစီးဖော်ဆောင်တဲ့ ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်၊ ဗိုလ်တင်အောင်မြင့်ဦးနဲ့ အပေါင်းပါ ဗိုလ်ချုပ်တစုဟာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး (ရဝမ်ဒါ)၊ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ယူဂိုဆလားဗီးယား) တို့လို ကုလသမဂ္ဂက တိုက်ရိုက်ဖွဲ့စည်းပေးမယ့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (မြန်မာနိုင်ငံ) မှာ အမှုရင်ဆိုင်ရဖွယ် ရှိပါတယ်။ ဒါမှ မဟုတ်ရင်လဲ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လကမှ စတင်ပေါ်ပေါက်လာတဲ့ အမြဲတမ်း နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကြီးမှာ ရာဇဝတ်သားတွေအဖြစ် တက်ရောက်ရဘွယ် ရှိပါတယ်။

နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်ပေါက်လာပြီဆိုရင် ကော်မရှင်က လက်တွေ့ စုံစမ်းစစ်ဆေးမှုတွေလုပ်ဆောင်ဖို့၊ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ဖို့ ကြိုးပမ်းပါတော့မယ်။ အဲသည်အခါမှာ ဗိုလ်သန်းရွှေ က ကော်မရှင်ကို လက်မခံနိုင်ဘူးရယ်လို့ ပြောင်ပြောင်တင်းတင်း ငြင်းနိုင်သလို ကော်မရှင်ကို လက်ခံပြီး ပူးပေါင်းဆောင်ရွက်တာလည်း ဖြစ်နိုင်ပါတယ်။ တကယ်တော့ ဒီအခြေအနေ နှစ်ရပ်စလုံးဟာ ဗိုလ်သန်းရွှေ အတွက်ရော နအဖ ဗိုလ်ချုပ်တစုလုံး အတွက်ပါ အပျက်လက္ခဏာ ပြနေပါတယ်။

ကော်မရှင်ကိုလက်မခံနိုင်ဘူးလို့ ငြင်းလိုက်ရင် ဗိုလ်သန်းရွှေနဲ့ နအဖ ဗိုလ်ချုပ်တစုဟာ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေကျူးလွန်ထားတာ သေချာတဲ့အတွက် အစစ်ဆေးမခံနိုင်တာကြောင့် ငြင်းဆန်တာဖြစ်ကြောင်း နိုင်ငံတကာက ကောက်ချက်ချတော့မှာ မလွဲပါဘူး။ ဒါဆိုရင် ပြစ်မှုကျူးလွန်သူတွေအပေါ် နိုင်ငံတကာဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေးလမ်းကြောင်းကို ကော်မရှင်က အကြံပြုလာဘွယ်ရှိပါတယ်။ ဒီလိုမဟုတ်ဘဲ နအဖက ကော်မရှင်ကို လက်ခံ၊ တိုင်းပြည်အတွင်းဝင်ခွင့်ပြုပြီး စုံစမ်းစစ်ဆေးခွင့်ပေးမယ်ဆိုရင် ကော်မရှင်ရှေ့မှာ လာရောက် အစစ်ခံမယ့်သက်သေတွေရဲ့ လုံခြုံရေးကို အာမခံချက်ပေးဖို့ တောင်းဆိုလှုပ်ရှားမှုတွေ ရှိလာနိုင်ပါတယ်။ သက်သေတွေရဲ့ လုံခြုံရေးကို အကာအကွယ် ပေးနိုင်မယ်ဆိုရင် နိုင်ငံတကာကော်မရှင်ရှေ့မှာ လာရောက်ထွက်ဆိုကြမယ့် သက်သေတွေ ပြည်တွင်းမှာ အမြောက်အများ ရှိနေပါတယ်။ ပြည်ပမှာရောက်နေကြတဲ့ သက်သေတွေလည်း မနည်းလှပါဘူး။ ဒီအခါမှာ

ဗိုလ်သန်းရွှေ ဦးဆောင်ကျူးလွန်ထားတဲ့ ပြစ်မှုကြီးတွေဟာ ဖူးပေါ်သလို ပေါ် လာဘွယ် ရှိပါတယ်။ အကျိုးဆက်အနေနဲ့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံးကို ဗိုလ်သန်းရွှေနဲ့ အပေါင်းပါ ဗိုလ်ချုပ်တစု လျှောက်လှမ်းရမယ့် လမ်းကြောင်း ဖြောင့်တန်းသွားပါလိမ့်မယ်။

ဒီနေရာမှာ မေးစရာရှိလာပါတယ်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်လာမယ်ဆိုရင် မြန်မာနိုင်ငံ ဒီမိုကရေစီရေး အပြောင်းအလဲအတွက် အထောက်အပံ့ဖြစ်စေပါ့လား၊ ဆူဒန်နိုင်ငံမှာ သမတကြီး အိုမာဘာရှီးယားကို ဝါးရမ်းထုတ်ထားပေမယ့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးက မဖမ်းနိုင်သေးဘူး၊ မြန်မာနိုင်ငံမှာရော ဒီလို ဖြစ်မလာနိုင်ဘူးလား၊ ဆိုတဲ့ မေးခွန်းတွေပါ။ ယူဂိုဆလားဗီးယားက သမတဟောင်း ဆလိုဗိုဒင် မီလိုဆိုးဗစ်၊ ကွန်ဆိုဗိုဝန်ကြီးချုပ်ဟောင်း ရာမွတ် ဟာရာဒင်နတ်၊ လိုက်ဘေးရီးယားက သမတဟောင်း ချားလ်စ်တေလာ စသူတို့ကို သူတို့အာဏာကနေ လက်လွှတ်သွားပြီးမှသာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးတွေမှာ ရုံးတင်တရားစွဲဆိုနိုင်တာ ဖြစ်ပါတယ်။ နိုင်ငံတနိုင်ငံမှာ လက်ရှိ အာဏာရနေဆဲဖြစ်တဲ့ သမတကြီးတဦးကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးက ဖမ်းဆီးပြီး ရုံးတင်တရားစွဲဆိုဖို့ ကြိုးစားတာဟာ ကမ္ဘာ့သမိုင်းမှာ ဒါ ပထမဆုံးအကြိမ်ပါ။ ဒီအခါမှာ ဘာရှီးယား ဟာ အာရပ်နိုင်ငံများအဖွဲ့ချုပ်နဲ့ အာဖရိကသမဂ္ဂတို့ကို ပြေးကပ်ပြီး အကူအညီတောင်းပါတယ်။ အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေထဲမှာလဲ အာဏာရှင်သမတတွေ တချို့နေရာယူထားနိုင်ဆဲဖြစ်လို့ ဘဝတူချင်းဖြစ်တဲ့ ဆူဒန်နိုင်ငံရဲ့ သမတ ဘာရှီးယားကို အောက်ပါ အကြောင်းပြချက်တွေနဲ့ အကာအကွယ်ပေးကြတယ်။

(ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ငါတို့အာဖရိကခေါင်းဆောင်တွေကို ရွေးပြီး ချတာဘဲ၊ တခြားနိုင်ငံတွေမှာလဲ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေကြတဲ့ ခေါင်းဆောင်တွေရှိနေတာဘဲ၊ သူတို့ကိုတော့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကို ဘာကြောင့်လွှဲပြောင်း မပေးတာလဲ၊ ငါတို့ အာဖရိကခေါင်းဆောင်တွေကိုမှ ရွေးပြီး ဒီလို ရုံးတင်ဖို့ကြိုးစားတာ လက်မခံနိုင်ဘူး။)

မြန်မာနိုင်ငံအခြေအနေကတော့ ဆူဒန်နိုင်ငံနဲ့ မတူပါဘူး။ တကယ်လို့သာ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးက အနည်းဆုံးအားဖြင့် ဗိုလ်သန်းရွှေကို ဖမ်းဖို့ဝါးရမ်းထုတ်လိုက်မယ်ဆိုရင် သူ့ကိုအကာအကွယ်ပေးမယ့် ဒေသဆိုင်ရာအလိုက် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီး တခုခုကို ရှာဖို့မလွယ်ပါဘူး။ အာဆီယံရဲ့ ပဋိညာဉ်စာတမ်းမှာလဲ လူ့အခွင့်အရေးကို တိုးမြှင့် ကာကွယ်မယ်ဆိုတဲ့ မူဝါဒချမှတ်ထားပြီးပါပြီ။ အာဆီယံနိုင်ငံများအတွင်းမှာ မြန်မာနိုင်ငံကလွဲလို့ အာဏာရှင်သမတတွေ ကြီးစိုးနိုင်တဲ့ နိုင်ငံရယ်လို့ မရှိတော့ပါဘူး။ ဒါကြောင့် အာရပ်နိုင်ငံများ အဖွဲ့ချုပ်နဲ့ အာဖရိကသမဂ္ဂက ဆူဒန်သမတကို အကာအကွယ်ပေးထားတဲ့ အခြေအနေမျိုး အာဆီယံဆီကနေ ဗိုလ်သန်းရွှေ တို့ရဖို့ မဖြစ်နိုင်ပါဘူး။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံတင်ပြချက်ထဲမှာ ဗိုလ်သန်းရွှေတို့ ကျူးလွန်ထားတဲ့ ပြစ်မှုကြီးတွေကို ဖော်ပြလာနိုင်မယ်ဆိုရင် နိုင်ငံတကာမှာ ဂုဏ်သိက္ခာကို စောင့်ထိန်းဘို့ တာဝန်ရှိတဲ့ အိမ်နားနီးခြင်း နိုင်ငံကြီးတွေဖြစ်တဲ့ တရုတ်နဲ့ အိန္ဒိယတို့ဟာလည်း လက်ရှောင်သွားနိုင်ဖွယ်ရှိပါတယ်။ ဒါဆိုရင် ကြွက်ကလေးတကောင်လို နေပြည်တော်ရဲ့မြေအောက်မှာ ကျင်းတူးပြီး ပုန်းအောင်းဖို့ ကြိုးစားနေတဲ့ ဗိုလ်သန်းရွှေရဲ့ မဟာစီမံချက်ကြီး ပျက်စီးသွားပါလိမ့်မယ်။

ဆူဒန် နဲ့ မြန်မာ မတူတဲ့ နောက်ထပ်အခြေအနေတွေကတော့ ပြည်တွင်းနိုင်ငံရေးပါ။ ဆူဒန်မှာ ရွေးကောက်ပွဲကျင်းပပြီးရလဒ်ကို အကောင်အထည်ဖော်ပေးဖို့ ပျက်ကွက်တာမျိုး မရှိပါဘူး။ မြန်မာနိုင်ငံမှာ နဝတ နအဖ ကိုယ်တိုင် အသိအမှတ်ပြုထားရတဲ့ ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ် ရှိပါတယ်။ မပျက်သေးပါဘူး။ ဆူဒန်မှာ တနိုင်ငံလုံးကိုလွှမ်းခြုံပြီး သြဇာကြီးမားတဲ့ နိုင်ငံရေးပါတီ လုံးဝမရှိပါဘူး။ မြန်မာနိုင်ငံမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရှိနေဆဲဖြစ်ပါတယ်။ ဆူဒန်မှာ အာဏာရှင်စနစ်ကို ဆန့်ကျင်လှုပ်ရှားရင်း တကမ္ဘာလုံးသိတဲ့ နိုင်ငံရေးခေါင်းဆောင် မရှိပါဘူး။ မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင် စသူတို့ ရှိနေပါတယ်။ ဆူဒန်မှာ တပ်တွင်းဆန္ဒပြမှုတွေ ဖြစ်တယ်လို့ မကြားမိသေးပါဘူး။ မြန်မာနိုင်ငံမှာ ဗိုလ်သန်းရွှေ တင်းတင်းကြပ်ကြပ် ကိုင်ထားတဲ့ကြားကနေ တပ်တွင်းဆန္ဒပြမှုတွေ တခုပြီးတခု ဖြစ်ပေါ်နေပါပြီ။ ဒါကြောင့် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးကသာ ဗိုလ်သန်းရွှေနဲ့ အပေါင်းပါ တစုကို စတင်အရေးယူဆောင်ရွက်နိုင်လာပြီဆိုရင် ပြည်တွင်းမှာ ဒီမိုကရေစီရေး ပြောင်းလဲမှုဖြစ်စေဖို့ အထောက်အပံ့ တစုံတရာ ရသွားနိုင်ပါတယ်။

ဆူဒန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ ဥပဒေကြောင်းအရ သိသာထင်ရှားတဲ့ ကွာခြားချက်နောက်တခုရှိပါသေးတယ်။ ဆူဒန်မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့ ပြဋ္ဌာန်းချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ မတွေ့ရဘူး။ မြန်မာနိုင်ငံရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင်ပေါ်လာပြီး မြန်မာနိုင်ငံအတွင်းမှာ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်မှုရှိကြောင်း အစီရင်ခံစာ ပေါ်ထွက်လာရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ပြယ်ကြောင်း ကြေညာဖို့အထိ ဆောင်ရွက်လာနိုင်ပါတယ်။ ဒီလို အကျိုးသက်ရောက်မှုတွေ အမြောက်အများရှိလာနိုင်တာကြောင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်ပေါက်ရေးကိစ္စကို မြန်မာနိုင်ငံမှာ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးတို့အတွက် ကြိုးပမ်းစွမ်းဆောင်နေကြတဲ့ ပြည်တွင်းပြည်ပရှိ အင်အားစုတွေ အားလုံးဝိုင်းဝန်းဆောင်ရွက်သင့်ကြကြောင်း တင်ပြလိုက်ပါတယ်။

# စုံစမ်းစစ်ဆေးရေးကော်မရှင် ပေါ်ပေါက်လာစေရေးတောင်းဆိုမှု နှင့် စပ်လျဉ်းသည့် နောက်ခံအခြေအနေများ

အမေရိကန်ပြည်ထောင်စုဟာ နအဖစစ်အာဏာရှင်အုပ်စုအပေါ် ပိတ်ဆို့ဖြတ်တောက်ရေးမူဝါဒကို တစိုက်မတ်မတ် ကျင့်သုံးလာခဲ့တာပါ။ အဲဒီမူဝါဒကို ယနေ့အချိန်အထိ ဆက်လက်ကိုင်စွဲ ကျင့်သုံးဆဲဖြစ်ပေမယ့် မနှစ်ကစလို့ နအဖနဲ့ အပြုသဘောဆက်ဆံရေး မူဝါဒကိုပါ တွဲဖက်ကျင့်သုံးလာခဲ့တာ တွေ့ရပါတယ်။ အပြုသဘောဆက်ဆံရေး မူဝါဒကို တစိုက်မတ်မတ် ဆက်လက်ကျင့်သုံးသွားမယ်ဆိုရင် ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်နဲ့ ဗိုလ်တင်အောင်မြင့်ဦး တို့ ဦးဆောင်ကျူးလွန်ထားတဲ့ နိုင်ငံတကာအဆင့်ရှိတဲ့ ရာဇဝတ်မှုကြီးတွေကို ကုလသမဂ္ဂက အရေးယူဖို့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့ပါဆိုတာမျိုးကို တောင်းဆိုဖို့ မလွယ်လှပါဘူး။ ဗိုလ်သန်းရွှေ ကိုယ်တိုင်က အကြီးအကျယ် ငြိုငြင်သွားမှာကြောင့် ဖြစ်ပါတယ်။ ဒါဖြင့်ရင် အမေရိကန်ပြည်ထောင်စုဟာ ဗိုလ်သန်းရွှေ တို့အုပ်စုရဲ့ ငြိုငြင်မှုကို ဂရုမထားဘဲ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးကိစ္စကိုပံ့ပိုးဖို့ ဘာကြောင့် ခြေလှမ်းပြင်လာရတာပါလဲ။

လက်တွေ့အရ ပြောရရင်တော့ တနှစ်ခွဲကျော်ကြာခဲ့ပြီဖြစ်ပေမယ့် ဒီအပြုသဘောဆက်ဆံရေးမူဝါဒဟာ ဟုတ္တိပတ္တိ အလုပ်မဖြစ်ခဲ့ပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နအဖတို့ အကြား စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာအောင် မစွမ်းဆောင်နိုင်ပါဘူး။ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ နိုင်ငံတကာရဲ့ ပန်ကြားချက်ကို ပြောင်ပြောင်တင်းတင်း ဥပက္ခာပြုပြီး ၂၀၁၀ ရွေးကောက်ပွဲကို ခေါင်းမာမာနဲ့ ဆက်ပြီးကျင်းပတော့မယ့် နအဖကို မဟန့်တားနိုင်ပါဘူး။ ပိုပြီးဆိုးတာက အပြုသဘောဆက်ဆံနေတဲ့ ကာလအတွင်းမှာ မြေအောက်လိုင်ခေါင်းတွေ တည်ဆောက်ပြီး နျူကလီးယား လက်နက်ပိုင်ရှင်အဖြစ်နဲ့ မြန်မာနိုင်ငံလူထုကိုသာမက ကမ္ဘာကိုပါ ခြိမ်းခြောက်မယ့် ဗိုလ်သန်းရွှေရဲ့ ကြိုးပမ်းချက်တွေ ဘွားဘွားကြီး ပေါ်လာပါတော့တယ်။ ဒီအခါမှာ အမေရိကန်ပြည်ထောင်စုဟာ ဘီလူးကို ရေမန်းတိုက်လို့ ရပ့်မလားဆိုတာကို သံသယရှိလာပုံရပါတယ်။ ဒါတွေက ပထမအချက် ဖြစ်နိုင်ပါတယ်။

ဒုတိယအချက်ကတော့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအပေါ်ထားရှိတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ မူဝါဒသဘောထားတွေနဲ့ သက်ဆိုင်ပါတယ်။ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာထွက်ပေါ်လာရင် ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံအခြေအနေနဲ့ စပ်လျဉ်းလို့ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးကို လွှဲပြောင်းပေးအပ်နိုင်ဖွယ်ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ သမတဂျော့ရှ် ဒဗလျူဘုတ်ရှ် အစိုးရလက်ထက် ၂၀၀၁ ကနေ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးအပေါ်ထားရှိတဲ့ သဘောထားဟာ ဆိုးဝါးခဲ့တယ်။ ရှစ်နှစ်တာ ကာလပတ်လုံး လုံးဝပူးပေါင်းဆောင်ရွက်မှု မရှိခဲ့ပါဘူး။ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေကို လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံပေါင်း လေးဆယ်ခန့်မျှနဲ့ နှစ်နိုင်ငံသဘောတူစာချုပ်တွေ ချုပ်ဆိုပြီး နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးရဲ့ အာဏာစက်ကို ထိပါးစေမယ့် လုပ်ဆောင်မှုမျိုးတွေ လုပ်ခဲ့တယ်။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စု အတွင်းမှာတော့ လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့တွေ၊ ပညာရှင်တွေ၊ တက္ကသိုလ်တွေ၊ သတင်းဌာနတွေ၊ ဥပဒေသမားတွေ အတော်များများက နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးအပေါ် ကောင်းမွန်တဲ့

အမြင်တွေရှိခဲ့ပြီး နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (ရောမဥပဒေ) ကို အတည်ပြု လက်မှတ် ထိုးရေး လှုပ်ရှားမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

အိုဘားမား သမတ လောင်းဖြစ်လာတဲ့ အချိန်ကစလို့ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး အပေါ်မှာ ထားရှိတဲ့ အမေရိကန်ပြည်ထောင်စုရဲ့ သဘောထားကို ပြောင်းသင့်တယ်၊ တရားရုံး ကို အပြုသဘောချဉ်းကပ်သင့်တယ်ဆိုတဲ့ ဟောပြောမှုတွေ စတင်လာခဲ့ပါတယ်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလအတွင်း နယ်သာလန်နိုင်ငံ ဟိတ်မြို့မှာ နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး ရောမဥပဒေ ကို အတည်ပြု လက်မှတ်ရေးထိုးတဲ့ နိုင်ငံတွေရဲ့ ရှစ်ကြိမ်မြောက် ညီလာခံကျင်းပတဲ့အခါမှာတော့ အမေရိကန်ပြည်ထောင်စုကနေ ကိုယ်စားလှယ်အဖွဲ့ကြီးတဖွဲ့ကို စေလွှတ်ပြီး တက်ရောက် လေ့လာစေခဲ့တယ်။ အမေရိကန်ပြည်ထောင်စု အစိုးရက နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးအပေါ် ဒီလိုပြောင်းလဲလာတဲ့ မူဝါဒတွေဟာ မြန်မာနိုင်ငံအတွင်း ပြစ်မှုကျူးလွန်ပြီး လွတ်ငြိမ်းခွင့်ရနေတဲ့ အခြေအနေတွေနဲ့ စပ်လျဉ်းလို့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေး တောင်းဆိုလာစေဖို့ တွန်းအားဖြစ်နိုင်ပါတယ်။

တတိယနဲ့ အရေးကြီးဆုံးအချက်ကတော့ လူထုလှုပ်ရှားမှုတွေရဲ့ အကျိုးသက်ရောက်မှု လို့ ပြောနိုင်ပါတယ်။ ထိုင်း–မြန်မာ နယ်စပ်အခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ် (WLB)၊ လူ့ အခွင့်အရေးမှတ်တမ်းတင်အဖွဲ့ပေါင်းချုပ် ND Burma၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသား ကောင်စီ၊ မြန်မာနိုင်ငံရှေ့နေများကောင်စီ စတဲ့ အဖွဲ့အစည်းတွေ စတင် စုပေါင်း လှုပ်ရှားလာခဲ့ ကြတယ်။ Global Justice Center လို့ခေါ်တဲ့ ကမ္ဘာလုံးဆိုင်ရာ တရားမျှတမှုရှာဖွေရေးဌာနက နိုင်ငံတကာဥပဒေအခြေခံတွေအရ ပံ့ပိုးပေးခဲ့တယ်။ ၂၀၀၉ ခုနှစ်၊ မေလ အတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ကျင်းပခဲ့တဲ့ မြန်မာနိုင်ငံအတွင်း ပြစ်မှုကြီးများ ကျူးလွန်ပြီးနောက် လွတ်ငြိမ်း ခွင့်ရနေတဲ့ အခြေအနေအဆုံးသတ်စေရေး နှီးနှောဖလှယ်ပွဲအပြီးမှာ ဒီလှုပ်ရှားမှုဟာ အရှိန်ရ လာခဲ့တယ်။ ပြင်သစ်နိုင်ငံ ပဲရစ်မြို့အခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့ချုပ် FIDH က ဦးဆောင်ပြီး စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးကို တောင်းဆိုခဲ့တယ်။ Alternative ASEAN, Burma Partnership, Burma Campaign UK, US Campaign for Burma, Forum on Burmese in Europe တို့လဲ လက်တွဲလာခဲ့ကြတယ်။ ရက်သတ္တပတ်အချို့အတွင်းမှာဘဲ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး ကိုယ်စားလှယ်ဟောင်း ဥပဒေ ပါမောက္ခ ပင်ဟေးရိုးက စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့သင့်ကြောင်း တင်ပြလာခဲ့တယ်။ အပြည်ပြည်ဆိုင် ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International (A.I)၊ လူ့အခွင့်အရေး စောင့်ကြည့် ရေးအဖွဲ့ (Human Rights Watch) စတဲ့ ကမ္ဘာကျော် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်း တွေကပါ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းဖို့ ၂၀၁၀ ခုနှစ် အစပိုင်းမှာ တောင်းဆိုလာခဲ့ကြ ရာကနေ ၂၀၁၀ ခုနှစ်၊ မတ်လထဲမှာ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လက်ရှိ လူ့အခွင့်အရေး ကိုယ်စားလှယ် သောမတ်စ် ကင်တားနား ကိုယ်တိုင်ရဲ့ တရားဝင် တောင်းဆိုချက် ထွက်ပေါ်လာ ခဲ့တာပါ။

စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းရေးအပေါ် အမေရိကန်ပြည်ထောင်စုက ထောက်ခံ တာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုကြောင်း ထွက်ပေါ်လာတဲ့ သတင်းဟာလည်း

အံ့သြစရာ တခုပါ။ ဒီပဲယင်း လုပ်ကြံမှုကြီးမှာ လူသေဆုံး၊ ထိခိုက်ဒဏ်ရာရမှုဦးရေ အလွန်အမင်း မများလှပေမယ့် တနိုင်ငံလုံးကို တုန်လှုပ်ခြောက်ခြားသွားအောင် စီစဉ်တကျနဲ့ ကျူးလွန်ခဲ့တာ ကြောင့်မို့လို့ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ပြစ်မှု (Crime Against Humanity) မြောက် ပါတယ်။ ဒီပဲယင်းလုပ်ကြံမှုကြီးနဲ့ စပ်လျဉ်းလို့ ဗိုလ်သန်းရွှေ ရဲ့ လက်ပါးစေ အာဏာပိုင်ဆိုတဲ့ ပုဂ္ဂိုလ်တွေရော၊ နအဖ တရားရုံးတွေကပါ ဘာတခုမှ အရေးယူဆောင်ရွက်မှု မရှိခဲ့တာ အမျိုး သားဒီမိုကရေစီအဖွဲ့ချုပ် အသိဆုံးပါဘဲ။ ဒါပေမယ့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းစစ်ဆေးစေဖို့ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးက အရေးယူဆောင်ရွက်ပေးဖို့ စတာ တွေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကုလသမဂ္ဂကို ဖြစ်စေ၊ နိုင်ငံတကာကိုဖြစ်စေ ထုတ် ဖော်ပန်ကြားခဲ့တာ မတွေ့ခဲ့ရပါဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်တဲ့ တွေ့ဆုံ ဆွေးနွေးရေးကိုများ ထိပါးမလားဆိုပြီး ရိုးသားစွာစိုးရိမ်ခဲ့လို့ ဖြစ်ပုံရပါတယ်။ ဟစ်တလာထက် ပိုပြီးရက်စက်ဆိုးဝါးလှတဲ့ ဗိုလ်သန်းရွှေလို ဘီလူးမျိုးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး တည် ဆောက်ဖို့ ကြိုးစားမယ်ဆိုရင်တော့ စိတ်ကူးယဉ်အိပ်မက်ဖြစ်သွားနိုင်ပါတယ်။ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့စည်းရေးအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုလိုက်တာဟာ စိတ်ကူး ယဉ်အိပ်မက်ကို လက်မခံဘူးလို့ လက်တွေ့ပြလိုက်တာပါဘဲ။

အာဃာတ ကင်းစင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်မှု ရရှိရေးတို့ကို အမျိုးသား ဒီမိုက ရေစီအဖွဲ့ချုပ်က အစဉ်တစိုက် ကိုင်စွဲခဲ့တာ နှစ်ပေါင်းနှစ်ဆယ်မျှ ကြာခဲ့ပါပြီ။ ဒီမူတွေဟာ လူ့ အဖွဲ့အစည်းအတွက် အကျိုးဖြစ်တဲ့မူတွေဖြစ်လို့ စွန့်လွှတ်ဖို့တော့ မလိုအပ်ပါဘူး။ ဒါပေမယ့် အာဃာတ ကင်းစင်တယ်ဆိုတာ သာမန်အားဖြင့် သတိလက်လွှတ် ကျူးလွန်မိတဲ့ အမှား အယွင်းတွေအပေါ်မှာသာ ကျင့်သုံးလို့ရနိုင်မှာပါ။ ဗိုလ်သန်းရွှေ လို နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်နေကြသူတွေအပေါ် အာဃာတ ကင်းစင်ရေးမူကို ကျင့်သုံးမယ်ဆိုရင် တော့ နောက်ထပ်ပြစ်မှုကြီးတွေကို သွေးအေးအေးနဲ့ ဆက်ပြီးကျူးလွန်ဖို့ အားပေးရာရောက် သွားနိုင်ပါတယ်။ ဗိုလ်သန်းရွှေ ကို ဖမ်းဆီးဖယ်ရှား တရားရုံးတင်စေပြီး တပ်မတော်ကို လမ်း ကြောင်းမှန်ပေါ်ရောက်အောင် တည့်မတ်ပေးမယ့် စစ်ခေါင်းဆောင်အသစ်တွေ ရှိလာမယ်ဆိုရင် တော့ ဗိုလ်သန်းရွှေက အတင်းအကြပ် အမိန့်ပေးလို့ သူတို့ကျူးလွန်ခဲ့ကြရတဲ့ ပြစ်မှုတွေအပေါ် လွှတ်ငြိမ်းချမ်းသာခွင့်ပေးရေးအတွက် လူ့အဖွဲ့အစည်းက စဉ်းစားနိုင်ပါတယ်။ ဒါဆိုရင်တော့ အာဃာတ ကင်းစင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်မှု ရရှိရေး စတာတွေဟာ လက်တွေ့ဖြစ် လာနိုင်စရာ ရှိပါတယ်။

ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်၊ ဗိုလ်တင်အောင်မြင့်ဦး စသူတွေဟာ သူတို့ကျူးလွန်ခဲ့ကြတဲ့ ပြစ်မှုကြီးတွေကို သူတို့အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့်လဲ အမျိုးသားညီလာခံထဲမှာ တလုံးတပါ ဒမျှ မဆွေးနွေးခဲ့ကြဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ ကိုယ့်ကိုယ်ကို လွှတ်ငြိမ်းချမ်း သာခွင့်ပေးတဲ့ ပြဋ္ဌာန်းချက်ကို ထည့်သွင်းခဲ့ကြတာပါ။ လွှတ်လောက်ပြီထင်လို့ ထည့်သွင်းခဲ့တဲ့ အဲဒီ ပြဋ္ဌာန်းချက်ဟာ အခုတော့ သူတို့ကို ကြိုးစင်တင်မယ့်လမ်းကြောင်းကို တွန်းပို့ပေးနေပါပြီ။ ဘာကြောင့်လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ သာမန်အားဖြင့် အမျိုးသားဥပဒေ တရပ် ဖြစ်ပါတယ်။ နိုင်ငံတကာဥပဒေနဲ့ မသက်ဆိုင်ပါဘူး။ သာမန်ပြစ်မှုတွေ ကျူးလွန်တာလောက်ကို တော့ သက်ဆိုင်ရာနိုင်ငံအတွင်းမှာ အမျိုးသားဥပဒေတရပ်ရပ် ပြဋ္ဌာန်းပြီး လွှတ်ငြိမ်းခွင့်ပေး

တာမျိုး လုပ်လို့ရနိုင်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်တာမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အမျိုးသားဥပဒေတရပ်ရပ် ပြဋ္ဌာန်းပြီး လွတ်ငြိမ်းခွင့်ပေးလို့ မရပါဘူး။ နိုင်ငံတကာဥပဒေနဲ့ ဆန့်ကျင်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာပါရှိတဲ့ နဝတ နအဖ အစိုးရအဖွဲ့ဝင်တွေရဲ့ လုပ်ဆောင်ချက်တွေကို မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိစေရဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ နိုင်ငံတကာ အဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်တာပါ အကြုံးဝင်သွားတဲ့ သဘောသက်ရောက်ပါတယ်။ ဒီလို ပြဋ္ဌာန်းပြီး လွတ်ငြိမ်းခွင့်ပေးတာဟာ နိုင်ငံတကာဥပဒေနဲ့ ဆန့်ကျင်ရာရောက်တာကြောင့် နိုင်ငံတကာက ဝင်ရောက်စွက်ဖက် ပိုင်ခွင့်ရှိလာပါတယ်။ ဒီလို ပြဋ္ဌာန်းချက်မျိုးဟာ လူ့အဖွဲ့အစည်းမှာ တာဝန်ရှိမှု တာဝန်ခံမှုကို ချုပ်ငြိမ်းစေတာ၊ နိုင်ငံတကာအဆင့်ရှိတဲ့ ပြစ်မှုကြီးတွေ နောင်ကို ဆက်ခါဆက်ခါ ကျူးလွန်စေဖို့ အခွင့်အရေးပေးတာ၊ ပြစ်မှုကျူးလွန်ခံခဲ့ရတဲ့ အပြစ်ကင်းမဲ့တဲ့ ပြည်သူတွေ သိန်းသန်းပေါင်းများစွာတို့ရဲ့ ရပိုင်ခွင့် အခွင့်အရေးတွေကို ဥပက္ခာပြုလိုက်တာ စတာတွေကြောင့် နိုင်ငံတကာက လက်မခံနိုင်လို့ ဝင်ရောက်စွက်ဖက်ခွင့် ရှိတာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

# နိုင်ငံရေးပါတီများ မတရားမှုပြုခံရခြင်း နှင့် လွတ်လပ်တဲ့ တရားစီရင်ရေး

၂၀၁၀ ရွေးကောက်ပွဲ နီးလာလေလေ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်တည်ရှင်သန်ရေးတိုက်ပွဲ ပိုပြီးသည်းသန် လာလေလေဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆက်လက်ရပ်တည်သွားမယ်ဆိုတာနဲ့ ပတ်သက်ပြီး ထိပ်ပိုင်းခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်က အကြိမ်ပေါင်းများစွာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ စက်တင်ဘာ (၂၈) ရက်နေ့မနက်က ဒီမိုကရက်တစ်မြန်မာ့အသံရဲ့ ရေဒီယိုအင်တာဗျူးတစ်ခုမှာ ဒုဥက္ကဋ္ဌ ဦးတင်ဦး ရဲ့ ဖြေကြားချက်ဟာ ပိုပြီးရှင်းလင်းပြတ်သားလှပါတယ်။ ဘယ်သူက ဖျက်တယ်ပြောပြော၊ ပျက်တယ်ပြောပြော၊ ဖျက်ခြင်း၊ ပျက်ပြယ်ခြင်းမရှိဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က ပြောတဲ့အတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဆက်လက်ရပ်တည်နေတာဖြစ်တယ်။ မလိုက်နာလို့ အရေးယူခြင်းလည်းယူပေါ့ဗျာ၊ အင်န်အယ်လ်ဒီနဲ့ စီအာပီပီကတော့ ဆက်ရှိနေမှာဘဲ ဆိုတာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ တာဝန်အမြင့်ဆုံးယူထားတဲ့ ခေါင်းဆောင်တဦးအနေနဲ့ အခုလို ရှင်းရှင်းလင်းလင်း ထုတ်ဖော်လိုက်တာဟာ ခေးတောင်ကိုကျော်ပြီး မီးပင်လယ်ကို ဖြတ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ စစ်အာဏာရှင်တွေကို ရဲရဲတင်းတင်း စိန်ခေါ်လိုက်တာဘဲလို့ မှတ်ယူနိုင်ပါတယ်။ ဒီနေရာမှာ အရေးကြီးလာတဲ့အချက်ကတော့ ဒီစိတ်ဓာတ်နဲ့ ဒီစိန်ခေါ်မှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တွေသာမက ပါတီဝင်ထုတရပ်လုံးက ခိုင်ခိုင်မြဲမြဲကိုင်စွဲဖို့လိုသလို တိုင်းရင်းသားပေါင်းစုံလူမျိုးအသီးသီး ပြည်သူတွေကလည်း တခဲနက် ထောက်ခံဝန်းရံကြဖို့ လိုပါလိမ့်မယ်။ ဒါဟာဘာ့ကြောင့်ပါလဲ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရပ်တည်ရှင်သန်မှုကြောင့် ရလာမယ့် အကျိုးစီးပွားဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တခုတည်းအတွက်မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့နိုင်ငံရေးပါတီစနစ် ရှင်သန်ကြီးထွားလိုတဲ့ နိုင်ငံရေးပါတီတိုင်း၊ ပြည်သူလူထုတိုင်းရဲ့ အကျိုးစီးပွားဖြစ်ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ လူထုဆန္ဒအပေါ်မှာ အခြေခံပြီး တရားဝင်တည်ထောင်ထားတဲ့ နိုင်ငံရေးပါတီဖြစ်တယ်။ ၁၉၉၀ မေလရွေးကောက်ပွဲမှာ ကမ္ဘာသိ တရားဝင်အနိုင်ရထားတဲ့ ပါတီလည်းဖြစ်တယ်။ ဒီလို တရားဝင်နိုင်ငံရေးပါတီတရပ်ကို အာဏာသိမ်း စစ်အစိုးရက ဖွဲ့စည်းပေးလိုက်တဲ့ တရားမဝင်ကော်မရှင်တရပ်က မှတ်ပုံတင်ခြင်းကနေ ပယ်ဖျက်လိုက်တယ်ဆိုရုံနဲ့ တရားမဝင်ပါတီအဖြစ်ကို သက်ဆင်းသွားရတော့မှာလား။ ဒါဟာ ဥပဒေစိုးမိုးရေးအခြေခံကနေကြည့်ရင် လုံးဝလက်ခံလို့မရတဲ့ ကိစ္စပါဘဲ။ အခုလို တရားဝင်ရပ်တည်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စစ်အာဏာရှင်တွေက ခြိမ်းခြောက်လာတာကြောင့် ကြုံတွေ့နေရတဲ့ အခြေအနေကို တရားဝင်ရပ်တည်ဖို့ ကြိုးစားလာတဲ့ တိုင်းရင်းသား နိုင်ငံရေးပါတီတရပ်ရဲ့ အခက်အခဲနဲ့ နှိုင်းယှဉ်လေ့လာနိုင်ပါတယ်။ အဲဒီပါတီကတော့ ကချင်ပြည်နယ်တိုးတက်ရေးပါတီ ပါဘဲ။

ဒေါက်တာတူးဂျာ ဦးဆောင်တဲ့ ကချင်ပြည်နယ်တိုးတက်ရေးပါတီကို မှတ်ပုံတင်ခွင့် မပေးရုံသာမက ဒေါက်တာ တူးဂျာနဲ့ ကချင်ခေါင်းဆောင် ၁၂ ဦးအနေနဲ့ တဦးခြင်း ဝင်ရောက်ယှဉ်ပြိုင်ဖို့ ကြိုးစားပြန်တော့လည်း ရွေးကောက်ပွဲကော်မရှင်က ပယ်ချပြန်ပါတယ်။ ဒီဖြစ်ရပ်ဟာ နိုင်ငံတကာနဲ့ ပြည်တွင်းလူထုအများစုကြီးက ထင်ထင်ရှားရှား မသိလိုက်ရဘဲ ဖြစ်ပွားခဲ့တာပါ။

ဒါဟာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေမှာ ပြဋ္ဌာန်းပါရှိတဲ့အချက်တွေနဲ့ မကိုက်ညီတာကြောင့် သာမန်နိုင်ငံရေးပါတီတခုကို မှတ်ပုံတင်ခွင့် ငြင်းပယ်လိုက်တာမျိုး မဟုတ်ပါဘူး။ နိုင်ငံရေးအရ အဓိပ္ပါယ်နှစ်ခုရှိပါတယ်။ ပထမတခုက ကချင်ပြည်နယ် တိုးတက်ရေးပါတီရဲ့ နောက်မှာရှိတဲ့ လက်နက်ကိုင်အဖွဲ့အစည်းဖြစ်တဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့ (ကေအိုင်အို) နဲ့ ဆက်စပ်နေပြီး ကေအိုင်အိုက နအဖ အလိုကျ နယ်ခြားစောင့်တပ်ဖွဲ့ရေးကို လက်မခံလို့ပါ။ ပိုပြီးအရေးကြီးတဲ့ ဒုတိယတခုကတော့ နယ်ခြားစောင့်တပ်ဖွဲ့ရေးကို နအဖ က ဖိအားပေးပြီး ဆွေးနွေးပွဲတွေလုပ်ခဲ့ရာမှာ ကေအိုင်အိုဘက်ကနေ ပင်လုံစာချုပ်ကို ကိုးကားပြီး ပြန်လှန်တောင်းဆိုမှုတွေပြုခဲ့လို့ဖြစ်ပါတယ်။

ဗိုလ်သန်းရွှေ ခေါင်းဆောင်တဲ့ စစ်အာဏာရှင်တွေဟာ ပြည်ထောင်စုမပြိုကွဲရေးဆိုတာကို သူတို့ရဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အခြေခံမူတွေအားလုံးရဲ့ ထိပ်ဆုံးမှာထည့်ထားခဲ့ပေမယ့် ပင်လုံစာချုပ်ဆိုတဲ့ အသံကိုကြားလိုက်ရင် တီကောင်ကို ဆားနဲ့တို့လိုက်သလိုဖြစ်လေ့ရှိပါတယ်။ ပင်လုံစာချုပ်ကို လက်မှတ်ထိုးပြီးမှ တိုင်းရင်းသားတွေ စုပေါင်းတဲ့ အခြေခံကနေ လွတ်လပ်ရေးယူခဲ့ကြတယ်ဆိုတဲ့ အဓိပ္ပါယ်ရှိတဲ့ ရှမ်းဘာသာနဲ့ စပ်ဆိုထားတဲ့သီချင်းကို စက်တဘာ (၃၀) ရက်နေ့တုန်းက ရွေးကောက်ပွဲဝင်မယ့် ကျားဖြူပါတီရဲ့ ဟောပြောချက် အစီအစဉ်ထဲမှာ ထည့်သွင်းပြီး အသံလွှင့်ဖို့ ကြိုးစားခဲ့ပေမယ့် ခွင့်မပြုခဲ့တာကိုလည်း ထင်ရှားတဲ့ အထောက်အထားအနေနဲ့ တွေ့နိုင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ပြီး တိုင်းရင်းသားတွေ အတူတည်ပြု လက်မှတ်ထိုးခဲ့တဲ့ ပင်လုံစာချုပ်ကိုတောင်မှ အသိအမှတ်မပြုတော့ဘူးဆိုရင် စစ်အာဏာရှင်တွေရဲ့ ၂၀၀၈ အခြေခံဥပဒေ လမ်းကြောင်းအရ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေးဆိုတာ အနောက်က နေထွက်တာကို မျှော်လင့်တာမျိုးသာ ဖြစ်နိုင်ပါတယ်။

ကေအိုင်အို အပစ်အခတ်ရပ်စဲရေး လုပ်ခဲ့တာဟာ ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ ပြည်ထောင်စုတည်ဆောက်လို့ ရနိုင်မလားဆိုတဲ့ မျှော်မှန်းချက်အရဖြစ်ကြောင်း သိရပါတယ်။ အပစ်အခတ်ရပ်စဲရေးလုပ်ခဲ့ပေမယ့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို စွန့်လွှတ်ခဲ့ခြင်းမရှိပါဘူး။ ကချင်လူထုကလည်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို လိုလားကြတာပါ။ ကေအိုင်အို အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လမ်းကြောင်းအတိုင်း နယ်ခြားစောင့်တပ်ဖွဲ့ရေးကို လက်ခံလိုက်ရင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ဝေးသွားမယ်ဆိုတာ တွက်ပြီး ငြင်းပယ်ပုံရပါတယ်။ အခြားတဘက်ကလည်း ရွေးကောက်ပွဲကိုလက်ခံ လွှတ်တော်ထဲရောက်အောင်လုပ်၊ တဖြေးဖြေးနဲ့ ဖွဲ့စည်းပုံကိုပြင်ပြီး ပြည်ထောင်စုတည်ဆောက်နိုင်အောင် ကြိုးစားသွားသင့်တယ်ဆိုတဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ကိုတင်တဲ့ ကချင်ခေါင်းဆောင်တွေရှိကြောင်းလည်း သိရပါတယ်။ ဒါကိုလည်း ကေအိုင်အိုက တဘက်ကနေ နားလည်မှုပေးပုံရပါတယ်။ ဒီတော့ ကချင်ပြည်နယ်တိုးတက်ရေးပါတီ ရွေးကောက်ပွဲဝင်ရေး လှုပ်ရှားမှုတွေကို ကန့်ကွက်ဟန့်တားမှု မပြုခဲ့ပါဘူး။

ဒါကြောင့်လည်း ကချင်ပြည်နယ်တိုးတက်ရေးပါတီနဲ့ ကေအိုင်အို တကြိုတ်ထဲ တဉာဏ်ထဲဘဲလို့တွက်ပြီး ငဲ့ညှာထောက်ထားမှု လုံးဝမပြုတော့ဘဲ ဒေါက်တာတူးဂျာနဲ့ ကချင်ခေါင်းဆောင်တွေအားလုံး ရွေးကောက်ပွဲမဝင်နိုင်အောင် ပယ်ချလိုက်တော့တာပါဘဲ။ ဒီလုပ်ရပ်ကို မြန်မာ

နိုင်ငံရဲ့ အရေးအကြီးဆုံး အကြောင်းရပ်ကြီးဖြစ်တဲ့ တိုင်းရင်းသားရေးရာ ရှု့ဒေါင့်ကနေကြည့်ရင် စစ်အာဏာရှင်တွေဟာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ချင်တဲ့ တိုင်းရင်းသားတွေနဲ့ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဖို့ သဘောထားမရှိဘူးရယ်လို့ နားလည်နိုင်ပါတယ်။ ဒီတော့ ဒီနေရာမှာ ကေအိုင်အို အပါအဝင် အဓိကအပစ်ရပ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေဟာ စစ်အာဏာရှင်တွေကို လက်နက်ကိုင် ခုခံစစ် ဆင်နွှဲဖို့ ဘာ့ကြောင့် ပြင်ဆင်ရသလဲဆိုတာ ပိုပြီးရှင်းလင်းပေါ်လွင်လာပါတယ်။ ဒါပေမယ့် တချိန်တည်းမှာ ရွေးကောက်ပွဲဝင်ဖို့ကြိုးစားခဲ့တဲ့ ကချင်နိုင်ငံရေးခေါင်းဆောင်တွေသာမက ကေအိုင်အို အပါအဝင် အပစ်ရပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ ဥပဒေအရ လှုပ်ရှားမှုတွေကို ဘယ်လိုဆက်လက်တိုးချဲ့ လုပ်ဆောင်သင့်တယ်ဆိုတာကို စဉ်းစားဖို့လိုအပ်လာပါတယ်။

ကချင်ပြည်နယ်တိုးတက်ရေးပါတီကို ဘာ့ကြောင့် မှတ်ပုံတင်ခွင့်မပြုသလဲဆိုတာ ရွေးကောက်ပွဲကော်မရှင်က ရှင်းလင်းဖြေကြားမှု တစုံတရာမပြုခဲ့ပါဘူး။ မိမိတို့ မမြင်မတွေ့ရတဲ့အခြေအနေအရ ဖြစ်လာတဲ့အကြောင်းလို့ဘဲ ဒေါက်တာ တူးဂျာက ရေဒီယိုအင်တာဗျူးတခုမှာ ဖြေကြားသွားခဲ့ပါတယ်။ လက်နက်ကိုင်တိုက်ပွဲတွေ မဖြစ်စေခြင်တာကြောင့် ဥပဒေရေးရာနဲ့ဆက်စပ်တဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေ တိုးမြှင့်လုပ်ဆောင်သွားချင်တယ်ဆိုရင်တော့ ဒီဖြေကြားချက်ဟာ လုံလောက်ခြင်းမရှိသေးပါဘူး။ စစ်အာဏာရှင်တွေ ထားလျှင်လည်းနေ၊ သတ်လျှင်လည်း အသေခံပါမယ်ဆိုတဲ့ သဘောထားမျိုးဖြစ်နေပါတယ်။ စစ်အာဏာရှင်တွေ ပြဌာန်းပေးထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြား ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအားလုံးနဲ့ ရာနှုန်းပြည့်ညီတဲ့ လုပ်ဆောင်မှုတခုကို ခွင့်မပြုတာဟာ မတရားမှုသက်သက်ပါ။ ဒီမတရားမှုကို လက်နက်ကိုင်တိုက်ပွဲဆင်ပြီး မတုန့်ပြန်ချင်ရင်တောင် ထိရောက်တဲ့ ဥပဒေရေးရာလှုပ်ရှားမှုတွေ ပြန်လည်ဆင်နွှဲပြီး အမှန်တရားကို တပြည်လုံးသိ၊ တကမ္ဘာလုံးသိလာအောင် လုပ်ဆောင်သင့်ပါတယ်။ နိုင်ငံရေးပါတီစနစ် ရှင်သန်အားကောင်းစေလိုတဲ့ အခြားနိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊ လူထုတွေဟာလည်း ဒီမတရားမှုကို ဝိုင်းဝန်း မီးမောင်းထိုးခြင်းအားဖြင့် စစ်မှန်တဲ့ ဥပဒေစိုးမိုးရေးလမ်းကြောင်းအတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တရားဝင်ရပ်တည်မှုကို ထိပါးတဲ့ကိစ္စတွေ၊ တရားဝင်ရပ်တည်ဖို့ကြိုးစားတဲ့ ကချင်တိုးတက်ရေးပါတီ မှတ်ပုံတင်ခွင့် မရတာတွေ၊ ကျားဖြူပါတီက ပင်လုံစိတ်ဓာတ်အခြေခံတဲ့ သီချင်းကို ရှမ်းဘာသာနှင့် ထုတ်လွှင့်ဖို့ကြိုးစားရာမှာ ပိတ်ပင်တာတွေ အစရှိသဖြင့် မတရားဖိနှိပ်မှုတွေရယ်လို့ ဖြစ်ပေါ်လာရင်၊ လက်နက်ကိုင်နည်းလမ်းအပါအဝင် အခြား သွေးထွက်သံယိုဖြစ်စေတဲ့ နည်းလမ်းတွေနဲ့ ဖြေရှင်းတဲ့အဆင့် ရောက်မသွားအောင် လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းစွာ နောက်ဆုံးဖြေရှင်းတဲ့ တိုင်းပြည်အဆောက်အအုံတရပ်ကို တည်ဆောက်ထားရပါတယ်။ အဲဒါကတော့ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ပါတယ်။ မကြေလည်မှုတွေကို ညှိနှိုင်းဖြေရှင်းလို့မှမရတော့ရင် လွတ်လပ်မျှတတဲ့ တရားရုံးတွေရဲ့ အဆုံးအဖြတ်ကို ခံယူပြီး အဖြေရှာကြရတာဟာ ဒီမိုကရေစီနိုင်ငံတွေရဲ့ အစဉ်အလာပါဘဲ။ ဒါပေမယ့် လက်ရှိ တရားစီရင်ရေးစနစ်ဟာ လွတ်လပ်မှုမရှိသလို ၂၀၁၀ ရွေးကောက်ပွဲအပြီး၊ ၂၀၀၈ ဖွဲ့စည်းပုံနဲ့အညီ ကျင့်သုံးမယ့် တရားစီရင်ရေးဟာလည်း စစ်အာဏာရှင်တွေကို ဆက်လက် ဦးညွှတ်နေရဦးမှာ မလွဲပါဘူး။

မတရားမှုတွေကို တဖက်က ပြတ်ပြတ်သားသား ဖွင့်ချ၊ တရားမှုအတွက် ရဲရဲတင်းတင်း တောင်းဆိုဖို့ လိုအပ်သလို အခြားတဖက်ကလည်း မြန်မာနိုင်ငံမှာ လွတ်လပ်မျှတပြီး အရည်အချင်းနဲ့ပြည့်စုံတဲ့ တရားစီရင်ရေးစနစ်တရပ် ပေါ်ပေါက်ထွန်းကားလာအောင် ဦးတည်ချက်ချမှတ်ဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ တည်ရှိနေဆဲ တရားစီရင်ရေးစနစ်ကို မတရားမှုတွေ ဖော်ထုတ်ရာမှာ အသုံးချသင့်သလို နယ်မြေရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ မိမိတို့ကြီးစိုးထားရာ ဒေသတွေမှာ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်ကို အခြေပျိုးတည်ဆောက်ဖို့ ကြိုးစားသင့်တဲ့အချိန်လည်း ရောက်ရှိနေပါပြီ။

အမျိုသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်ခိုင်းပေမယ့် မဖျက်တာကြောင့် အရေးယူချင်လည်း ယူပေ့ါဗျာလို့ ဒုဥက္ကဋ္ဌ ဦးတင်ဦး က ထုတ်ဖော်လိုက်တာဟာ မတရားမှုကို ပြတ်ပြတ်သားသား ဖွင့်ချလိုက်တာ၊ တရားမှုအတွက် ရဲရဲတင်းတင်း တောင်းဆိုလိုက်တာပါဘဲ။ ဘာဥပဒေနဲ့မှမညီဘဲ ကချင်ပြည်တိုးတက်ရေးပါတီကို မှတ်ပုံတင်ခွင့် ငြင်းပယ်တာ၊ ကချင်ခေါင်းဆောင် (၁၂) ကို ရွေးကောက်ပွဲဝင်ခွင့်မပေးတာ အစရှိတဲ့ မတရားမှုတွေအပေါ်မှာလည်း ပြတ်ပြတ်သားသား ဖွင့်ချဖို့၊ ရဲရဲတင်းတင်း တောင်းဆိုဖို့ လိုပါလိမ့်မယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကချင်ပြည်တိုးတက်ရေးပါတီနဲ့ အခြားမတရားပြုခံရတဲ့ စစ်မှန်တဲ့လူထုပါတီတွေ အပြန်အလှန်လက်တွဲထောက်ကူ ပူးပေါင်းကြပြီး ဥပဒေရေးရာလှုပ်ရှားမှုတွေ အားကောင်းကောင်း လုပ်ဆောင်သွားမယ်ဆိုရင် ထိရောက်အကျိုးရှိနိုင်ကြောင်း တင်ပြလိုက်ပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် လွှတ်တော်တွေကနေ လူထုအတွက် အကျိုးရှိမယ့် ဥပဒေတွေ ရေးဆွဲနိုင်ပါမည်လား

ဥပဒေဆိုတာဟာ လူ့အဖွဲ့အစည်းနဲ့ သီးခြား ခွဲလို့မရပါဘူး။ ဥပဒေဟာ လူ့အဖွဲ့အစည်းကို မှီခိုရတဲ့အရာ ဖြစ်ပါတယ်။ တချိန်တည်းမှာ လူ့အဖွဲ့အစည်းဟာလည်း ဥပဒေ မရှိဘဲနဲ့ ရပ်တည်လို့မရပါဘူး။ ဥပဒေရဲ့ ထိန်းကွပ်မှုအောက်မှာမရှိရင် လူ့အဖွဲ့အစည်းဟာ ဗရမ်းဗတာ ဖြစ်သွားပါလိမ့်မယ်။ ဥပဒေနဲ့ လူ့အဖွဲ့အစည်းရဲ့ ဆက်စပ်မှုကို ဒီလို နားလည်နိုင်ပါတယ်။ ဒါဖြင့်ရင် ဥပဒေဟာ လူ့အဖွဲ့အစည်းရဲ့ဘယ်အပိုင်းကို မှီခိုတယ်လို့ပြောတာပါလဲ။ လူ့အဖွဲ့အစည်းရဲ့ သဘာဝဟာ ရှုပ်ထွေးနက်နဲလှပါတယ်။ ကိုင်တွယ် ထိတွေ့လို့ မရတဲ့အရာတွေရှိသလို၊ ကိုင်တွယ်ထိတွေ့လို့ရတဲ့ အရာတွေလည်းရှိပါတယ်။ ကိုင်တွယ်ထိတွေ့လို့ မရတဲ့အရာတွေကို ဥပဒေနဲ့ အရေးယူဆောင်ရွက်ဖို့ ကြိုးစားလို့မရပါဘူး။ ကိုင်တွယ် ထိတွေ့လို့ရတဲ့အရာတွေကိုသာ ဥပဒေနဲ့အညီ အရေးယူနိုင်တာပါ။

သာဓကအားဖြင့် လူတွေရဲ့ စိတ်ခံစား၊ ယုံကြည်ချက်၊ မျှော်မှန်းချက်၊ ခံစားချက်၊ ချစ်ခြင်း၊ မုန်းခြင်း စတာတွေဟာ ကိုင်တွယ် ထိတွေ့လို့ မရတဲ့ အရာတွေ ဖြစ်ပါတယ်။ ဒါတွေကို ဥပဒေက အရေးယူ ဆောင်ရွက်လို့မရပါဘူး။ အကြောင်းအရာတခုနဲ့ စပ်လျဉ်းလို့ ပြင်ဆင်ခြင်း၊ ကြိုးပမ်းခြင်း၊ ပြုလုပ်ခြင်း၊ ပျက်ကွက်ခြင်း အစရှိတာတွေဟာ  ကိုင်တွယ်ထိတွေလို့ရတဲ့အရာတွေ ဖြစ်ပါတယ်။ အဲဒါတွေကိုသာ ဥပဒေနဲ့အညီအရေးယူဆောင်ရွက်လို့ ရနိုင်တာပါ။ ဒါပေမယ့် ကိုင်တွယ်ထိတွေ့လို့မရတာကြောင့်  ဥပဒေနဲ့အညီ တိုက်ရိုက်အရေးမယူနိုင်ပေမဲ့ ဥပဒေပြုတဲ့နေရာမှာ လွှမ်းမိုးတာတွေကိုလည်း တွေ့ရပါတယ်။ အဲဒါတွေကတော့ နိုင်ငံရေးအတွေးအခေါ်နဲ့ အခွင့်အရေးဆိုင်ရာ အယူအဆတွေပါဘဲ။

ကိုင်တွယ်ထိတွေ့လို့ရတဲ့အတွက်  ဥပဒေပြုရာမှာ ထည့်သွင်းစဉ်းစားဖို့ လိုအပ်တဲ့အရာတွေရှိပါတယ်။ အဲဒါတွေကတော့ လူတဦးခြင်းအနေနဲ့ဖြစ်စေ၊ လူ့အဖွဲ့အစည်းတရပ်လုံး အနေနဲ့ဖြစ်စေ၊ လက်တွေ့ တွေ့ကြုံနေရတဲ့ ပြဿနာတွေပါ။ အဲဒီပြဿနာတွေကို မှန်ကန်စွာ ဖြေရှင်းနိုင်ဖို့နဲ့ နောင်ကို ဒီပြဿနာမျိုးတွေ ထပ်မံမကြုံတွေ့အောင် ကာကွယ်နိုင်ဖို့ ရည်ရွယ်ချက်တွေကို အခြေခံပြီး လူ့အဖွဲ့အစည်းတွေ၊ တိုင်းပြည်တွေဟာ ဥပဒေတွေ ပြဋ္ဌာန်း၊ ကျင့်သုံးလာကြရတာပါဘဲ။

အနှစ်ချုပ်ပြောရရင်  သမိုင်းခေတ်ကာလတခုမှာ  သက်ဆိုင်ရာလူ့အဖွဲ့အစည်းက လက်ခံတဲ့ နိုင်ငံရေးအတွေးအခေါ်နဲ့ အခွင့်အရေးဆိုင်ရာ အယူအဆတွေကို ထင်ဟပ်ပြီး  အဲဒီ လူ့အဖွဲ့အစည်း လက်တွေ့ကြုံနေရတဲ့  ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့၊ နောင်ကို ဆက်လက်ဖြစ်ပွားခြင်းမရှိအောင် ကာကွယ်နိုင်ဖို့ ဥပဒေတွေရေးဆွဲကျင့်သုံးကြရခြင်းဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပေါ်ပေါက်လာမယ့် လွှတ်တော်တွေမှာ တိုင်းပြည်နဲ့ လူထုကောင်းကျိုးအတွက် ဥပဒေတွေကို ဘယ်နည်း၊ ဘယ်ပုံ ရေးဆွဲသွားကြမယ်ရယ်လို့ မဲဆွယ်ပြောကြားတဲ့  နိုင်ငံရေးပါတီတွေ ရှိလာပါတယ်။

ဒါကိုဆန်းစစ်နိုင်ဖို့ လွှတ်တော်တွေမှာ ဥပဒေရေးဆွဲရတဲ့ သဘာဝကို လေ့လာစဉ်းစားဖို့ လိုအပ်လာပါတယ်။ လွှတ်တော် ဖွဲ့စည်းပေါ်ပေါက်လာတယ်ဆိုရုံနဲ့ လွှတ်တော်အမတ်ဆိုသူတွေက ဥပဒေတွေကို ကိုယ်ကြိုက်သလို ရေးဆွဲ ပြဋ္ဌာန်းကြမယ်ဆိုရင် အနှစ်သာရမရှိတဲ့ ဥပဒေတွေသာ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

ဥပဒေရေးဆွဲရာမှာ ပထမအချက်နေနဲ့ သက်ဆိုင်ရာလူ့အဖွဲ့ အစည်းက လက်ခံတဲ့ နိုင်ငံရေး အတွေးအခေါ်ကို ထင်ဟပ်ဖို လိုပါတယ်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းက လက်ခံတဲ့ နိုင်ငံရေးအတွေးအခေါ်ဆိုတာ ဘာဖြစ်ပါသလဲ။ လူတဦးချင်းစီရဲ့ လွတ်လပ်မှုကို တန်ဖိုးထားတဲ့ အတွေးအခေါ်လား၊ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို အဓိကထားတဲ့ အတွေးအခေါ်လား၊ ပိုင်းပိုင်းခြားခြား လေ့လာဖို့လို့ပါတယ်။ နိုင်ငံထဲမှာရှိတဲ့ လူထုအများစုကြီးကတော့ လူတဦးချင်းစီရဲ့ လွတ်လပ်မှုအပေါ် တန်ဖိုးထားတဲ့ အတွေးအခေါ်ကို လက်ခံကြတယ်ဆိုတာ ထင်ရှားပါတယ်။ ဒါပေမယ့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာအပေါ် အဓိကထားတဲ့ အတွေးအခေါ်ကိုသာ လက်ခံပြဋ္ဌာန်းထားတာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့နိဒါန်းကို  အစကနေ အဆုံးအထိ အသေအခြာ လေ့လာမယ်ဆိုရင် ဒီအချက်ကို ကွက်ကွက်ကွင်းကွင်း တွေ့ရပါလိမ့်မယ်။ ဒါ့ကြောင့် လူတဦးချင်းစီရဲ့ လွတ်လပ်မှုကို တန်ဖိုးထားတဲ့ အတွေးအခေါ်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းလိုတဲ့ ပုဂ္ဂိုလ်တဦး လွှတ်တော်ထဲ ရောက်လာဦးတော့ ဒီအတွေးအခေါ်အခြေခံကနေ ဥပဒေပြဋ္ဌာန်းဖို့ ဘယ်လိုဘဲ  ကြိုးစားသည်ဖြစ်စေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ကြီးမားတဲ့  ကန့်သတ်ဟန့်တားမှုနဲ့ ကြုံတွေ့ရမှာ မုချဖြစ်ပါတယ်။

ဥပဒေရေးဆွဲရာမှာ ဒုတိယအချက်အနေနဲ့ အခွင့်အရေးဆိုင်ရာ အယူအဆကို ထင်ဟပ်ဖို့လိုပါတယ်။ ဒီနေရာမှာ အခွင့်အရေးဆိုင်ရာ အယူအဆကို စစ်စစ်မှန်မှန် လက်ခံကျင့်သုံးတာနဲ့ အပေါ်ယံသဘော ဟန်ပြကျင့်သုံးတာတို့ကို  ခွဲခွဲခြားခြားနားလည်ဖို့ လိုအပ်ပါတယ်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈) မှာ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များဆိုပြီး ပုဒ်မ (၃၄၅) ကနေ (၃၉၀) အထိ စုစုပေါင်း ပုဒ်မ (၄၆) ခု ဖော်ပြထားပါတယ်။ အဲဒီပုဒ်မတွေအနက် လူတဦးချင်းစီရဲ့ အခွင့်အရေးကို အခြေခံအားဖြင့် အာမခံချက်ပေးထားတဲ့ ပြဋ္ဌာန်းချက်တိုင်းမှာ  ကန့်သတ်ချက်တွေကို  တွေ့ရပါလိမ့်မယ်။ နိုင်ငံတော်လုံခြုံရေးနှင့်  မဆန့်ကျင်စေရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်  မဆန့်ကျင်စေရ၊  တိုင်းရင်းသားစည်းလုံး  ညီညွှတ်ရေးကို  ထိပါးမှု မရှိစေရ၊  တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေရ အစရှိတဲ့ ကန့်သတ်ချက်တွေကို အတိအလင်း ထည့်သွင်းပြဋ္ဌာန်းထားတာကြောင့် ပေးကားပေး၏ မရဆိုတဲ့ မြန်မာစကားဟာ ဒီနေရာမှာ သွေးထွက်အောင် မှန်နေပါတော့တယ်။

ဒါ့ကြောင့် အခွင့်အရေးဆိုင်ရာ အယူအဆကိုမြတ်နိုးပြီး  ဥပဒေအဖြစ် ပြဋ္ဌာန်းလိုတဲ့ ပုဂ္ဂိုလ်တဦး လွှတ်တော်ထဲရောက်လာဦးတော့ ဒီအယူအဆ အခြေခံကနေ ဥပဒေပြဋ္ဌာန်းဖို့ ဘယ်လိုဘဲ ကြိုးစားသည်ဖြစ်စေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ကြီးမားတဲ့ ကန်သတ်ဟန့်တားမှုနဲ့ ကြုံတွေ့ရမှာ မုချဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ လူ့အဖွဲ့အစည်း လက်ငင်းတွေ့ကြုံနေရတဲ့ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့၊ နောင်ကို ဆက်လက်ဖြစ်ပွားခြင်းမရှိအောင် ကာကွယ်နိုင်ဖို့ ဥပဒေတွေ ပြဋ္ဌာန်းကျင့်သုံးရကြောင်း အထက်မှာတင်ပြခဲ့ပါပြီ။ လူတဦးချင်းစီရော လူ့အဖွဲ့အစည်းတခုလုံးပါ ရင်ဆိုင်နေရတဲ့ပြဿနာတွေဟာ ဘာတွေဖြစ်တယ် ဘယ်အကြောင်းနောက်ခံကြောင့် ဖြစ်တယ်၊ ဒီပြဿနာတွေ နောင်မဖြစ်အောင် ဘယ်လိုရှောင်ရှားဖို့ လိုတယ်ဆိုတာကို ကြေကြေလည်လည် ဆွေးနွေးကြပြီးမှ ဥပဒေတွေ ပြဋ္ဌာန်းကြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လူ့အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ ပြဿနာတွေဟာ ဘာတွေဖြစ်တယ်ဆိုတာကို ရွေးကောက်ပွဲဝင်ဖို့ ကြိုးစားနေတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ အခုချိန်မှာတောင် လူထုထံ တင်ပြခွင့်မရကြပါဘူး။ ဒီလိုအနေအထားမျိုးနဲ့သာဆိုရင် နောင်ပေါ်ပေါက်လာမယ့် လွှတ်တော်ထဲမှာလည်း သည်ထက် ပိုကြီးမားတဲ့ အကန့်အသတ်တွေ ကြုံရဦးမှာပါ။ ဒါဆိုရင် လူ့အဖွဲ့အစည်း ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်တဲ့ဥပဒေတွေ မပြုစုနိုင်ဘဲ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်မယ့် ဥပဒေတွေကိုသာ ပြဋ္ဌာန်းပေးရတော့မှာ မြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။

ဒီအခြေခံတွေကနေ ၂၀၁၀ ရွေးကောက်ပွဲဝင်၊ လွှတ်တော်ထဲမှာ နေရာရအောင်ယူ၊ ဥပဒေတွေပြုသွားဖို့ ပြင်ဆင်နေကြတဲ့ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ ရှင်းလင်းဆွေးနွေးချက်တွေကို သုံးသပ်ဖို့လိုပါလိမ့်မယ်။ ဒီမိုကရက်တစ်ပါတီ မြန်မာပြည်ရဲ့ ဥက္ကဋ္ဌ ဦးသုဝေ က စက်တင်ဘာ (၂၉) ရက်နေ့ ဘီဘီစီ အသံလွှင့်ဌာနနဲ့ ဆွေးနွေးခန်းတခုမှာ ဥပဒေပြုရေးကိစ္စနဲ့ ပတ်သက်ပြီး "လွှတ်တော်ထဲမှာ စကားအများကြီးပြောရမယ်၊ ကောင်းလာမယ်၊ အလကား ထိုင်နေလို့တော့ ဘယ်ကောင်းလာမှာလဲ၊ ဝင်ပါ၊ ဝင်လုပ်မှ ကောင်းလာမယ်"ဆိုပြီး ရှင်းလင်းဆွေးနွေးသွားပါတယ်။ တကယ်တော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲမဝင်တာဟာ အလကား ထိုင်နေတာမျိုး မဟုတ်ပါဘူး။ ရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲရောက်သွားပေမယ့် လူထုအတွက်အကျိုးရှိမယ့် ဥပဒေတွေ ရေးဆွဲနိုင်မယ့်အနေအထား မရှိနိုင်ဘူးရယ်လို့ သုံးသပ်ကြတာကြောင့် ဖြစ်ပါတယ်။

ဦးသုဝေ ရဲ့ ရှင်းလင်းချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို အဓိကထားပေမယ့် လူတဦးချင်းစီရဲ့ လွတ်လပ်မှုကို တန်ဖိုးထားတဲ့ ဥပဒေတွေ ပေါ်ပေါက်လာအောင် ဘယ်လိုလုပ်ဆောင်သွားမယ်ဆိုတာ ရှင်းပြနိုင်ခဲ့ခြင်းမရှိပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကန့်သတ်ပြဋ္ဌာန်းချက်တွေကို ရှောင်ရှားပြီး နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးတွေကို ဖော်ဆောင်တဲ့ဥပဒေတွေ ပေါ်ပေါက်လာအောင် ဘယ်လိုပြဋ္ဌာန်းသွားမယ်ဆိုတာ ဆွေးနွေးနိုင်ခဲ့ခြင်းမရှိပါဘူး။ မဲဆွယ်ကာလတွေအတွင်းမှာ လူ့အဖွဲ့အစည်းရဲ့ ပြဿနာတွေကို ဖော်ထုတ်တင်ပြခွင့်မရပေမယ့် လွှတ်တော်ထဲရောက်သွားတဲ့အခါမှာတော့ အဲဒီပြဿနာတွေကို ဖော်ထုတ်ဆွေးနွေးပြီးမှ ဖြေရှင်းနိုင်တဲ့ ဥပဒေမျိုးတွေ ပေါ်ပေါက်လာအောင် ဘယ်လိုကြိုးပမ်းသွားမယ်ဆိုတာ လူထုကိုတင်ပြနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒီလိုအခြေအနေတွေမရှိဘဲနဲ့ လွှတ်တော်ထဲမှာ စကားတွေဘယ်လောက်ဘဲ အမြုပ်ထွက်လောက်အောင် ပြောသည်ဖြစ်စေ၊ လူထုအတွက်အကျိုးရှိမယ့် ဥပဒေကောင်းတွေ ပေါ်ထွက်လာဖို့ ဆိုတာကတော့ ရေပေါ်မှာ အရုပ်ရေးသလိုသာ ဖြစ်ပါလိမ့်မယ်။

“ဒီမိုကရေစီစနစ်ကိုရောက်ဖို့ အစိုးရဘက်က စိတ်တွေ အမူအကျင့်တွေပြောင်းဖို့ လိုသလို၊ လူထုဘက်ကလည်း စိတ်တွေ အမူအကျင့်တွေ ပြောင်းရမယ်၊ ဦးသုဝေကို မဲပေးလိုက်ရင် ငါ့သမီး ရာထူးမတက်မှာ စိုးတယ်၊ ငါတို့စီးပွားရေး အနှောက်အယှက်ခံရမှာ ကြောက်တယ် ဆိုတဲ့ စိတ်ဓာတ်မျိုးတွေရှိတယ်ဆိုရင်တော့ ဒီမိုကရေစီရမှာ မဟုတ်ဘူး။ အဲသလို စိတ်ဓာတ်မျိုး ရှိရင် ဟိုလူကလည်း လာခြိမ်းခြောက်မယ်၊ ဒီလူကလည်း လာလှန့်မယ်”လို့ ဦးသုဝေ က ဆက်ပြောသွားပါသေးတယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ ယနေ့ ဒီမိုကရေစီ ဆိတ်သုန်းနေတာဟာ ၁၉၆၂ ခုနှစ်ကစပြီး စစ်အာဏာရှင်စနစ်ကို ကျင့်သုံးခဲ့လို့ဆိုတာ တနိုင်ငံလုံးသိ တကမ္ဘာလုံးသိတဲ့ ကိစ္စပါ။ အဓိကပြောင်းရမှာက လူထုမဟုတ်ပါဘူး။ အစိုးရပါ။ လူထုအနေနဲ့ကတော့ စစ်အာဏာရှင်စနစ်ကို အထင်ကြီးတဲ့ စိတ်တွေကနေ စစ်အာဏာရှင်စနစ်ကို အမြစ်ပါမကျန် တိုက်ဖျက်ချင်တဲ့စိတ်တွေ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရရှိဖို့ အသက်နဲ့လဲပြီး ဖော်ဆောင်သွားမယ့် အမူအကျင့်တွေ ပိုမိုတိုးမြင့်လာအောင်သာ ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ ဒီလို အခြေခံကနေမဟုတ်ဘဲ လူထုကိုသဘာဝမကျတဲ့ ချိုးနှိမ်မှုတွေနဲ့ မချဉ်းကပ်သင့်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။

# ၂၀၁၀ ရွေးကောက်ပွဲနဲ့ဆက်စပ်ပြီး နိုင်ငံရေးပါတီစနစ်၊ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဘယ်လိုချဉ်းကပ်သင့်သလဲ

၂၀၁၀ ရွေးကောက်ပွဲနီးလာတဲ့အချိန်မှာ ရွေးကောက်ပွဲဝင်ကြမယ့် နိုင်ငံရေးပါတီတွေရဲ့ အသံတွေဟာ ပြည်ပအသံလွှင့်ဌာနတွေကနေတဆင့် ပိုမိုကျယ်လောင်စွာ ထွက်ပေါ်လာပါတယ်။ တဘက်ကနေကြည့်ရင် ဒါဟာ ကောင်းတဲ့လက္ခဏာပါ။ နိုင်ငံရေးပါတီတွေကိုယ်တိုင်လည်း လွတ်လပ်စွာ ထုတ်ဖော်ခွင့်ရသလို လူထုတွေအနေနဲ့လည်း လိုက်စဉ်းစားကြပြီး နိုင်ငံရေးနိုးကြားလာပါတယ်။ ဒါပေမယ့် အဲဒီအသံနဲ့ ထုတ်ဖော်ချက်တွေဟာ စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးအတွက် ဥပဒေစိုးမိုးရေးအခြေခံကနေ မှန်ကန်တဲ့လမ်းကြောင်းနဲ့ အတွေးအခေါ်တွေကို ဖြန့်ဝေပေးနေတာ ဟုတ်ရဲ့လားဆိုတာကိုလဲ သုံးသပ်ဖို့လိုပါလိမ့်မယ်။ ဒါမှလည်း မှားယွင်းတဲ့အတွေးအခေါ် အယူအဆတွေကို ဖယ်ရှားနိုင်ပြီး မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်မှာပါ။ ဒါကို အထောက်အပံ့ဖြစ်စေဖို့ အောက်တိုဘာ ၁၀ ရက်နေ့က ဘီဘီစီနဲ့ ဆွေးနွေးခန်းမှာ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ခေါင်းဆောင်တွေဖြစ်တဲ့ ဦးခင်မောင်ဆွေ နဲ့ ဒေါက်တာသန်းငြိမ်း တို့ရဲ့ ရှင်းလင်းချက်တွေအပေါ် သုံးသပ်တင်ပြလိုပါတယ်။

ပထမအချက်က ပါတီဝင်တဦးရဲ့ နိုင်ငံရေးရပ်တည်ချက်အခြေခံကဖြစ်ပါတယ်။ ရွေးကောက်ပွဲမဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အစည်းအဝေးမှာ ဦးခင်မောင်ဆွေ နဲ့ ဒေါက်တာသန်းငြိမ်း တို့ကိုယ်တိုင် ပါဝင်ခဲ့ပါလျက်နဲ့ အဲဒီဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်တာဟာ နိုင်ငံရေးပါတီဝင်တွေကျင့်သုံးသင့်တဲ့ ရပ်တည်ချက်ဟုတ်မဟုတ် အကဲဖြတ်ဖို့လိုပါတယ်။ ဦးခင်မောင်ဆွေ က "ပါတီအကျိုးစီးပွားအထက်မှာ လူထုအကျိုးစီးပွား အမြဲရှိရတယ်။" ရယ်လို့ ရှင်းလင်းချက် ပေးသွားပါတယ်။ ရွေးကောက်ပွဲဝင်တာဟာ လူထုအကျိုးစီးပွားဖြစ်တယ်လို့ သုံးသပ်ပြီး ပါတီအကျိုးစီးပွားထက် လူထုအကျိုးစီးပွားကို ဦးစားပေးရတာကြောင့် ပါတီရဲ့ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ရတာဖြစ်တယ်လို့ ဆိုလိုပုံရပါတယ်။ ဒီနေရာမှာ နိုင်ငံရေးပါတီဝင်တဦးအနေနဲ့ ပါတီအကျိုးစီးပွားနဲ့ လူထုအကျိုးစီးပွားကို ဘယ်လိုယှဉ်ပြီး စဉ်းစားသင့်တယ်ဆိုတဲ့အချက်ဟာ အရေးကြီးလာပါတယ်။ ဒါနဲ့ဆက်စပ်လို့ တရုတ်ပြည်ကွန်မြူနစ်ပါတီဝင်တဦးဖြစ်တဲ့ တိမ့်ရှောင်ဖိန်ရဲ့ နိုင်ငံရေးရပ်တည်ချက်ကို မိတ်ဆက်ပေးလိုပါတယ်။

ယနေ့အချိန်မှာ တရုတ်ပြည်ကြီး စီးပွားရေးအရ တိုးတက်အောင်မြင်နေတာဟာ တရုတ်ခေါင်းဆောင်ကြီး တိမ့်ရှောင်ဖိန် အဓိက ဦးဆောင်ခဲ့မှုကြောင့်ဖြစ်တယ်လို့ တရုတ်လူထုအများစုကြီးကိုယ်တိုင်က လက်ခံကြပါတယ်။ တရုတ်ပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးအရ အမှားကြီးတခုကို ကျူးလွန်ခဲ့ကြောင်း ကိုယ့်ကိုယ်ကို ပြန်လည်ပိုင်းဖြတ်ခဲ့ဖူးပါတယ်။ အဲဒါကတော့ ၁၉၆၆ နဲ့ ၁၉၇၆ ခုနှစ်တွေ အကြားမှာ ယဉ်ကျေးမှုတော်လှန်ရေးကို ဦးဆောင်ဆင်နွှဲခဲ့တာပါဘဲ။ ဒီယဉ်ကျေးမှု တော်လှန်ရေးဟာ တရုတ်လူထုသန်းပေါင်းများစွာရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကိုင်လှုပ်ခဲ့တယ်။ တိမ့်ရှောင်ဖိန် ကိုယ်တိုင်ဟာလဲဘဲ ယဉ်ကျေးမှုတော်လှန်ရေးရဲ့ ဓားစာခံတဦး

ဖြစ်ခဲ့တယ်။ ဒီနေရာမှာ ပါတီ့အကျိုးနဲ့ လူထုအကျိုးဆိုပြီး နှိုင်းယှဉ်ရမယ့်အခြေအနေ တကယ်ကို ရှိခဲ့တာပါ။ သာမန်အားဖြင့်ဆိုရင် လူထုအကျိုးကို ထိခိုက်လာပြီလို့ ယူဆနိုင်တဲ့အတွက် တိမ့်ရှောင်ဖိန်ဟာ ပါတီကနေထွက်၊ လူထုဘက်ကရပ်တည်ပြီး ပါတီကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့သာရှိပါတယ်။ ဒါမှမဟုတ် သူ့ကိုလိုလားတဲ့ တရုတ်ပြည်သူ့တပ်မတော်အတွင်းက တပ်မှူးကြီးတွေ၊ ပါတီဝင်တွေ၊ လူထုတွေကို ခေါင်းဆောင်ပြီး ကွန်မြူနစ်ပါတီ နောက်တခုခွဲထောင် တိုင်းပြည်ကို ဦးဆောင်ဖို့ ကြိုးပမ်းနိုင်ခဲ့တာလဲဖြစ်ပါတယ်။ သူ့မှာ သည်လိုလုပ်နိုင်တဲ့ နိုင်ငံရေးအင်အား နောက်ခံလဲ ရှိခဲ့သူပါ။ ဒါပေမယ့် တိမ့်ရှောင်ဖိန် ဒီလိုမလုပ်ခဲ့ပါဘူး။ အကျဉ်းကျခံ အဝေးရောက် နယ်နှင်ခံဘဝတွေကို ဖြတ်သန်းရပေမယ့် ပါတီကမထွက်ဘဲ ပါတီထဲမှာဆက်နေပြီး ပါတီမှာ မှန်ကန်တဲ့မူဝါဒတွေ ကျင့်သုံးလာတဲ့အထိ ပါတီတွင်းတိုက်ပွဲတွေ ဆက်လက်ဆင်နွှဲပြီး ဦးဆောင်သွားခဲ့ပါတယ်။ ယဉ်ကျေးမှုတော်လှန်ရေးအတွင်းက ဥပဒေစိုးမိုးရေးကို လုံးဝ ဥပက္ခာပြုခဲ့တဲ့အမှားတွေကို ပြန်ပြင်ပြီး တရုတ်ပြည်ကြီးတပြည်လုံး ဥပဒေစိုးမိုးရေးကို ကျင့်သုံးလာအောင် တရုတ်ပြည်ကွန်မြူနစ်ပါတီကို ပြန်လည် ဦးဆောင်မှုပေးခဲ့သူဟာ တိမ့်ရှောင်ဖိန်ပါဘဲ။

တရုတ်ပြည်ကွန်မြူနစ်ပါတီက ယဉ်ကျေးမှုတော်လှန်ရေး ဆင်နွှဲခဲ့တာဟာ ဥပဒေစိုးမိုးရေးကို ဖျက်ကွယ်ပြုပြီး လူထုအကျိုးစီးပွားကို ဆန့်ကျင်ခဲ့တာပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲမဝင်တာဟာ ဥပဒေစိုးမိုးရေးကို ဖျက်ကွယ်ပြုတာမဟုတ်၊ လူထုအကျိုးစီးပွားကို ဆန့်ကျင်တာလဲ မဟုတ်ပါဘူး။ ၂၀၁၀ ရွေးကောက်ပွဲပြီးသွားရင် ကျင့်သုံးမယ့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ လူထုအပေါ် ပြစ်မှုကြီးတွေကျူးလွန်ချင်တိုင်း ကျူးလွန်ခဲ့သမျှတွေကို လွတ်ငြိမ်းခွင့်ပေးထားတာကြောင့် ဥပဒေစိုးမိုးရေးကို ဖျက်ကွယ်ပြု၊ လူထုအကျိုးစီးပွားကိုလဲ လုံးဝဆန့်ကျင်တာ ဖြစ်ပါတယ်။ ဒါကိုလက်မခံကြတဲ့ လူထုအများစုကြီးက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွေးကောက်ပွဲမဝင်တာကို ထောက်ခံကြပါတယ်။ ပါတီအကျိုးစီးပွားနဲ့ လူထုအကျိုးစီးပွားကို နှိုင်းယှဉ်မယ်ဆိုရင်တောင် လူထုအကျိုးစီးပွားကိုကြည့်ပြီး ပါတီက သည်လိုဆုံးဖြတ်တယ်ဆိုတာ ရှင်းရှင်းကြီး နားလည်နိုင်ပါတယ်။ ဒါကို ပြောင်းပြန်ပြုပြီး ရွေးကောက်ပွဲဟာ လူထုအကျိုးစီးပွား ဖြစ်တယ်လို့ သုံးသပ်တာဟာ အထောက်အထားမခိုင်လုံတဲ့ ယုံမှားချက်သာဖြစ်ပါတယ်။ ပါတီရဲ့ မူဝါဒတွေဟာ မိမိအလိုနဲ့ မကိုက်ညီတိုင်း ကိုယ်လိုသလို အဓိပ္ပာယ်ဖွင့်ဆို၊ ပါတီကထွက်၊ နောက်ထပ်ပါတီတခုထောင်ဆိုတဲ့ လုပ်ဟန်မျိုးတွေ ကျင့်သုံးကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံမှာ တည်ငြိမ်တဲ့ နိုင်ငံရေးပါတီစနစ် ရှင်သန်ထွန်းကားဖို့ မဖြစ်နိုင်ပါဘူး။

ဒုတိယအချက်က ၁၉၉၀ မေလ ရွေးကောက်ပွဲရလဒ်အပေါ် ဦးခင်မောင်ဆွေရဲ့ သုံးသပ်ချက်နဲ့ဆိုင်ပါတယ်။ “၁၉၉၀ ခုနှစ်ရလဒ်ဟာ သမိုင်းစာမျက်နှာမှာကျန်ခဲ့ပြီ” ရယ်လို့ ဆိုသွားပါတယ်။ တကယ်တော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ရော ၂၀၁၀ ရွေးကောက်ပွဲရလဒ်တွေအားလုံးဟာ တချိန်မှာ သမိုင်းစာမျက်နှာမှာ ကျန်ခဲ့မှာတွေချည်းဖြစ်ပါတယ်။ သမိုင်းစာမျက်နှာမှာ ဘယ်လိုကျန်သလဲ။ သမိုင်းတရားခံအဖြစ် ကျန်သလား၊ သမိုင်းကနေ ဂုဏ်ပြုချီးကျူးခံရသူအဖြစ် ကျန်သလားဆိုတာသာလျှင် အရေးကြီးပါတယ်။ အရာကိစ္စအားလုံး သမိုင်းစာမျက်နှာမှာ ကျန်ခဲ့မှာချင်းအတူတူ “၁၉၉၀ ခုနှစ်ရလဒ်ဟာ သမိုင်းစာမျက်နှာမှာကျန်ခဲ့ပြီ” ရယ်လို့ဆိုသွားတာဟာ ဒီရွေးကောက်ပွဲရလဒ်ကို ထည့်သွင်းစဉ်းစားစရာ မလိုတော့ဘူးလို့ ပြောလိုက်တာနဲ့ အတူတူပါဘဲ။ “ဒါကို သွားပြီး လွမ်းမနေသင့်ဘူး၊ နိုင်ငံရေးအသည်းကွဲပြမနေသင့်ဘူး” ဆိုပြီး

ဆက်လက်သုံးနှုန်းသွားတာကတော့ လူထုနဲ့ တကမ္ဘာလုံးက လေးစားအသိအမှတ်ပြုထားတဲ့ တရားဝင်ရလဒ်တခုကို စော်ကားလိုက်ရာ ရောက်သွားပါတယ်။

တတိယအချက်ကတော့ တွေ့ဆုံဆွေးနွေးရေး အမျိုးသားပြန်လည်သင့်မြတ်ရေးတို့နဲ့ ဆက်စပ်ပါတယ်။ ဒီနေရာမှာ ဦးခင်မောင်ဆွေ ရော ဒေါက်တာသန်းငြိမ်း တို့နှစ်ဦးလုံးပါ အခိုင်အမာ ထောက်ပြကြတာကတော့ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် လွှတ်တော်အခြေခံကနေ ယုံကြည်မှုတည်ဆောက်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဖော်ဆောင်သွားမယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒါဟာ လက်တွေ့ကျ၊ မကျ သုံးသပ်ဖို့ လိုပါတယ်။

၁၉၈၆ ခုနှစ်ကစလို့ အာဏာရှင်စနစ်အုပ်ချုပ်မှုအောက်ကနေ ဒီမိုကရေစီကို ပြောင်းသွားတဲ့ နိုင်ငံပေါင်း ၃၀ ကျော်ရဲ့ အတွေ့အကြုံအရ လွှတ်တော်ထဲမှာ တက်ရောက်၊ ယုံကြည်မှုတည်ဆောက်ပြီး တွေ့ဆုံဆွေးနွေးနိုင်ကြတဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး ရသွားကြတာမျိုးမဟုတ်ပါဘူး။ အာဏာရှင်တွေတည်ထောင်ပေးထားတဲ့ လွှတ်တော်တွေရဲ့ အပြင်ဘက်က လူထုတိုက်ပွဲတွေ၊ နိုင်ငံတကာ ဖိအားတွေ၊ အာဏာရှင်တွေကိုယ်တိုင်ရဲ့ အတွင်းပဋိပက္ခတွေက အဲဒီ တိုင်းပြည်တွေမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဒီမိုကရေစီရေးကို ဦးတည်တဲ့ အပြောင်းအလဲတွေဖြစ်အောင် တွန်းပို့ပေးသွားခဲ့ကြတာပါ။ တိုင်းပြည်တခုရဲ့ နိုင်ငံရေးအခြေအနေကို တကယ်တမ်း ပြောင်းလဲနိုင်ဖို့ တွေ့ဆုံဆွေးနွေးကြတယ်ဆိုတာဟာ အဓိကကျတဲ့ နိုင်ငံရေးအင်အားစုကြီးတွေ လွှမ်းခြုံပါဝင်မှသာ ဖြစ်စေနိုင်တာပါ။ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် လွှတ်တော်တွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မပါဝင်တာ အားလုံးအသိပါ။ အပစ်ရပ်တဲ့ အဖွဲ့သာမက အပစ်မရပ်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကြီးတွေရဲ့ ခေါင်းဆောင်တွေလည်း အဲဒီလွှတ်တော်ထဲမှာ တက်ရောက်ကြမှာ မဟုတ်ဘူးဆိုတာလဲ ရှင်းနေပါတယ်။ ဒီလိုဖြစ်ပါရက်နဲ့ ၂၀၁၀ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့်လွှတ်တော်ထဲမှာ ယုံကြည်မှုတည်ဆောက်ကြမယ်ဆိုတာဟာ စစ်အာဏာရှင်တွေနဲ့သူတို့နဲ့ အကြောင်း အပေါင်းသင့်လိုတဲ့ အင်အားစုတချို့ အကြားလောက်မှာသာ တည်ဆောက်ကြတဲ့ ယုံကြည်မှုမျိုးကလွဲလို့ သည့်ထက်ပိုစရာအကြောင်း မရှိပါဘူး။

စတုတ္ထအချက်ကတော့ မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားကျူးလွန်နေတဲ့ နိုင်ငံတကာ အဆင့်ရှိတဲ့ ပြစ်မှုကြီးတွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဘယ်လိုဆက်စပ်စဉ်းစားမလဲ ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒီလောက်ကြီးမားတဲ့ ပြစ်မှုကျူး လွန်မှုကြီးတွေအပေါ်မှာ ဘယ်လိုမှ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ၊ လုံးဝ ပြည်ဖုံးကားချပြီး ဟန်ဆောင်အပြုံးတွေနဲ့ လက်ဆွဲနှုတ်ဆက်ကြ၊ လွှတ်တော်ထဲမှာ အတူထိုင်ကြ၊ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်သွားကြမယ်ဆိုရင် ဆုံးရှုံးနေတဲ့ လူထုရဲ့ တရားမျှတမှုကို လုံးဝ မျက်ကွယ်ပြုရာရောက်ပါတယ်။ ဒါဟာ လူထုအပေါ် မတရားမှုကြီး ထပ်မံကျူးလွန်တာပါဘဲ။ ဒီလို လုပ်ဆောင်တဲ့အတွက် ပိုပြီးဆိုးတဲ့ မကောင်းကျိုးသက်ရောက်မှုကို လူ့အဖွဲ့အစည်းက ဆက်လက်ခံစားရဦးမှာပါ။ ပြစ်မှုကြီးတွေ ကျူးလွန်ခဲ့သူတွေဟာ ပိုမို လက်ရဲ၊ ဇက်ရဲဖြစ်လာပြီး ဆက်လက်ကျူးလွန်ကြ၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ အကြွင်းမဲ့ လွှတ်ငြိမ်းခွင့်ပေးထားတဲ့ ပြဋ္ဌာန်းချက်ကို ထပ်မံအသုံးပြုကြနဲ့ ဆိုးသွမ်းသံသရာ လည်နေဦးမှာ မုချပါဘဲ။

နောက်ဆုံးအချက်အနေနဲ့ ဦးခင်မောင်ဆွေ ပြောသွားတဲ့ "ထိပ်တိုက်ရင်ဆိုင် အားပြိုင်နိုင်ငံရေးဟာ အကျိုးမရှိဘူး" ဆိုတဲ့အပေါ် သုံးသပ်လိုပါတယ်။ နယ်ချဲ့စနစ်အောက်က လွတ်မြောက်ဖို့ ကြိုးစားတဲ့ တိုင်းပြည်တိုင်းမှာ ထိပ်တိုက်ရင်ဆိုင် အားပြိုင်နိုင်ငံရေးကို အသုံးပြုခဲ့ရတာချည်းဖြစ်ပါတယ်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံကိုကြည့်ပါ။ မဟတ္တမ ဂန္ဒီ ဟာ ငြိမ်းချမ်းတဲ့ အဟိံသ လမ်းစဉ်ကို ကျင့်သုံးခဲ့ပေမယ့် ထိုစဉ်က ဗြိတိသျှနယ်ချဲ့အစိုးရကို ထိပ်တိုက်ရင်ဆိုင် အားပြိုင်ခဲ့ရတာဖြစ်ပါတယ်။ ဖက်ဆစ် စစ်အာဏာရှင်ဆိုတာ နယ်ချဲ့ထက် ပိုပြီးဆိုးပါတယ်။ ထိပ်တိုက်ရင်ဆိုင်ရုံသာမက လိုအပ်ရင် လက်နက်ကိုင်ပြီး တိုက်ပွဲဆင် ဖြိုချရတာမျိုးဖြစ်ပါတယ်။ ဗိုလ်သန်းရွှေ ဦးဆောင်ပြီး ကျင့်သုံးနေတဲ့ စစ်အာဏာရှင်စနစ်ဟာ ဖက်ဆစ်အဆင့်ကို မီပါတယ်။ အောက်ခြေတပ်မတော်သားတွေကိုယ်တိုင်တောင် လက်မခံနိုင်လို့ တပ်တွင်းဆန္ဒပြပွဲတွေ ဖြစ်နေပါပြီ။ ထိပ်တိုက်ရင်ဆိုင် အားပြိုင်ရုံသာမက အမြစ်ကနေကို အပြုတ်တိုက်ပစ်ရမှာပါ။ မြန်မာနိုင်ငံမှာ ၁၉၆၂ ခုနှစ်ကနေစတင်ပြီး သက်ဆိုးရှည်ခဲ့တဲ့ စစ်အာဏာရှင်စနစ်ဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအသွင်သဏ္ဌာန်နဲ့ အုပ်ချုပ်ခဲ့တဲ့အခါမှာ ၁၉၈၈ ခုနှစ် လူထုအုံကြွမှုကြီးကနေ ထိပ်တိုက်ရင်ဆိုင် အားပြိုင်ပြီး ဖြုတ်ချခဲ့တာကြောင့် မဆလ ပါတီနဲ့ သူ့ရဲ့ အုပ်ချုပ်မှုစနစ် တစုံလုံးကို ပြုတ်သွားခဲ့တာ အထင်အရှားပါ။

ကိုယ့်နိုင်ငံရေး စဉ်းစားချက်နဲ့ ကိုယ်ကောင်းမလားလို့ထင်ပြီး ရွေးကောက်ပွဲဝင်ကြတာမျိုးကို အပြစ်တင်ဖို့မရှိပါဘူး။ ဒါပေမယ့် ထိပ်တိုက်ရင်ဆိုင် အားပြိုင်တာမျိုး မလုပ်သင့်ဘူးရယ်လို့ ကြွေးကြော်တာကတော့ စစ်အာဏာရှင်စနစ်ကို ဘက်ပေါင်းစုံကနေ တိုက်ပွဲတွေဆင်နွှဲဖို့ ကြိုးပမ်းနေကြတဲ့ တိုင်းရင်းသားပေါင်းစုံ လူထုတွေရဲ့ အားမာန်ကို ရိုက်ချိုးလိုက်ရာရောက်ပါတယ်။ လူထုတရပ်လုံး စစ်အာဏာရှင်တွေရဲ့ရှေ့မှာ ဒူးတုတ်ရတော့မယ့်သဘော သက်ရောက်စေပါတယ်။

# ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းခြင်းအပေါ် ဥပဒေစိုးမိုးရေး အခြေခံမှ သုံးသပ်တင်ပြခြင်း

ပြီးခဲ့တဲ့ ရက်ပိုင်းကတင် နအဖ ဟာ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းလိုက်တယ်ဆိုတဲ့သတင်းတွေ ထွက်ပေါ်လာပါတယ်။ ဇူလိုင်လ (၆) ရက်နေ့ မှာ အသင်းကို ဖျက်သိမ်းခွင့်ကျခဲ့ပြီးဖြစ်ကြောင်း၊ ပါတီအနေနဲ့ ဆက်လက်ရပ်တည်သွားမှာဖြစ်ကြောင်း၊ အသင်းပိုင်ပစ္စည်းအားလုံးကို ပါတီကို လွှဲပြောင်းဖို့ အသင်းအဆင့်ဆင့်က ဆုံးဖြတ်ပြီးဖြစ်ကြောင်း၊ အဲသလို ဆုံးဖြတ်ပြီးဖြစ်တဲ့အတွက် တရားဝင်လွှဲပြောင်းပြီးဖြစ်ကြောင်း၊ အသင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ သူရဦးမြင့်ဦး က ဇူလိုင်လ (၁၅) ရက်နေ့က ဘီဘီစီမှာ ရှင်းလင်းပြောကြားသွားခဲ့တယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းတဲ့ကိစ္စ၊ အသင်းပိုင်ပစ္စည်းတွေကို ရွေးကောက်ပွဲဝင်မယ့် ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီကို လွှဲပြောင်းတဲ့ကိစ္စတွေဟာ ဥပဒေစိုးမိုးရေးအခြေခံကနေ သုံးသပ်ရင်း ပြဿနာများစွာကို တွေ့မြင်နိုင်ပါတယ်။

ပထမ ပြဿနာကတော့ ပြည်ထောင်စု ကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်း အတွင်းပိုင်းလည်ပတ်မှုနဲ့ ဆိုင်ပါတယ်။ ကြံ့ဖွံ့ရဲ့ဗဟိုအသင်းမှာ နာယက အဖွဲ့၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေ အတွင်းရေးမှူးနဲ့ အတွင်းရေးမှူးအဖွဲ့ဆိုပြီးရှိပါတယ်။ ပြည်နယ်နဲ့တိုင်းတွေမှာ (၁၇) သင်း၊ ခရိုင်မှာ (၆၆) သင်း၊ မြို့နယ်တွေမှာ (၃၂၀) သင်း၊ ရပ်ကွက်နဲ့ ကျေးရွာအုပ်စုတွေမှာ ၁၅၅၂ သင်း ရှိကြတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးအသင်းကို ဖျက်သိမ်းတယ်ဆိုတဲ့ သတင်းနဲ့အတူ အသင်းပိုင်ပစ္စည်းအားလုံးကို ပါတီကို လွှဲပြောင်းဖို့ အသင်းအဆင့်ဆင့်က ဆုံးဖြတ်ပြီးဖြစ်တယ်လို့ အသင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ သူရဦးမြင့်ဦး က ဇူလိုင်လ (၁၅) ရက်နေ့မှာ ရှင်းလင်းဖြေကြားခဲ့တယ်။ ဇူလိုင်လ (၁၆) ရက်နေ့ရောက်တော့ ဒီကိစ္စအပေါ် ဒီမိုကရက်တစ်မြန်မာ့အသံက ပြည်နယ်နဲ့တိုင်း အသင်းတွေကို မေးမြန်းပါတယ်။ ဒီအခါမှာ ပြည်နယ်နဲ့တိုင်းမှာရှိတဲ့ ကြံ့ဖွံ့အသင်း တာဝန်ရှိသူတွေက သူတို့ ဘာမှမသိရသေးဘူး၊ အထက်က ညွှန်ကြားချက်မလာသေးဘူး၊ အသင်းတွေ ဒီအတိုင်းဘဲ ဆက်ရှိနေတယ်လို့ ဖြေကြားသွားခဲ့ကြတယ်။ ဒီတော့ ဒီအချက်က အသင်းကို ဖျက်သိမ်းတဲ့ကိစ္စဟာ အောက်ခြေအသင်းဝင်တွေရဲ့ သဘောထားဆန္ဒကို ခံယူဆောင်ရွက်တာမဟုတ်ဘဲ ဗဟိုအဆင့်က ပုဂ္ဂိုလ်တွေက ဗိုလ်သန်းရွှေရဲ့ အမိန့် ညွှန်ကြားချက်နဲ့ အညီ လုပ်ကြတာကို ပြသနေပါတယ်။

ဒီနေရာမှာ ကြံ့ဖွံ့အသင်းကို ဖျက်သိမ်းပုံဖျက်သိမ်းနည်းအပေါ် ဘယ်လိုသုံးသပ်မလဲဆိုတာဟာ အရေးကြီးတဲ့ အကြောင်းအရာ ဖြစ်လာပါတယ်။ ဒါကို သဘောပေါက်နိုင်ဖို့ အတွက် အဖွဲ့အစည်းတွေ ဖွဲ့စည်းတည်ထောင်ကြပုံကို လေ့လာဖို့ လိုပါတယ်။ တကမ္ဘာလုံးမှာရှိတဲ့ အဖွဲ့အစည်းတွေကို ဖွဲ့စည်းတည်ထောင်ကြရာမှာ အခြေခံအားဖြင့် သုံးမျိုးကို တွေ့ရပါတယ်။ ပထမတမျိုးကတော့ ဖေါင်ဒေးရှင်းပါ။ ဒုတိယ တမျိုးကတော့ အသင်းဖြစ်တယ်။ အင်္ဂလိပ်ဘာသာနဲ့ Association လို့ ခေါ်ပါတယ်။ တတိယ တမျိုးကတော့ ဖေါင်ဒေးရှင်း နဲ့ အသင်းကို ပေါင်းထားတဲ့ ဖွဲ့ စည်းပုံပါ။

ပထမ အမျိုးအစားဖြစ်တဲ့ ဖေါင်ဒေးရှင်းရဲ့ အခြေခံအရတော့ ဗဟိုချုပ်ကိုင်မှုက အဓိကဖြစ်ပါတယ်။ ရည်မှန်းချက်တူ၊ စိတ်တူကိုယ်တူ သဘောထားခြင်းတူကြတဲ့ ပုဂ္ဂိုလ်တစုက

အကြောင်းရပ်တခုခုအပေါ်မှာ စုပေါင်းလုပ်ကိုင်ကြဖို့ သဘောတူပြီး စုဖွဲ့ကြတာပါ။ သူတို့လုပ်ငန်းကြီးကျယ်လာတဲ့အခါမှာ ရုံးတွေဖွင့်၊ ဝန်ထမ်းတွေအမြောက်အများခန့်၊ ပြည်တွင်းနဲ့ နိုင်ငံတကာ အဆက်အသွယ်တွေ တိုးချဲ့ အစရှိသဖြင့် လုပ်ဆောင်ကြပါတယ်။ ဒါပေမယ့် ဘယ်လောက်ဘဲ လုပ်ငန်းကြီးမား ကျယ်ပြန့်ပါစေ၊ ဦးဆောင်ဆုံးဖြတ်ချမှတ်ရာမှာတော့ မူလစတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ပုဂ္ဂိုလ်တွေအပါအဝင် ထိပ်ပိုင်းက အမှုဆောင်ဘုတ်အဖွဲ့ကသာ အဓိကဖြစ်ပါတယ်။ ယေဘုယျအားဖြင့် သူတို့ရဲ့ တာဝန်နေရာကို အခြားသူက ဝင်ယူဖို့ တောင်းဆိုခွင့်မရှိပါဘူး။ ဒီ ဦးဆောင်ပုဂ္ဂိုလ်တစုရဲ့ ဆုံးဖြတ်ချက်တခုထဲနဲ့ဘဲ အဖွဲ့အစည်းကို ဖျက်သိမ်းခွင့်ရှိပါတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ ဖေါင်ဒေးရှင်းအခြေခံနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ အမြောက်အများရှိကြတယ်။ အထူးသဖြင့် အယ်န်ဂျီအိုလို့ခေါ်လေ့ရှိကြတဲ့ အဖွဲ့အစည်းတွေပါ။ ဒီလို အဖွဲ့အစည်းတွေရဲ့ အဖွဲ့အစည်းတွင်း လည်ပတ်မှုမှာ ဒီမိုကရေစီကို ကျင့်သုံးလေ့မရှိကြပါဘူး။ လုပ်ငန်းဆောင်ရွက်ရာမှာ အောက်ခြေဝန်ထမ်းတွေနဲ့ တိုင်ပင်လေ့ရှိပေမယ့် ဆုံးဖြတ်ချက်ချမှတ်ရာမှာတော့ ဗဟိုချုပ်ကိုင်မှုက အဓိကဖြစ်ပါတယ်။

ဒုတိယတမျိုးဖြစ်တဲ့ အသင်းရဲ့ဖွဲ့စည်းတည်ဆောက်မှုကတော့ ဖေါင်ဒေးရှင်းနဲ့ ရာနှုန်းပြည့် ဆန့်ကျင်ပါတယ်။ အသင်းရယ်လို့ ဖွဲ့စည်းတည်ထောင်လိုက်ရင် အသင်းဝင်တွေရဲ့ အခန်းကဏ္ဍက အဓိကဖြစ်ပါတယ်။ တနည်းအားဖြင့် ဒီမိုကရေစီက အဓိကဖြစ်ပါတယ်။ အရေးကြီးတဲ့ ကိစ္စရပ်တွေမှာ အသင်းဝင်တွေဆီက သဘောထားဆန္ဒကို ခံယူပြီး ဆုံးဖြတ်လုပ်ကိုင်ကြရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံရေးပါတီတွေ၊ လူထုအသင်းအဖွဲ့တွေအားလုံးနီးပါးဟာ အသင်းအခြေခံကနေ ဖွဲ့စည်းတည်ဆောက်လေ့ရှိပါတယ်။ ပထမ အမျိုးအစားဖြစ်တဲ့ ဖောင်ဒေးရှင်းလိုအဖွဲ့အစည်းမျိုးမှာ ပြင်ပကပုဂ္ဂိုလ်တွေကို အသင်းဝင် သို့မဟုတ် အဖွဲ့ဝင်တွေအဖြစ် လက်ခံလေ့မရှိကြပါဘူး။ ဒါကြောင့် ဖောင်ဒေးရှင်းရဲ့ ဖွဲ့စည်းတည်ဆောက်မှုဟာ ကျစ်လစ်ပေမယ့် ကျဉ်းမြောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဒုတိယ အမျိုးအစားဖြစ်တဲ့ အသင်းလို အဖွဲ့အစည်းမျိုးမှာ အသင်းဝင် (သို့မဟုတ်) အဖွဲ့ဝင်တွေကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံလေ့ရှိကြတယ်။ ဒါကြောင့် အသင်းရဲ့ ဖွဲ့စည်းတည်ဆောက်မှုဟာ အကန့်အသတ်မရှိ ကြီးမားကျယ်ပြန့်ပါတယ်။ အသင်းတွေမှာ အဖွဲ့အစည်းအတွင်း ဒီမိုကရေစီကို ကျင့်သုံးလည်ပတ်ကြရတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ အောက်ခြေထုနဲ့တိုင်ပင်ဖို့ လိုအပ်ရုံသာမက ဒီမိုကရေစီအခြေခံကို ကျင့်သုံးကြရတယ်။ အသင်းကို ဖွဲ့စည်းတည်ဆောက်မှုနဲ့ မူဝါဒပိုင်းဆိုင်ရာတွေအပါအဝင် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို အသင်းသားတွေရဲ့ ကိုယ်စားလှယ်တွေတက်ရောက်တဲ့ အသင်းရဲ့ ညီလာခံကြီးတွေက ချမှတ်ကြလေ့ရှိပါတယ်။

တတိယ တမျိုးဖြစ်တဲ့ ဖေါင်ဒေးရှင်းနဲ့ အသင်းကို ပေါင်းစပ်ဖွဲ့စည်းထားပုံမျိုးကို ဖော်ဆောင်လည်ပတ်တဲ့ အဖွဲ့အစည်းမျိုးလည်းရှိပါတယ်။ သာဓကအားဖြင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ (ဘီအယ်လ်စီ) ဆိုကြပါစို့။ ဖောင်ဒေးရှင်းလည်းမဟုတ်၊ အသင်းလည်း မဟုတ်ပါဘူး။ တချိန်ထဲမှာ ဖောင်ဒေးရှင်းအခြေခံကိုရော အသင်းအခြေခံကိုပါ ယူထားတာပါ။ ရှေ့နေတဦးခြင်းစီတိုင်း မြန်မာနိုင်ငံရှေ့နေများကောင်စီမှာ အဖွဲ့ဝင်အဖြစ် လျှောက်ထားခွင့်ရှိတယ်။ ဒါပေမယ့် ရှေ့နေဖြစ်ကြောင်း သက်သေပြနိုင်ရုံနဲ့ အဖွဲ့ဝင်အဖြစ် လက်ခံရမယ်လို့ ရှေ့နေတဦးဦးက လာပြီး အတင်းအကြပ်ပြုလို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံရှေ့နေများအသင်းဆိုပြီး အသင်းအနေနဲ့ ဖွဲ့စည်းတည်ထောင်ထားတဲ့ အဖွဲ့အစည်း မဟုတ်လို့ပါဘဲ။ ဒါပေမယ့်

ဖောင်ဒေးရှင်းသက်သက် ဖွဲ့စည်းမှုပုံစံမျိုးလို လက်ရှိခေါင်းဆောင်တွေအားလုံးကသာ ခေါင်းဆောင်မှုနေရာကို ရာသက်ပန် ပုံသေယူထားတာလဲ မဟုတ်ပါဘူး။ ဦးဆောင်အဖွဲ့အနေနဲ့ အဖွဲ့ဝင်ရှေ့နေတွေရဲ့ သဘောဆန္ဒကို ရယူ၊ အသင့်တော်ဆုံး ရှေ့နေတွေထဲကနေ ရွေးချယ်ပြီး ခေါင်းဆောင်မှုနေရာကို အဆင့်တိုး တာဝန်ပေးအပ်သွားတဲ့ ဖွဲ့စည်းတည်ဆောက်ပုံစနစ်ကို ကျင့်သုံးပါတယ်။

ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဟာ ဖောင်ဒေးရှင်း မဟုတ်သလို ဖောင်ဒေးရှင်းနဲ့ အသင်း ပေါင်းစပ်ထားတဲ့ အဖွဲ့အစည်းလဲ မဟုတ်ပါဘူး။ အသင်းအဖြစ်နဲ့ တည်ထောင်၊ အသင်းဝင်တွေကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံပြီး အသင်းအနေနဲ့ ဖွဲ့စည်းလှုပ်ရှားလာခဲ့တာ ကြာပါပြီ။ အသင်းကို သည်လို လွယ်လင့်တကူ ဖျက်သိမ်းလို့ မရပါဘူး။ အသင်းဝင်တွေရဲ့ ကိုယ်စားလှယ်တွေ တက်ရောက်တဲ့ ညီလာခံတရပ်ကို ကျင်းပ၊ အဲဒီညီလာခံကြီးကနေ အသင်းကို ဖျက်သိမ်းသင့် မသင့် ကြေကြေလည်လည် ဆွေးနွေးကြ၊ အသင်းဝင်ထုရဲ့ သဘောထားဆန္ဒကို စုဆောင်းကြရမှာဖြစ်တယ်။ ပြီးမှ ဆုံးဖြတ်ချက်ချကြရမှာပါ။ အသင်းတခုကို လွယ်လင့်တကူ တည်ထောင်၊ လူတစု ဆန္ဒနဲ့ ကြိုးကိုင်ချယ်လှယ်၊ အဲသည်လူတစုကသာ ဆုံးဖြတ်ချက်ချပြီး အသင်းကို ဖျက်သိမ်း၊ သည်လိုလုပ်တာဟာ နအဖ က အသံကောင်းဟစ်နေတဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီကို ကျင့်သုံးတာမဟုတ်ပါဘူး။ ဒီမိုကရေစီအခြေခံကို လုံးလုံးဖျက်ဆီးတာဖြစ်တယ်။ အသင်းဝင်ထုတွေရဲ့ သဘောထားဆန္ဒကို လုံးဝ မျက်ကွယ်ပြုတာ၊ အသင်းဝင်ထုကို စော်ကားတာ၊ ဥပဒေရှေ့မှောက်မှာ လူတဦးချင်းစီတိုင်း တန်းတူရှိတယ်ဆိုတဲ့ ဥပဒေစိုးမိုးရေးအခြေခံကို ဆန့်ကျင်တာ၊ အာဏာရှင်စနစ်ကို လက်တွေ့ ကျင့်သုံးတာသာ ဖြစ်ပါတယ်။

ကြံ့ဖွံ့အသင်းပိုင် ပစ္စည်းအားလုံးကို ကြံ့ဖွံ့ပါတီကို လွှဲပြောင်းဖို့ ဆုံးဖြတ်ပြီးဖြစ်တယ်လို့ သူရဦးမြင့်ဦး ပြောကြားသွားတဲ့အချက်က အသင်းကို ဖျက်တာထက် ပိုပြီးဆိုးဝါးလှပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးဆိုတဲ့ နံမည်ကို ဥပဒေအရ ဗိုလ်သန်းရွှေတဦးတည်းပိုင် မှတ်ပုံတင်ထားတာ မဟုတ်ဘူး။ အသင်းလုပ်လိုက်၊ ပါတီလုပ်လိုက် လုပ်ချင်သလို လုပ်ခွင့်မရှိဘူး။ ဒါဟာ မင်းမဲ့စရိုက်ဖြစ်တယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းပိုင်ပစ္စည်းတွေဟာ နိုင်ငံပိုင်ပစ္စည်းတွေဘဲ။ ဗိုလ်သန်းရွှေနဲ့ နအဖ ဗိုလ်ချုပ်တွေရဲ့ ချွေးနည်းစာနဲ့ ရှာဖွေစုဆောင်းထားတဲ့ ပုဂ္ဂလိကပိုင်ပစ္စည်းတွေ မဟုတ်ဘူး။ ချယ်လှယ်ချင်သလို ချယ်လှယ်ခွင့် မရှိဘူး။ ကြံ့ဖွံ့အသင်းအနေနဲ့ ရယူသုံးစွဲနေတဲ့ နိုင်ငံပိုင်ပစ္စည်းတွေကို ကြံ့ဖွံ့ပါတီကို တနည်းအားဖြင့် နိုင်ငံရေးပါတီ တရပ်ရပ်ကို တရားဝင်လွှဲပြောင်းပေးခွင့်ရှိတယ်ရယ်လို့ ပြဌာန်းထားတဲ့ ဥပဒေ လုံးဝမရှိဘူး။ ဥပဒေပြဌာန်းချက်မရှိဘဲ နိုင်ငံပိုင်ပစ္စည်းတွေကို ထင်သလို ချယ်လှယ်တာဟာ နိုင်ငံပိုင်ပစ္စည်းတွေကို အလွဲသုံးစားလုပ်တာဖြစ်တယ်။ မင်းမဲ့စရိုက်ကို အပြည့်အဝ ကျင့်သုံးတာဖြစ်တယ်။ ဥပဒေစိုးမိုးရေးကို လုံးဝဥသုံ မျက်ကွယ်ပြုတာဖြစ်တယ်။

၁၉၈၈ ခုနှစ်မှာ စစ်အာဏာရှင်တွေဟာ သူတို့တည်ထောင်ထားတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို မလွှဲမရှောင်သာ ဖျက်သိမ်းလိုက်ရပြီးတဲ့နောက်မှာ နိုင်ငံတော်ကို ဦးဆောင်တဲ့ တခုတည်းသော ပါတီအနေနဲ့ လက်ခံရယူ သုံးစွဲနေခဲ့တဲ့ နိုင်ငံပိုင်ပစ္စည်းတွေကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီလို့ ခေါ်တဲ့ တစည ကို လွှဲပြောင်းပေးခဲ့ဖူးတယ်။ အခုလည်း ဒီလိုပုံစံမျိုး လုပ်လာပြန်ပါပြီ။ ဒီတကြိမ်မှာတော့ ရွေးကောက်ပွဲဝင်ဖို့ ပြင်ဆင်နေကြတဲ့ နိုင်ငံရေးပါတီတွေ

သာမက ရွေးကောက်ပွဲ မဝင်တဲ့ နိုင်ငံရေးပါတီတွေရော၊ ပြည်တွင်းပြည်ပရှိ နိုင်ငံရေး အင်အားစု အားလုံးကပါ သည်လို မင်းမဲ့စရိုက်ကျင့်သုံးတာ၊ ဥပဒေစိုးမိုးရေးကို မျက်ကွယ်ပြုတာတွေကို တခဲနက်ဆန့် ကျင်သင့်ကြောင်း တင်ပြလိုက်ပါတယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

## ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အာဏာအလွဲသုံးစား ပြုလုပ်နေသည့် ကြံ့ဖွံ့ပါတီအား အရေးယူပြီး ဖျက်သိမ်းသင့်ကြောင်း ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

### ဖြစ်စဉ်အကျဉ်း

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) သည် မဲဆွယ်စည်းရုံးရေးသုံး လက်ကမ်းကြော်ငြာ စာရွက်စာတမ်းများ၊ ကြံ့ဖွံ့တံဆိပ်ပါ ဦးထုပ်၊ တီရှပ်အင်္ကျီ၊ ဗီနိုင်းကြော်ငြာများ၊ အလံများကို ပြန်ကြားရေးဝန်ကြီးဌာန အစိုးရပုံနှိပ်စက်များနှင့် အမှတ် (၁) စက်မှု ဝန်ကြီးဌာန လက်အောက်ရှိ ပလိပ်ချည်မျှင်နှင့်အထည်စက်ရုံ၊ ကျောက်ဆည် ချည်မျှင်နှင့် အထည်စက်ရုံ၊ စစ်ကိုင်း ရွာသစ်ကြီး ချည်မျှင်နှင့်အထည်စက်ရုံများအပါ အဝင်စက်ရုံများတွင် အခကြေးငွေ တစုံတရာမပေးဘဲ ရိုက်နှိပ်ပေးနေရကြောင်း အစိုးရဝန်ထမ်းများက ပြောသည်။

ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းနှင့် အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း တို့သည် ကြံ့ဖွံ့ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ဤကဲ့သို့ ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အခမဲ့ အခကြေးငွေမပေးဘဲ အသုံးပြုနေခြင်းဖြစ်ကြောင်း အစိုးရဝန်ထမ်းများက ပြောပြပါသည်။ (ဧရာဝတီ၊ အောက်တိုဘာ ၁၂၊ ၂၀၁၀)

### ဥပဒေရေးရာ  သုံးသပ်ချက်

၁။ နအဖ စစ်အစိုးရ ဝန်ကြီးများဖြစ်သော ဦးကျော်ဆန်း နှင့် ဦးအောင်သောင်း တို့သည် ပြည်သူပိုင်စက်ရုံ အလုပ်ရုံများကို အသုံးပြု၍ မိမိအကျိုးစီးပွားဖြစ်သည့် ကြံ့ဖွံ့ပါတီ၏ စည်းရုံးရေးသုံးပစ္စည်းများကို အခကြေးငွေ တစုံတရာ မပေးဘဲ၊ အခမဲ့ အာဏာအလွဲသုံးစား ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းအလုပ်သမားများ၏ ထွက်ဆိုချက်အရ အမှုဖြစ်စဉ်အကျဉ်းတွင် ပေါ်ပေါက်လျက်ရှိပါသည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ တွင် ဖော်ပြထားသော မည်သူမဆို ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့်သော်လည်းကောင်း၊ ပစ္စည်းကို သို့တည်းမဟုတ် ပစ္စည်း စီမံခန့်ခွဲပိုင်ခွင့်ကို တနည်းနည်းဖြင့် အပ်နှံခြင်းခံရသည်တွင် ထိုပစ္စည်းနှင့် စပ်လျဉ်း၍ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်လျှင် ထို့သူကို တသက်တကျွန်းဒဏ် ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ် တမျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းချက်အရ အရေးယူ အပြစ်ပေးခြင်း ခံရမည်ဖြစ်သည်။

၂။ နအဖ ဥပဒေအမှတ် ၂/ ၂၀၁၀ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ (ခ) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၅ (ခ) တို့တွင် တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေသည့် ပြုလုပ်မှုတရပ်ရပ်ကို ပြုလုပ်ခြင်းနှင့် ပုဒ်မ ၁၅ (ဂ) နိုင်ငံတော်ဖွဲ့စည်းပုံနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊ ရှိခဲ့လျှင် ပါတီမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ကြံ့ဖွံ့ပါတီ ခေါင်းဆောင်များ၏ လုပ်ရပ်များသည် ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံမှု ဖောက်ဖျက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ ကို ဖောက်ဖျက်ကျူးလွန်နေသည့်အတွက် ကြံ့ဖွံ့ပါတီကို မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရမည် ဖြစ်ပါသည်။

၃။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (က)(၅) အရ နိုင်ငံတော်အဆောက်အအုံနှင့် ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်းဖြစ်လျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရဟု ပါရှိသဖြင့် ယခုကဲ့သို့ တိုက်ရိုက်ရယူသုံးစွဲထားသည့်အတွက် ၎င်းဥပဒေ ပုဒ်မ ၁၂ (ခ) အရ ကြံ့ဖွံ့ပါတီအား မှတ်ပုံတင်ခြင်းကိုပယ်ဖျက်၍ ယင်းပါတီအား ဖျက်သိမ်းရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြချက်များအရ ဝန်ကြီးများဖြစ်သော ဦးကျော်ဆန်းနှင့် ဦးအောင်သောင်း တို့ကို ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး) ပုဒ်မ ၄၀၉ အရ ရာဇဝတ်မကင်းသော ယုံကြည်အပ်နှံမှု ဖောက်ဖျက်မှုကို ကျူးလွန်ခြင်းအတွက် ပြစ်ဒဏ်ချမှတ်သင့်ကြောင်းနှင့် ၎င်းတို့၏ ကြံ့ဖွံ့ပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ၁၂ (ခ) အရ ဖျက်သိမ်းသင့်ကြောင်းတို့ကို ပြည်သူလူထုတရပ်လုံးမှ တောင်းဆိုနိုင်ရန် ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

ဥပဒေရေးရာ သုံးသပ်ရေးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

# လွတ်လပ်မှုကို အရယူကြပါ

*ဦးမျိုး (ဥပဒေ)*
*(၁၀၊ ၇၊ ၂၀၁၀)*

နိုင်ငံတိုင်း၏ ဖွဲ့စည်းတည်ဆောက်ပုံအခြေခံဥပဒေထဲတွင် ဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာတို့ကို အနေအထားအလိုက် အာဏာ (၃) ရပ်အဖြစ် ခွဲခြားကန့်သတ်ထားချက်များကို တွေ့ရသည်။ လွတ်လပ်စွာ ခွဲခြားကျင့်သုံးကြရသည်။ အချုပ်အခြာအာဏာတရပ်ဖြစ်သည့် တရားစီရင်ရေးအာဏာကို အခြားအာဏာပိုင် တရပ်ရပ်က ကွပ်ကဲထိန်းချုပ် လွှမ်းမိုးလိုက်မည်ဆိုပါလျှင် တရားစီရင်ရေးကို လွတ်လပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်၍ မရနိုင်တော့ပါ။

တရားရုံးများနှင့် တရားသူကြီးများသည် အစိုးရနှင့် ပြည်သူအကြား မှန်ကန်မျှတမှုအတွက် ကြားဝင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည့်အတွက် အမြဲတမ်းလွတ်လပ်မှုရှိနေရပါမည်။

လွတ်လပ်သော တရားစီရင်ရေး အခြေခံအုတ်မြစ်ကို အာဏာပိုင်းခြားသတ်မှတ်ခြင်း သဘောတရားတွင် အထင်အရှားတွေ့ရသည်။ အုပ်ချုပ်ရေးအာဏာနှင့် ဥပဒေပြုအာဏာတို့ကို လူတဦး သို့မဟုတ် လူတစု၏ လက်ဝယ်အတွင်း ထားရှိပါက အာဏာရရှိထားသော အုပ်ချုပ်သူတဦး သို့မဟုတ် တအုပ်စုက စိတ်တိုင်းကျ အုပ်ချုပ်ရန်အတွက် မတရား ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေများကိုသာ ပြဋ္ဌာန်းပြီး အုပ်ချုပ်ပေမည်။ အင်မတန် အန္တရာယ် ကြီးမားလှပေသည်။

တရားစီရင်ရေးအာဏာကို ဥပဒေပြုနှင့် အုပ်ချုပ်ရေးအာဏာတို့မှ ကန့်သတ်ခွဲခြားမထားလျှင် လွတ်လပ်စွာ တရားစီရင်မှု ရရှိမည်မဟုတ်ပါ။ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာတို့ကို လူတဦး သို့မဟုတ် လူတစု တဖွဲ့တည်းက ကိုင်တွယ်ကျင့်သုံးလျှင်လည်း တရားလက်လွတ် နိုင်ထက်မင်းမူလာမည့် အာဏာရှင်စနစ်သို့ မုချရောက်စေမည့် အန္တရာယ်က ပိုမိုကြီးမားပေသည်။

ထို့ပြင် ဥပဒေပြုနှင့် တရားစီရင်ရေးအာဏာတို့ကို ပူးတွဲပြီးထားပါကလည်း တရားသူကြီးသည် ဥပဒေပြုသူဖြစ်သွားပြီး တဖက်သတ် ဆုံးဖြတ်ချယ်လှယ်မှုကို ပြည်သူအများ ခံရပေလိမ့်မည်။ ထို့ကြောင့် အာဏာ ၃ ရပ် ခွဲခြားကျင့်သုံးရန် လိုအပ်ကြောင်းကို ဦးစွာ ရေးသားဖော်ထုတ်ခဲ့သူမှာ ပြင်သစ်ဥပဒေ ပညာရှင် မွန်တက်စကူ ဖြစ်သည်။

သူ၏ The Spirit of Law (၁၇၄၈) စာအုပ်တွင် အချုပ်အချာ အာဏာပိုင်းခြားခြင်းဆိုင်ရာ သဘောတရားကို ရေးသားထားသည်။

လွတ်လပ်သော တရားစီရင်ရေးအတွက် တရားသူကြီးများကို ရွေးချယ်ခန့်ထားခြင်းနှင့် တရားရုံးများ၏ အနေအထားဖွဲ့ ကင်းရှင်းစွာ ရပ်တည်ခြင်းတို့သည် အထူးအရေးကြီးပါသည်။ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ အခန်း (၈) ပြည်ထောင်စု၏ တရားစီရင်ရေး။ ပုဒ်မ– ၁၄၀ တွင် –

*၁၄၀။ ။ (၁) ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏ သဘောတူချက်ဖြင့်၊ နိုင်ငံတော် တရားဝန်ကြီးချုပ်ကို နိုင်ငံတော် သမ္မတသည် မိမိကိုယ်တိုင် လက်မှတ်ရေးထိုး တံဆိပ်ခပ်နှိပ်သော အမိန့်စာဖြင့် ခန့်ထားရမည်။*

(၂) ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေး၏ သဘောတူညီချက်ဖြင့် တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်ဆိုင်ရာ တရားဝန်ကြီးအားလုံးကို နိုင်ငံတော်သမ္မတသည် မိမိကိုယ်တိုင် လက်မှတ်ရေးထိုး တံဆိပ်ခပ်နှိပ်သော အမိန့်စာဖြင့် ခန့်ထားရမည်ဟု ပြဋ္ဌာန်းထားသဖြင့် ဥပဒေပြုဌာနနှင့် အုပ်ချုပ်ရေးဌာနများ၏ ကွပ်ကဲထိန်းချုပ်မှုမှ ကင်းလွတ်၍ လွတ်လပ်သော တရားသူကြီးများ ခန့်အပ်ထားခြင်း၏ အရေးကြီးမှုကို တွေ့ရှိနိုင်ပါသည်။

**"ပုဒ်မ ၁၃၃ –** ပြည်ထောင်စုနိုင်ငံတဝှန်းလုံး၌ တရားစီရင်ရေးကိစ္စကို ဤအခြေခံဥပဒေ အရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း တည်ထောင်ထားသော တရားရုံးများတွင် ဤအခြေခံဥပဒေနှင့်အညီ သို့တည်းမဟုတ် တရားဥပဒေနှင့်အညီ ခန့်ထားသော တရားသူကြီးများက စီမံအုပ်ချုပ်ရမည် **. . .**" ဟု တရားရုံးများ၏ ကိုယ်ပိုင်လွတ်လပ်စွာ ရပ် တည်မှုကို ဖော်ပြထားသည်။

တရားသူကြီးအားလုံးသည် ဤအခြေခံဥပဒေနှင့် တရား ဥပဒေများကိုသာ လိုက်နာ၍ မိမိတို့၏ တရားစီရင်မှု အလုပ်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည်... ဟုလည်း ပြဋ္ဌာန်းထားသဖြင့် လွတ်လပ်သော တရားစီရင်ရေးအတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသည်ကို တွေ့ရှိရပါသည်။ တပြည်ထောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်သော တရားစီရင်ရေးကို အာမခံနိုင်သည့် တစုံတရာ ပြဋ္ဌာန်းချက် မပါရှိပေ။ ၁၉၄၇ ဖွဲ့စည်းပုံဥပဒေနှင့် ယှဉ်ထိုးကြည့်နိုင်ပါသည်။ တရားစီရင်ရေးမှ လွတ်လပ်မှုမရှိလျှင် မည်သည့်နေရာတွင် တရားမျှတမှုကို ရှာဖွေရပါမည်နည်း။

**"ပုဒ်မ ၁၄၁ –** တရားသူကြီးအားလုံးသည် ဤအခြေခံဥပဒေနှင့် တရား ဥပဒေများကိုသာ လိုက်နာ၍ မိမိတို့၏ တရားစီရင်မှု အလုပ်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရမည်..." ဟုလည်း ပြဋ္ဌာန်းထားသဖြင့် လွတ်လပ်သော တရားစီရင်ရေးအတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံထားသည်ကို တွေ့ရှိရပါသည်။ တပြည်ထောင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်သော တရားစီရင်ရေးကို အာမခံနိုင်သည့် တစုံတရာ ပြဋ္ဌာန်းချက် မပါရှိပေ။ ၁၉၄၇ ဖွဲ့စည်းပုံဥပဒေနှင့် ယှဉ်ထိုးကြည့်နိုင်ပါသည်။ တရားစီရင်ရေးမှ လွတ်လပ်မှုမရှိလျှင် မည်သည့်နေရာတွင် တရားမျှတမှုကို ရှာဖွေရပါမည်နည်း။

ဥပဒေစနစ်ချင်းတူသည့် အိန္ဒိယနိုင်ငံကြီး၌ပင်လျှင် တရားစီရင်ရေး လွတ်လပ်မှုကို အလေးထား ဖော်ဆောင်ခြင်းဖြင့် ဒီမိုကရေစီကို မြှင့်တင်နိုင်ကြောင်း "အင်ဒီရာကို ကိုင်လှုပ်ခဲ့တဲ့စီရင်ချက်" ဆောင်းပါးတွင် တွေ့ရှိရပါသည်။ ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားမှုဖြစ်ပါသည်။

၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် အောက်လွှတ်တော် (Lok Sabah) ရွေးကောက်ပွဲဖျက်သိမ်းပြီး၊ ၎င်းနောက်ပိုင်းတွင်မှ မစ္စစ် အင်ဒီရာဂန္ဒီက ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံရန် အခွင့်အရေးယူခဲ့သည်။ ဤသည်ကို မကျေနပ်၍ ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားချက်ကို လျှောက်ထားသူ ရာ့ဂျ်နာရိန်းက တိုင်ချက်ဖွင့် လျှောက်ထားသဖြင့် စစ်ဆေးကြားနာခဲ့ရသော အမှုဖြစ်သည်။

၁၉၇၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့မှာ တိုင်ချက်ဖွင့်ခဲ့သည့် ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားချက်ကို ၁၉၇၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှာ တရားလွှတ်တော် တရားသူကြီး ဂျက်မိုဟန်–လား–ဆင်းဟာက သမိုင်းဝင် စီရင်ချက်အဖြစ် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၁၉၇၁ ခုနှစ်က အောက်လွှတ်တော် (Lok Sabah) မှာ မစ္စစ် အင်ဒီရာ၏ ရွေးချယ်ခံရမှုသည် ပျက်ပြယ် (တရားမဝင်) ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၁၉၅၀ ခုနှစ် ပြည်သူ့ကိုယ်စားပြုမှု အက်ဥပဒေ ပုဒ်မ ၁၂၃ (၇) အရ အကျင့်ပျက် ခြစားမှုများအတွက် အပြစ်ရှိကြောင်း ချမှတ်ခံရသည်။ နောင်လာမည့် ၆ နှစ်တာအတွက် ဥပဒေပြုလွှတ်တော်၌လည်းကောင်း၊ ပါလီမန်အဖွဲ့ဝင်ဖြစ်ခြင်းမှသော်လည်းကောင်း စည်းကမ်းချက်နှင့် မညီညွတ်သောကြောင့် ပယ်ချခံခဲ့ရပါသည်။

အထက်ပါ စီရင်ချက်ချမှတ်ပြီး ၁၃ ရက်အတွင်းတွင် တိုင်းပြည်အတွက် စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့ရသည့် ပြည်တွင်း အရေးပေါ်အခြေအနေကြေညာချက်ကို ၁၉၇၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ကြေညာခဲ့သည်။

၁၉၇၇ ခုနှစ်၊ မတ်လမှာ မစ္စစ် အင်ဒီရာ ဂန္ဒီသည် ဇဟိုမှာ တောက်လျှောက် သူမ အုပ်ချုပ်လာခဲ့သည့် အာဏာကို စွန့်လွှတ်ခဲ့ရသည်။ သူ့ပါတီသည်လည်း ရွေးကောက်ပွဲတွင် အရှုံးကြီး ရှုံးနိမ့်ခဲ့သည်။ တရားမျှတမှု၊ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ သွေးစည်းညီညွတ်မှုနှင့် ဒီမိုကရေစီ အခွင့်အရေးများအတွက် ပြည်သူလူထုမှ ပြင်းထန်စွာ အုံ့ကြွလောက်အောင် ထပ်မံတောင်းဆိုလာခဲ့ကြသည်။

နိုးကြားပြီး သတိဝိရိယရှိသည့် မဲဆန္ဒရှင်များက မစ္စစ် အင်ဒီရာ ဂန္ဒီကို အာဏာလက်လွတ် ဖြစ်သွားစေခဲ့သည်။

ဤသည်မှာ တော်လှန်ရေးဖြစ်သည်။ မဲပုံးများကို ဖြတ်သန်းပြီး ဖန်တီးနိုင်သည့် စွမ်းပကားကြောင့် အစိုးရကို အကြမ်းမဖက်ဘဲ၊ ငြိမ်းချမ်းစွာ ပြောင်းလဲပစ်ခဲ့ကြသည်။ ၁၉၇၇

ခုနှစ်မှာ Janata Dal ပါတီ အာဏာရလာသည်။ ဒီမိုကရေစီက အာဏာရှင်စနစ်နှင့် သက်ဦး ဆံပိုင်စနစ်ကို ထူးကဲစွာ အောင်မြင်မှုရလိုက်ခြင်းဖြစ်သည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ တရားစီရင်ရေးစနစ်နှင့် ပြည်သူလူထု ခေါင်းစဉ်ဖြင့် ဒေလီမြို့ရှိ ဂျဝါဟာလာ နေရူး တက္ကသိုလ်တွင် တရားလွှတ်တော် တရားသူကြီး ဆင်းဟာ ဟော ပြောပို့ချခဲ့ပါသေးသည်။ "အိန္ဒိယ၌ ဒီမိုကရေစီ ဆက်လက်ရှင်သန်ရန်အတွက် ခိုင်မာပြတ်သား သည့် လွတ်လပ်သော တရားစီရင်ရေး စနစ်တရပ်ကို မက်မက်မောမော လိုချင်တပ်မက်ရမည်" ဟု ထောက်ပြခဲ့ပါသည်။

"လွတ်လပ်မှုကို ဆုံးရှုံးခံလိုက်ရသည့်၊ လွတ်လပ်မှုမရှိသည့် တရားစီရင်ရေးစနစ် ဖြစ်သွားလျှင် ကျနော်တို့၏ နိုင်ငံရေးစနစ်သည်လည်း ဒီမိုကရေစီနှင့် ဆန့်ကျင်ဖီလာသည့် အခြေအနေမျိုးသာ ဖြစ်လာလိမ့်မည်" ဟု မှတ်ချက်ပြုခဲ့သည်။

"အိန္ဒိယတွင် တရားစီရင်ရေး လွတ်လပ်မှု ရှိနေသင့်သည်။ လုပ်ထုံးလုပ်နည်းအရ အခက် အခဲ အတားအဆီး မှန်သမျှကို မှားယွင်းချွတ်ချော်ပြီး မလုပ်အပ်ပါ။ ဖြားယောင်းသွေးဆောင်မှု၊ ခြိမ်းခြောက်မှုမှန်သမျှ မည်သည့် အပြုအမူကိုမဆို ရပ်ပစ်သင့်သည်။ ပြည်သူများ၏ ဘုရား သခင်အပေါ် သက်ဝင်ယုံကြည်မှုထက် မလျော့နည်းသည့်အရာမှာ တရားသူကြီးထံတွင် ကျမ်း ကျိန်ထွက်ဆိုသည့် အထွတ်အမြတ် ယုံကြည်မှုပင်ဖြစ်သည်။ ဤအချက်ကို ဖြစ်သည့်နည်းဖြင့် ထိန်းသိမ်းကာကွယ်ရမည်" ဟု အလေးအနက် ပြောကြားခဲ့သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခြေခံအုတ်မြစ်သည် လွတ်လပ်သည့် တရားစီရင်ရေးစနစ် ဖြစ်သည်။

လာ၁၉၇၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့က သူ၏ စီရင်ချက်သည် တရားစီရင်ရေးစနစ် တခုလုံး အတွက် ဂုဏ်ယူဖွယ်ရာဖြစ်စေခဲ့ပါသည်။ သူ၏ အနိုင်မခံ အရှုံးမပေးသော သတ္တိနှင့် တရားစီရင် ရေးဆိုင်ရာ လွတ်လပ်မှုအား တောင်းဆိုချက်များက ဆက်လက်ဖွံ့ဖြိုး တိုးတက်စေမှာဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံအုတ်မြစ်သည် လွတ်လပ်သည့် တရားစီရင်ရေးစနစ်ဖြစ်သည် ဟု သူအတည်ပြုခဲ့သည့်အတိုင်း မျက်မှောက်နှင့် အနာဂတ်မျိုးဆက်များ စဉ်ဆက်မပြတ် အမှတ် ရနေစေမှာဖြစ်သည်ဟူ၍ ဖော်ပြထားသော အိန္ဒိယနိုင်ငံ၏ တရားစီရင်ရေး လွတ်လပ်မှုကို လေ့ လာမိပါသည်။ ရည်ညွှန်းလိုပါသည်။

ရွေးကောက်ပွဲဆိုင်ရာ လျှောက်ထားချက်များနှင့်စပ်လျဉ်း၍ တိုက်ဆိုင်စွာပင် ကိုယ့်နိုင်ငံ၏ အခြေအနေအားလုံးကို သုံးသပ်ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ၌ လက်ရှိ ရွေးကောက်ပွဲကော် မရှင် ဥပဒေ ၁/၂၀၁၀ ပုဒ်မ ၉ တွင် အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ် ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ် ဖြစ်စေရမည် –

(က) ရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊

(ခ)ရွေးကောက်ပွဲ ခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ ဆောင်ရွက်ချက်များ ဟု ဖော်ပြချက်ကို တွေ့ရသည်။

ဤသည်မှာ ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးပါတီများဆိုင်ရာ အားလုံးကို စစ်အုပ်စု အုပ်ချုပ်ရေးမဏ္ဍိုင်အောက်ရှိ ရွေးကောက်ပွဲကော်မရှင်ကသာ စီရင်ဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်သည် တရားစီရင်ရေး မဏ္ဍိုင်၏ အမြင့်ဆုံး အာဏာပိုင်ဖြစ်သည့် တရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ်တို့၏ အထက်တွင် ရောက်ရှိနေပါသည်။ တရားစီရင်ရေး လွတ်လပ်မှု တစုံလုံး ပျောက်ဆုံးသွားပါတော့သည်။

တပြည်ထောင် ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် တဆက်တည်း ပြဋ္ဌာန်းလာသည့် ဥပဒေပြဋ္ဌာန်းချက်များတွင် တရားစီရင်ရေး မဏ္ဍိုင်ကြီးတခုလုံးကို မျက်ကွယ်ပြုထားသည်ကို သြချလိုက်ရအောင်ကိုပင် အအံ့သြကြီး အံ့သြမိပါကြောင်းသာ တင်ပြလိုပါတော့သည်။

**ကိုယ့်နိုင်ငံ၏ တရားစီရင်ရေး လွတ်လပ်မှုကို အရယူနိုင်ကြပါစေ။**

**(မစ္စစ် အင်ဒီရာ ဂန္ဒီ၏ အရေးပေါ်ကြေညာခဲ့သည့် ၃၅ နှစ်မြောက်နေ့ကို အမှတ်ရစေရန် ပြည်ထောင်စု ဝန်ကြီးဟောင်း စာရေးသူ ဆတ်ရာ–ပရာဒက် မလာဗိရာ ၏ The Pioneer (28 June 2010) တွင်ဖော်ပြသည့် Judgement that shook Indira ဆောင်းပါးကို ရည်ညွှန်းပါသည်။)**

# ပင်လုံ ပြီး ပင်လုံ (သို့မဟုတ်) ပြည်ထောင်စုသဘောတရားမှ လက်တွေ့သို့

# Pinglong after Pinglong
# 'The Union' from Idea to Action

(ခွန်ဗွာ)

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီး ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်မြောက်လာပြီးသည့်နောက်တွင် မြန်မာနိုင်ငံရေး အခင်းများ အတော်အတန် ပြောင်းလဲလာခဲ့သည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ ပြောင်းလဲလာသော အခင်းအကျင်းများအနက် ဒုတိယပင်လုံညီလာခံခေါ်၂၁ ရာစု ပင်လုံညီ လာခံတရပ်ကို ခေါ်ယူဖော်ဆောင်နိုင်ရန် ကြိုးပမ်းနေကြခြင်းသည်လည်းတခုအပါအဝင်ဖြစ်ရာ ပြည်တွင်းပြည်ပ စိတ်ဝင်စားမှုအများဆုံးရရှိနေသော ကိစ္စတရပ်ဖြစ်နေပေသည်။ ယင်းကြိုးပမ်းမှုကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် တိုင်းရင်းသားနိုင်ငံရေးခေါင်းဆောင်များက စတင်၍ ဦးဆောင်တင်သွင်းခဲ့ပြီးနောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်အရ တာဝန်ပေးအပ်ခဲ့ကြပေသည်။

ယင်းကဲ့သို့ ဒုတိယပင်လုံညီလာခံဟူ၍ ခေါ်ယူကျင်းပနိုင်ရန် ကြိုးပမ်းမှုကို လွတ်လပ်ရေးအကြိုခေတ် ၁၂၊ ၂၊ ၁၉၄၇ တွင် အောင်မြင်စွာ ခေါ်ယူကျင်းပနိုင်ခဲ့သော ကမ္ဘာကျော် ပထမပင်လုံညီလာခံနှင့် နှိုင်းယှဉ်လေ့လာချက်ကို ဥပဒေရှုဒေါင့်မှ မြန်မာနိုင်ငံရှေ့နေများကောင်စီက ဤဆောင်းပါးဖြင့် တင်ပြသွားရန် ရည်ရွယ်ပါသည်။

ရှေးဦးစွာ ပထမပင်လုံညီလာခံ၏ ခိုင်မာမှု၊ ကိုယ်စားပြုမှုအပြင် ညီလာခံ၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်၏ တရားဝင်ပြစ်မှုကို အောက်ပါအတိုင်း လေ့လာနိုင်ပါသည်။

## ၁။ ဥပဒေရှုဒေါင့်အရ ကိုယ်စားပြုမှုနှင့် တရားဝင်မှု

### (က) လုပ်ပိုင်ခွင့် (**Mandate**)

ပထမပင်လုံညီလာခံတွင် ပါဝင်လက်မှတ်ရေးထိုးကြသော အင်အားစု (Stakeholder) များမှာ ယေဘုယျအားဖြင့် နှစ်ဦးနှစ်ဘက်သာရှိသည်ဟု ဆိုနိုင်သည်။ ပထမတစ်ဘက်မှာ ဗြိတိသျှကိုလိုနီအစိုးရက သီးခြားဥပဒေများပြဋ္ဌာန်း၍ အုပ်ချုပ်ရေးချမှတ်ထားသော ချင်းတောင်တန်းဒေသ၊ ကချင်နယ်ခြားတောင်တန်းဒေသနှင့် ရှမ်းပြည်နယ်စု (Federated Shan States) တို့ပါဝင်သော တောင်တန်းဒေသအင်အားစုနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရခိုင်၊ ကရင်နှင့် မွန် ခေါင်းဆောင်များပါဝင်သော မြန်မာပြည်မ (Proper Burma) အစိုးရက တဖက်လက်မှတ်ရေးထိုး သဘောတူကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သဘောတူချက်တွင် ပါဝင်လက်မှတ်ရေးထိုးသော ကိုယ်စားလှယ်များတွင် လုပ်ပိုင်ခွင့် (Mandate) အပြည့်အဝရှိ ကြကြောင်းတွေ့ရရှိရပါသည်။

### (ခ) တရားဝင်မှု **(Legitimacy)**

ပထမပင်လုံညီလာခံအပြီး ရရှိသော ပင်လုံစာချုပ်ချုပ်ဆိုခြင်းသည် လူမျိုးရေး၊ အမျိုးသားရေးအရစာချုပ် ချုပ်ခြင်းမဟုတ်ဘဲ နယ်မြေများ၏ပေါင်းစည်းခြင်း (Territories Integrity) မှာ အဓိကဖြစ်သည်။ ပြည်ထောင်စု စတင်စုဖွဲ့သည့်မူနှင့်ပြောလျှင် သီးခြားတည်ရှိနေသော နယ်မြေများသည် မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအလျောက် လာရောက်ပူးပေါင်း၍ ပြည်ထောင်စုတည်ဆောက်ခြင်း (Principle Coming Together) ဟုဆိုနိုင်သည်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု စတင်ဖွဲ့စည်းစဉ်က မူလ (၁၃) ပြည်နယ် လာရောက်ပူးပေါင်းပါဝင်ခြင်းနှင့် ယခု ပြည်နယ် (၅၀) ထိ တိုးပွားလာခြင်းတို့မှာ (Comming Together) မူအရဖြစ်သည်။ ထို့ကြောင့် နယ်မြေကိုအခြေခံသော နယ်မြေကိုယ်စားပြု ပုဂ္ဂိုလ်များ၏ သဘောတူညီချက်ဖြစ်သောကြောင့် နိုင်ငံရေးအရ တရားဝင်မှု (Political Legitimacy) အပြည့်အဝရှိသည်ဟု ဆိုနိုင်သည်။ ကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်စေရန် ကူးပြောင်းရေးကာလတရပ် (Transition Period) အတွက် လိုအပ်သော အမျိုးသားလုံးဆိုင်ရာသဘောတူညီချက် (National Accord) တခုဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

## ၂။ ပင်လုံစာချုပ် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ခြင်း **(Implementation of the Pinglong Agreement)**

### (က) ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်း **(Drafting a Constitution)**

ပထမပင်လုံညီလာခံ၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်သည် ကိုယ်စားပြုမှုနှင့် တရားဝင်မှု အပြည့်အဝရှိသည်။ သို့သော်ငြားလည်း ယင်းစာချုပ်ပါ သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် ချို့ယွင်း အားနည်းချက်များရှိလာခဲ့သည်။ လွတ်လပ်ရေးအကြိုကာလ အချိန်တိုအတွင်း ရေးဆွဲပြဋ္ဌာန်း အတည်ပြုခဲ့ရသော ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ပင်လုံစာချုပ်ပါ သဘောတူညီချက်များကို ရောင်ပြန်ဟပ်ခြင်းမရှိရုံမက ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များ ပါဝင်လာခဲ့သည်ကို တွေ့ရှိရသည်။ ယင်းကဲ့သို့ ပင်လုံစာချုပ်ချုပ်ဆိုပြီးနောက် လွတ်လပ်ရေးအရယူနိုင်ရေးအတွက် ရည်မှန်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနေစဉ်ကာလအတွင်းမှာပင် မြန်မာပြည်ကိုယ်စားတာဝန်ခံ၍ လက်မှတ်ရေးထိုးခဲ့သော ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရ၍ ကျဆုံးသွားရခြင်းမှာလည်း ပင်လုံစာချုပ်ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်ရသည့် အကြောင်းရင်းခံတရပ်လည်းဖြစ်ပေသည်။

### (ခ) ပြည်ထောင်စုစနစ်သို့ ဦးတည်မှုမရှိခြင်း **(Not Approach to Union System)**

ပထမ ပင်လုံညီလာခံ၏ ရလဒ်ဖြစ်သော ပင်လုံစာချုပ်သည် မြန်မာနိုင်ငံအား ပြည်ထောင်စုစနစ် (Union System) ဖြင့် ဖွဲ့စည်းတည်ထောင်ရန် အခြေခံအုပ်မြစ်အဖြစ် ရည်မှန်းခဲ့ကြသော်လည်း ခေတ်အဆက်ဆက်သော အုပ်ချုပ်သူခေါင်းဆောင်များ၊ အစိုးရများသည် ပြည်ထောင်စုအမည်ခံ၍ အနှစ်သာရအားဖြင့် တပြည်ထောင်စနစ် (Unitary System) ကို လက်တွေ့ကျင့်သုံးခဲ့ကြကြောင်း အောက်ဖော်ပြပါ သမိုင်းအထောက်အထားအရ သိသာထင်ရှားပါသည်။

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုပြီးနောက် လွတ်လပ်ရေးရသည့်နေ့ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှ စတင်၍ အာဏာသက်ရောက်ခဲ့သော ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

*အခန်း(၁) နိုင်ငံဖွဲ့စည်းပုံ*
*ပုဒ်မ (၁) မြန်မာနိုင်ငံသည် အချုပ်အချာအာဏာပိုင် သမတနိုင်ငံဖြစ်သည်။ ထိုနိုင်ငံကို "ပြည်ထောင်စုမြန်မာနိုင်ငံ" ဟုခေါ်ရမည်။*

ယင်းပုဒ်မ (၁) တွင် ပြည်ထောင်စုမြန်မာနိုင်ငံဟု ဖော်ပြထားခြင်းမှလွဲ၍ နောင် မည်သည့်အခန်းတွင်မှ ပြည်ထောင်စုစနစ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ပြဋ္ဌာန်းချက်များပါဝင်မှု လုံးဝမရှိတော့သည်ကို တွေ့ရှိရသည်။

၁၉၇၄ ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်သော ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် –

*အခန်း (၁) နိုင်ငံတော်*
*ပုဒ်မ (၁) မြန်မာနိုင်ငံတော်သည် လုပ်သားပြည်သူတို့၏ အချုပ်အချာအာဏာပိုင် လွတ်လပ်သော ဆိုရှယ်လစ်နိုင်ငံတော်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဟုခေါ်တွင်စေရမည်။*

ယင်းပုဒ်မ (၁) တွင် ပြည်ထောင်စုဟူသော ဖော်ပြချက်မှလွဲ၍ ပြည်ထောင်စုစနစ်ကို ဖော်ပြသည့် ပြဋ္ဌာန်းချက်များ မတွေ့ရှိရရုံမျှမက ပြည်ထောင်စုစနစ်၏ ဆန့်ကျင်ဘက်ဖြစ်သော တပါတီနိုင်ငံရေးစနစ်ကို ပုဒ်မ (၁၁) တွင် ပြဋ္ဌာန်းထားခြင်းဖြင့်လည်းကောင်း၊ လွှတ်တော်တရပ်စနစ်ကို ပုဒ်မ (၃၂) တွင် ပြဋ္ဌာန်းထားခြင်းဖြင့်လည်းကောင်း တပြည်ထောင်စနစ်သို့သာမက တပါတီစနစ်သို့ ဦးတည်ထားသည်ကို တွေ့ရှိရပေသည်။

၂၀၀၈ ခုနှစ်၊ မေလ (၂၉) ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းသည်ဟုကြေညာပြီး ပြည်ထောင်စုလွှတ်တော် ခေါ်ယူမည့် ပထမရက်တွင် အာဏာသက်ရောက်စေမည့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်ပါအတိုင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။

*အခန်း (၁) နိုင်ငံတော် အခြေခံမူများ*
*နိုင်ငံတော်*
*ပုဒ်မ (၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည်။*
*ပုဒ်မ (၈) နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်။*

ယခုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုဟူ၍ နိုင်ငံအမည်တွင် ထည့်သွင်းထားရုံမျှမက သီးခြားပုဒ်မတခုဖြင့် ပြည်ထောင်စုစနစ် (Union System) ကို ကျင့်သုံးသည်ဟု ပြဋ္ဌာန်းချက်ပါရှိခြင်းမှာ ယခင် ၁၉၄၇ နှင့် ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့် ကွာခြားမှုပင်ဖြစ်သည်။

သို့သော် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရအပိုင်း (Substance) ကိုပြန်ကြည့်လျှင် အခြေခံမူများ၌ တပ်မတော်က နိုင်ငံရေးဦးဆောင်မှုအပိုင်းတွင် တာဝန်ယူခြင်း၊ လွှတ်တော်အသီးသီး၌ ရွေးကောက်ပွဲဝင်ရန်မလိုဘဲ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် နေရာ ၂၅ ရာခိုင်နှုန်းရရှိစေခြင်းနှင့် ၂၀၁၀ ရွေးကောက်ပွဲတွင် တပ်မတော်က ကျောထောက်နောက်ခံပြုပေးထားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) က ရွေးကောက်ပွဲတွင် အနိုင်ရရှိစေရန်စီမံထားခြင်း စသောအချက်များကြောင့် ပြည်ထောင်စုစနစ်တွင် ဆန့်ကျင်ကွဲလွဲနေသည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်သည်။

ထို့ကြောင့် ပထမ ပင်လုံညီလာခံ၏ ရလဒ် ပင်လုံစာချုပ်ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက် ရုံမျှမက ဆန့်ကျင်ဘက်သို့ ဦးတည်၍ ပြည်ထောင်စုစနစ်မဟုတ်သော၊ ပြည်ထောင်စုစနစ်နှင့် ဆန့်ကျင်သော၊ တပြည်ထောင်စနစ်၊ တပါတီစနစ်နှင့် အာဏာရှင်စနစ်တို့ကိုသာလျှင် ဦးတည်အကောင်အထည်ဖော်နေကြောင်း သုံးသပ်ဖော်ပြလိုက်ရပေသည်။

ယခုကဲ့သို့ ပထမပင်လုံညီလာခံ၊ ပင်လုံစာချုပ်နှင့်တကွ လွတ်လပ်ရေးအကြိုကာလတွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်း၏နောက်ဆက်တွဲများ (၂၀၀၈ ဖွဲ့စည်းပုံနှင့် ၂၀၁၀ ရွေးကောက်ပွဲအထိ) ကို သုံးသပ်တင်ပြပြီးနောက် ယခုဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပြီး အကောင်အထည်ဖော်ရန် ကြိုးပမ်းနေသော ဒုတိယပင်လုံညီလာခံ (ဝါ) ၂၁ ရာစုပင်လုံညီလာခံနှင့် ပတ်သက်၍ အလားအလာ မည်သို့ရှိသည်ကို ဥပဒေရှုဒေါင့်အမြင်ဖြင့် ဆက်လက် တင်ပြသွားမည်ဖြစ်ပါသည်။

## ၁။ ကိုယ်စားပြုမှုနှင့် တရားဝင်မှု

### (က) ကိုယ်စားပြုမှု (Mandate)

ယခုကျင်းပရန်ကြိုးပမ်းနေသော ဒုတိယပင်လုံညီလာခံသို့ ပါဝင်တက်ရောက်ကြမည့် လူပုဂ္ဂိုလ်များ၊ အစုအဖွဲ့များနှင့် အင်အားစုများ၏ ကိုယ်စားပြုမှုအနေအထားသည် ပထမအကြိမ်ပင်လုံညီလာခံကိုယ်စားလှယ်များလောက် ကိုယ်စားပြုမှု ခိုင်မာမည်မဟုတ်ဘဲ ကိုယ်စားပြုမှုအခိုင်အမာနှင့် တက်ရောက်နိုင်ရန် အခက်အခဲရှိကြလိမ့်မည်ဟု ခန့်မှန်းရသည်။ အချို့က လူကိုယ်တိုင်ပါဝင်တက်ရောက် ခြင်းမဟုတ်ဘဲ ခေတ်မီဆက်သွယ်ရေးနည်းပညာများဖြင့် ပါဝင်ဆွေးနွေးကြမည်ဟုလည်း ကြားသိနေရသဖြင့် ကိုယ်စားပြုမှုအနေအထား ပိုမို၍ အားပျော့သွားနိုင်သည်ဟု သုံးသပ်ရမည်ဖြစ်သည်။ အထူးသဖြင့် နယ်မြေ territory ကိုသော်လည်းကောင်း၊ ယင်းနယ်မြေအ တွင်းရှိ ပြည်သူလူထုကိုသော်လည်းကောင်း ကိုယ်စားပြု၍ တက်ရောက်နိုင်မည့် ကိုယ်စားလှယ် မည်မျှရှိနိုင်သည်ကို မှန်းဆရန် မလွယ်ကူပါ။

## (ခ) တရားဝင်ဖြစ်မှု **(Legitimacy)**

ယင်းကဲ့သို့ ကိုယ်စားပြုမှု ပီပီပြင်ပြင်မရှိသော ကိုယ်စားလှယ်အများစု ပါဝင်တက်ရောက်သည့် ညီလာခံတရပ်၏ တရားဝင်ဖြစ်မှုကို လည်း သတိကြီးစွာထား၍ သုံးသပ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပထမပင်လုံညီလာခံ၏ ခိုင်မာသော ကိုယ်စားပြုမှုကြောင့် တရားဝင်မှုရှိသော ညီလာခံဖြစ်ခဲ့ပြီးနောက် ရလာဒ်အဖြစ် ပင်လုံသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒုတိယပင်လုံညီလာခံ၏ တရားဝင်မှုအဆင့်အတန်းကို မှီတည်၍ ရလာဒ်၏ ခိုင်မာမှုကိုလည်း ထည့်သွင်းစဉ်းစားရ မည်ဖြစ်သည်။

ဒုတိယပင်လုံညီလာခံသည် စိတ်တူကိုယ်တူ (Like-minded) ခေါင်းဆောင်များ စုပေါင်းဆွေးနွေးခြင်းမျှသာဆိုလျှင် သဘောထားစုစည်းမှု (Opinion Pool) အဆင့်ခန့်သာ ရရှိနိုင်မည်ဖြစ်သည်။ အကယ်၍ နိုင်ငံရေးရည်မှန်းချက်တရပ် သို့မဟုတ် ရည်မှန်းချက် ပန်းတိုင်တရပ်ထားရှိ၍ ယင်းပန်းတိုင်သို့ရောက်ရှိရေး အဆိုပြုဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အပြီးသပ်သဘောတူချက်တရပ်ရပ်ကို အခိုင်အမာရှိနိုင်သည်ဟုဆိုလျှင် ညီလာခံ၏ တရားဝင်မှု ပိုမိုခိုင်မာလိမ့်မည်ဖြစ်သည်။

သို့သော် ယခုအချိန်အထိ ဒုတိယပင်လုံညီလာခံ၏ အဆုံးသတ်ရည်မှန်းချက် (Ultimate goal) ဘာလဲဆိုသည်ကို ရှင်းလင်းစွာ မသိရသေးခြင်းပင်ဖြစ်သည်။ သို့သော် ဒုတိယပင်လုံညီလာခံ၏ ရည်မှန်းချက်သည် ယှဉ်ပြိုင်ပါလီမန်ခေါ်ယူရေး၊ ယှဉ်ပြိုင်အာဏာထူ ထောင်ရေးတို့ မဟုတ်ကြောင်းကိုမူ ဒေါ်အောင်ဆန်းစုကြည် ၏ ရှင်းလင်းပြောကြားချက်များအရ သိရှိနိုင်ပြီးဖြစ်ပါသည်။

တချိန်တည်းမှာ ဒုတိယပင်လုံညီလာခံတွင် တပ်မတော်အင်အားစု ပါဝင်နိုင်မှုကို ပိတ်ပင်ထားခြင်းမရှိကြောင်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း၏ ပြောကြားချက်အရ သိရှိရပြီးဖြစ်သည်။ ထို့ကြောင့် ဒုတိယပင်လုံညီလာခံ ခေါ်ယူရခြင်း၏ ရည်ရွယ်ချက်သည် ၁၉၉၄ ခုနှစ်ကတည်းက ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချမှတ်ပေးထားသော တပ်မတော်အင်အားစု၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားအင်အားစုများပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲ (သုံးပွင့်ဆိုင်တွေ့ ဆုံဆွေးနွေးပွဲ) အတွက် လမ်းစရှာရန် ရည်မှန်းထားသလားဟူ၍လည်း စဉ်းစားစရာဖြစ်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဟူ၍ ရည်မှန်းချက်ထားသည်ဆိုလျှင် ယေဘုယျကျလွန်းပြီး ညီလာခံ၏ အပြီးသတ် သဘောတူညီချက် ရရှိနိုင်ရေးအတွက် အခက်အခဲတွေ့နိုင်ပေသည်။

အခြေခံအားဖြင့် ကိုယ်စားပြုမှု မည်သို့ပင်ရှိစေကာမူ ဒီမိုကရေစီအင်အားစုမှ ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားအင်အားစုမှ ကိုယ်စားလှယ်များ အခြေအနေပေးလျှင် အင်တိုက်အားတိုက် ပါဝင်တက်ရောက်ကြလိမ့်မည်ဟု မျှော်လင့်ရပေသည်။ ထိုကဲ့သို့ တိုင်းရင်းသားအင်အားစုမှ ကိုယ်စားလှယ်များ ပါဝင်လာမှုကြောင့် စစ်မှန်သော ပြည်ထောင်စုတည်ဆောက်

ရေးဟူသော နိုင်ငံရေးရည်မှန်းချက်ကို ညီလာခံ၌ တင်သွင်းလာနိုင်သည့် အခြေအနေရှိပေသည်။ ယင်းတင်သွင်းချက်ကို ညီလာခံ၏ ရည်မှန်းချက်အဖြစ် သတ်မှတ်ခဲ့ပါက ညီလာခံရလဒ်သည် စစ်မှန်သည့် ပြည်ထောင်စုတည်ဆောက်ရေး သဘောတူချက်ဖြစ်လာနိုင်သည်။ ယင်းသို့ဖြစ်လာလျှင် ပထမပင်လုံညီလာခံ၏ သဘောတူချက်များနှင့် နောက်ဆက်တွဲ အံဝင်ဂွင်ကျဖြစ်မှု (Inline) ရှိသည်ဟု ဆိုနိုင်ပေလိမ့်မည်။

ထို့ကြောင့် ဒုတိယပင်လုံညီလာခံ၏ တရားဝင်ဖြစ်မှုနှင့် ညီလာခံရလဒ်ကို အသိအမှတ်ပြုမှုဆိုသည့် ကိစ္စနှစ်ရပ်တွင် ဖြေရန်ခက်ခဲသော မေးခွန်းနှစ်ရပ်မှာ တပ်မတော်အင်အားစုမှ ကိုယ်စားလှယ်များ တက်ရောက်မှု ရှိ/မရှိ နှင့် ညီလာခံရလာဒ်ကို အသိအမှတ်ပြုမှု ရှိ/မရှိ တို့ဖြစ်သည်။

## ၂။ သုံးသပ်ချက်နှင့် အဆိုပြုချက်

### (က) သုံးသပ်ချက်

ဒုတိယပင်လုံညီလာခံခေါ်ယူရခြင်းမှာ ပင်လုံစိတ်ဓာတ်များ မေးမိန်ပျောက်ကွယ်နေသောကြောင့် ၎င်းပင်လုံစိတ်ဓာတ် ပြန်လည်ထွန်းကားလာစေရန် ရည်ရွယ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်ကို သတိပြုမိပါသည်။ ထို့ကြောင့် ပြည်ထောင် စုတည်ဆောက်ရေးကို ဦးတည်၍ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ပင်လုံစာချုပ်၏ ရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် ရည်ရွယ်၍ ဒုတိယပင်လုံညီလာခံညီလာခံ ခေါ်ဆိုရခြင်းဖြစ်သည်ဟုလည်း ကောက်ချက်ချလျှင် မှားမည်မထင်ပါ။

သို့သော် ကွာခြားမှုတခုမှာ ပင်လုံစာချုပ် ချုပ်ဆိုစဉ်က နယ်မြေများ လာရောက်ပူးပေါင်းမှု (Principle of coming together) မူဖြစ်ခဲ့သော်လည်း ယခုအနေအထားမှာ ယင်းမူနှင့် မကိုက်ညီတော့ပါ။ စစ်မှန်သောပြည်ထောင်စုတည်ဆောက်နိုင်မှု မရှိခဲ့သော်လည်း အမျိုးသားတန်းတူညီမျှမှု မရရှိသော်လည်း မြန်မာပြည်သည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတနိုင်ငံဖြစ်လာခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတခုလည်းဖြစ်လာခဲ့ပြီးဖြစ်သည်။ လက်တွေ့ဘဝတွင်လည်း ကြေနပ်မှုရှိသည် မရှိသည်ကို အပထား၍ ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နှစ်ပေါင်း ၆၀ ကျော်ကြာ အတူတကွနေထိုင်ခဲ့ကြပြီးလည်းဖြစ်သည်။ ထို့ကြောင့် စစ်မှန်သည့် ပြည်ထောင်စုကို ပြန်လည်၍ အကောင်အထည်ဖော် တည်ဆောက်ကြမည်ဆိုလျှင် တန်းတူမှုအောက်တွင် အတူတကွနေထိုင်နိုင်ရေး (Principle of holding together) မူအရ လုပ်ဆောင်ရမည်ဖြစ်သည်။ ဤမူအရ စစ်မှန်သောပြည်ထောင်စုကို တည်ဆောက်ကြမည်ဆိုလျှင် အချုပ်အခြာအာဏာ (Sovereignty Power) ကို ပြည်ထောင်စုနိုင်ငံအဆင့်က ကျင့်သုံး၍ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အပ်နှင်းသော တနည်းဆိုရသော် ခွဲထွက်ပိုင်ခွင့်မပါသော အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေး (The rights of National Self determination) ကို ကျင့်သုံးစေရမည်ဖြစ်သည်။

ယင်းကဲ့သို့ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးကို အာမခံနိုင်သည့် ပြည်ထောင်စုသာလျှင် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဖော်ဆောင်အောင်မြင်နိုင်မည်ဖြစ်ပေသည်။

## (ခ) အကြံပြုချက်

ဒုတိယပင်လုံညီလာခံသည် အယူအဆများ စုစည်းခြင်းအဆင့်ထက် သာလွန်ရန်လိုအပ်ပေသည်။ ကိုယ်စားပြုမှု အားကောင်းသော ကိုယ်စားလှယ်အများစုပါဝင်တက်ရောက်နိုင်ရေးကို ကြိုးပမ်းသင့်သည်။ ပထမပင်လုံညီလာခံနှင့် လိုက်လျောညီထွေရှိစေရန် စစ်မှန်သော ပြည်ထောင်စု တည်ဆောက်ရေးကို ညီလာခံရည်မှန်းချက်အဖြစ် သတ်မှတ်ပြဌာန်းသင့်သည်။

တရားမျှတသော ကောင်းမွန်သော အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီကို ဖော်ဆောင်အောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ စစ်မှန်သော ဒီမိုကရေစီစနစ်ဖြင့်သာ စစ်မှန်သော ပြည်ထောင်စုကို ဖော်ဆောင်အောင်မြင်နိုင်မည်ဖြစ်သည်။

## စာစောင်မှာယူခြင်း

သို့
တာဝန်ခံ
ရုံးအဖွဲ့
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
လက်မှတ် ________________
အမည် ________________
ရက်စွဲ ________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)
____________________________

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊
____________________________

မှာယူလိုသည့်စာအုပ်အရေအတွက် ( ___ )အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် ( ___ )၊ အုပ်ရေ ( ___ ) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ
___________________
_________________________

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။

# Burma Lawyers' Council

**EVERYONE IS EQUAL BEFORE THE LAW.**

Wisdom is power to transform the society into
a just, free, peaceful and developed one.

## Mission Statement

"By vigorously opposing all unjust and oppressive laws, and by helping restore the principle of the Rule of Law, the Burma Lawyers Council aims to contribute to the transformation of Burma where all the citizens enjoy the equal protection of law under the democratic federal constitution which will guarantee fundamentals of human rights."

## The Status of Organization

The Burma Lawyers' Council is an independent organization which was formed in a liberated area of Burma in 1994. It is neither aligned nor is it under the authority of any political organization. Individual lawyers and legal academics have joined together of their own free will to form this organization.

## Objectives of the BLC

- Promote and assist in the educating, implementing, restoring and improving basic human rights, democratic rights, and the rule of law in Burma;
- Assist in drafting and implementing a constitution for Burma, and in associated matters of legal education; and
- Participate and cooperate in the emergence of a Civil Society in Burma.

Burma Lawyers' Council
P.O Box 144 Mae Sod, Tak, 63110 Thailand
Email: blcsan@ksc.th.com, Website: www.blc-burma.org